# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


**ကုသိုလ်ကောင်းမှု လျှင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှန့်နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင်ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)


၁၃၇၉ ခုနှစ်၊ နတ်တော်လဆန်း ၁၄ ရက် | ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာ ၂ ရက်၊ စနေနေ့ | အတွဲ (၅၇)၊ အမှတ် (၀၆၃)


# နှစ်နိုင်ငံအကြား အကောင်အထည်ဖော်မည့် စီမံကိန်းကြီးများနှင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား တရုတ်နိုင်ငံမှ ဆက်လက် အကူအညီပေးမည့် ကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး



**ပေကျင်း ဒီဇင်ဘာ ၁**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ အလုပ်သဘော ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးသို့ရောက်ရှိပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ စစ်သံမှူး ဗိုလ်မှူးချုပ် တင့်ဆန်း၊ မြန်မာသံရုံးနှင့် စစ်သံရုံးဝန်ထမ်းများ၊ မိသားစုဝင်များနှင့် တွေ့ဆုံသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❄

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်တို့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ နှစ်နိုင်ငံထိပ်သီးအစည်းအဝေး ကျင်းပစဉ်။

သတင်းစဉ်

## ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဟံသာဝတီလေဆိပ် တည်ဆောက်မည့် မြေနေရာနှင့်အာရှ-ပစိဖိတ် ရေညီလာခံကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ထားမှု ကြည့်ရှုစစ်ဆေး



စာ ➤ ၅

## မုန်တိုင်းငယ်အဖြစ် ရောက်ရှိနိုင်

**နေပြည်တော် ဒီဇင်ဘာ ၁**

ယနေ့ မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေပြီး နောက် ၄၈ နာရီအတွင်း ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ် (Depression) အဖြစ်သို့ ရောက်ရှိလာနိုင်သည်ဟု ခန့်မှန်းရသည်။

**မြန်မာ့အလင်း**

## အစိုးရအဖွဲ့သစ်တစ်ရပ် ဖွဲ့စည်းကြောင်း ဇင်ဘာဘွေ သမ္မတသစ် ကြေညာ

စာ ➤ ၁၄




မြန်မာ့အလင်း

# ငြိမ်းချမ်းခြင်းနှင့် ချစ်ခြင်းမေတ္တာ

မြန်မာနိုင်ငံ၌ ရိုမန်ကက်သလစ်ဘာသာ ကိုးကွယ်သူ ပြည်သူအရေအတွက်သည် ခုနစ်သိန်းဝန်းကျင်သာရှိပါသည်။ မြန်မာနိုင်ငံ၏ လူဦးရေ သန်း ၅၀ ကျော်နှင့် နှိုင်းယှဉ်ပါက ရိုမန်ကက်သလစ်ဘာသာကိုးကွယ်သူ နိုင်ငံသူနိုင်ငံသား အရေအတွက်သည် အနည်းငယ်မျှသာရှိသည်ဟု ပြောရမည်ဖြစ်ပါသည်။ သို့သော် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် သူ၏ခရီးစဉ်၌ မြန်မာနိုင်ငံကို ထည့်သွင်းရန် ဆုံးဖြတ်ခဲ့ပါသည်။ သံတမန်ဆက်ဆံရေး သက်တမ်းရှုထောင့်မှ ကြည့်ပါက မြန်မာနိုင်ငံနှင့် ဗာတီကန်မြို့တော်နိုင်ငံတို့ကြား သံတမန်ဆက်ဆံရေးသည် ခြောက်လဝန်းကျင်သာ ရှိပါသေးသည်။ ပုပ်ရဟန်းမင်းကြီး ဖရန်စစ်က သူ၏ခရီးစဉ်၌ မြန်မာနိုင်ငံကို အဘယ်ကြောင့် ထည့်သွင်းခဲ့ပါသနည်း။ ဤသို့ ထည့်သွင်းခဲ့ရခြင်း၏ အကြောင်းရင်းကို ပုပ်ရဟန်းမင်းကြီး ဖရန်စစ်၏ ဤခရီးစဉ်အမည်၌ တွေ့ရှိနိုင်ပါသည်။ ပုပ်ရဟန်းမင်းကြီး ဖရန်စစ်၏ ခရီးစဉ်အမည်မှာ " ငြိမ်းချမ်းခြင်းနှင့် ချစ်ခြင်းမေတ္တာ " ဖြစ်ပါသည်။

ပုပ်ရဟန်းမင်းကြီးဖရန်စစ်က သူ၏ခရီးစဉ်အတွင်း ပြောကြားခဲ့သော မိန့်ခွန်းတစ်ရပ်၌ " ကျွန်ုပ်၏ခရီးစဉ်သည် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် မှီတင်းနေထိုင်ကြသူများအားလုံးကို ရင်းနှီးစွာ တွေ့ဆုံရန် ဖြစ်ပါသည်။ တရားမျှတသော၊ ပြန်လည်ကျေအေးသင့်မြတ်သော၊ အလုံးစုံပါဝင်သော လူ့အဖွဲ့အစည်းကို ဖော်ဆောင်ရန် ကြိုးစားလုပ်ဆောင်နေကြသော သူများကိုလည်း အားပေးစကား ပြောကြားလိုပါသည် " ဟု ပြောကြားခဲ့ခြင်းက " ငြိမ်းချမ်းခြင်းနှင့် ချစ်ခြင်းမေတ္တာ " ဟူသော ပုပ်ရဟန်းမင်းကြီးဖရန်စစ်၏ ဤခရီးစဉ်အမည်ကို လေးနက်တောက်ပစေပါသည်။ ပုပ်ရဟန်းမင်းကြီးက " မြန်မာနိုင်ငံ၏ အနာဂတ်သည် ငြိမ်းချမ်းရေးဖြစ်ရမည်။ ထိုငြိမ်းချမ်းရေးသည် လူသားတိုင်း၏ လူ့ဂုဏ်သိက္ခာနှင့် အခွင့်အရေးကို လေးစားမှု၊ တိုင်းရင်းသားလူမျိုးစုတိုင်းနှင့် ၎င်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာကို လေးစားမှု၊ တရားဥပဒေကို လေးစားလိုက်နာမှု၊ မည်သူ့ကိုမှ ချန်လှပ်ထားခြင်းမရှိဘဲ အများအကျိုးအတွက် ပံ့ပိုးမှုပေးနိုင်ရန် လူတစ်ဦးတိုင်းနှင့် အဖွဲ့တိုင်းကို မြှင့်တင်ပေးသည့် ဒီမိုကရေစီစနစ်ကို လေးစားမှု စသည်တို့အပေါ်အခြေခံသည် " ဟု ပြောကြားခဲ့သည်ကို ထောက်ရှုခြင်းအားဖြင့် ပုပ်ရဟန်းမင်းကြီးဖရန်စစ်၏ ဤမြန်မာနိုင်ငံခရီးစဉ်ရည်ရွယ်ချက်သည် " ငြိမ်းချမ်းခြင်းနှင့် ချစ်ခြင်းမေတ္တာ " ဖြစ်ကြောင်း ပေါ်လွင်ထင်ရှားပါသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က "ပုပ်ရဟန်းမင်းကြီး သယ်ဆောင်လာတဲ့ ကရုဏာတရားနဲ့ အားပေးမှုလက်ဆောင်များကို မိမိတို့ အလေးအနက် တန်ဖိုးထားပါတယ်" ဟု ပြောကြားခဲ့ခြင်းက ပုပ်ရဟန်းမင်းကြီးဖရန်စစ်၏ ခရီးစဉ်အပေါ် ထားရှိသော တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံး၏ နှလုံးသားခံစားချက်ကို ထင်ဟပ်နေပါသည်။ လူငယ်များနှင့် ပတ်သက်၍ ပုပ်ရဟန်းမင်းကြီးက "လူငယ်တွေကို လေ့ကျင့်ပေးရမှာ နည်းပညာ၊ အတတ်ပညာများသာမက ဖြောင့်မတ်ခြင်းနှင့် သိက္ခာရှိခြင်းအပြင် လူသားချင်းစာနာမှုတန်ဖိုးကို သင်ကြားပေးဖို့ လိုအပ်ပါတယ်။ ဒီတန်ဖိုးတွေက ဒီမိုကရေစီစနစ်ကို ခိုင်မာစေပြီး လူ့အဖွဲ့အစည်းအဆင့်ဆင့်ကြားမှာ ညီညွတ်မှုနှင့် ငြိမ်းချမ်းမှုတမှုကို ရှင်သန်တိုးပွားစေမှာပါ" ဟု အလေးအနက်ထား မိန့်ကြားခဲ့ခြင်းသည် "ငြိမ်းချမ်းခြင်းနှင့်ချစ်ခြင်းမေတ္တာ" ဟူသော ခရီးစဉ်၏ နက်ရှိုင်းသော နှလုံးသားကို ဖော်ပြနေပါကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။

## ပလက်ဝ စစ်ဘေးရှောင် ပြည်သူများအတွက် အကူအညီပေးနိုင်ရေး အလှူငွေများ ကောက်ခံ

**ဖလမ်း ဒီဇင်ဘာ ၁**

ဒေသအတွင်း တိုက်ပွဲဖြစ်ပွားမှုကြောင့် ချင်းပြည်နယ် ပလက်ဝမြို့ စစ်ဘေးရှောင်ပြည်သူများအား လူသားချင်းစာနာမှု အကူအညီထောက်ပံ့ ပေးအပ်နိုင်ရေးအတွက် ဖလမ်းမြို့အခြေစိုက် ချင်းလူမှုကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးဖောင်ဒေးရှင်း(CRCDF)အဖွဲ့က ဦးဆောင်၍ နိုဝင်ဘာ ၂၅ ရက်မှ စတင်ကာ အလှူငွေများ ကောက်ခံလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ CRCDF အဖွဲ့ကို ၂၀၁၅ ခုနှစ် Koman မုန်တိုင်းသင့်ပြည်သူတွေကို ကူညီကယ်ဆယ်နိုင်ရေးအတွက် စတင်ဖွဲ့စည်းတာ ဖြစ်ပါတယ်၊ ပလက်ဝမြို့ စစ်ဘေးရှောင် ပြည်သူတွေ ဒုက္ခသည်စခန်းမှာ ရောက်နေကြပါတယ်၊ အခု ကျွန်တော်တို့ ဖလမ်းမြို့မှာ အလှူငွေကောက်ခံနေပါတယ်၊ ကောက်ခံရရှိတဲ့ အလှူငွေတွေကို ဒီဇင်ဘာလဒုတိယပတ်လောက်မှာ ပလက်ဝကယ်ဆယ်ရေးကော်မတီကို လွှဲပြောင်းပေးအပ်သွားမှာဖြစ်ပါတယ်"ဟု ချင်းလူမှုကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေးနှင့် ဖွံ့ဖြိုးရေးဖောင်ဒေးရှင်းအတွင်းရေးမှူး ဆလိုင်းငယ်ပီးသျှန်းအုပ်ထန် (ငယ်ပီး)က ပြောသည်။

**ခရိုင် (ပြန်/ဆက်)**







## ဥပဒေဘာသာပြန်ကော်မရှင် လုပ်ငန်းညှိနှိုင်း

**နေပြည်တော် ဒီဇင်ဘာ ၁**

ဥပဒေဘာသာပြန်ကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် ပြည်ထောင်စုရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၂၉ ရက်က ကျင်းပသည့် ဥပဒေဘာသာပြန်ကော်မရှင်၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

ပြည်ထောင်စု ရှေ့နေချုပ်က ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၈ ရက်၊ ၉ ရက်နှင့် ၁၀ ရက်နေ့များတွင် ကျင်းပခဲ့သည့် ဥပဒေဘာသာပြန်လုပ်ငန်း ကော်မတီအစည်းအဝေး၌ လုပ်ငန်းအဖွဲ့ငယ်များက တင်ပြသည့် ဥပဒေလေးခု၏ မြန်မာဘာသာပြန်ဆိုချက်များကို ဆွေးနွေးအတည်ပြုနိုင်ခဲ့ပါကြောင်း၊ လုပ်ငန်းအဖွဲ့ငယ်များက တင်ပြသည့် အခြားဥပဒေသုံးခု၏ မြန်မာဘာသာပြန်ဆိုချက်များကို လုပ်ငန်းကော်မတီဝင်များက ရန်ကုန်မြို့ရှိ ဥပဒေဘာသာပြန်ကော်မရှင်ရုံးခွဲတွင် ဆက်လက်ဆွေးနွေး၍ အချောသပ် မြန်မာဘာသာပြန်ဆိုနိုင်ခဲ့ပါကြောင်း၊ ဖော်ပြပါ လုပ်ငန်းကော်မတီက အတည်ပြုပြီးဖြစ်သည့် ဥပဒေမြန်မာဘာသာပြန် ခုနစ်ခုနှင့် လုပ်ငန်းအဖွဲ့ငယ်များကထပ်မံတင်ပြသည့် ဥပဒေနှစ်ခု၏ မြန်မာဘာသာပြန်ဆိုချက်တို့ကို ကော်မရှင်အစည်းအဝေးတွင် ဆွေးနွေးအတည်ပြုပေးရန်ဖြစ်ပါကြောင်း၊ ကော်မရှင်အဖွဲ့ဝင်များအနေဖြင့် ဘာသာပြန်ဆိုခြင်းများ မှန်ကန်စေရန် အသေးစိတ်ညှိနှိုင်း ဆွေးနွေးဆောင်ရွက်ပေးသည့်အတွက် အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ဥပဒေ ဘာသာပြန်ကော်မရှင် အစည်းအဝေးကို နိုဝင်ဘာ ၃၀ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။ အဆိုပါ အစည်းအဝေးသို့ ဒုတိယ ရှေ့နေချုပ်၊ ဥပဒေဘာသာပြန် ကော်မရှင်အဖွဲ့ဝင်များနှင့်လုပ်ငန်းအဖွဲ့ငယ်များမှ အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ဗိုလ်ချုပ်လှမြင့်ဆွေ(ငြိမ်း) အား ရည်စူး၍ ဇနီး ဒေါ်စန်းစန်းမြင့်နှင့် မိသားစုများက ဒီဇင်ဘာ ၁ ရက်တွင် ရန်ကုန်မြို့ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်ရှိ သီတဂူ ဗုဒ္ဓတက္ကသိုလ်၌ ငွေကျပ်သိန်း ၅၀၀ ပေးအပ်လှူဒါန်းစဉ်။ သတင်းစဉ်

## လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

**နေပြည်တော် ဒီဇင်ဘာ ၁**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ် ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။

**မိုး/ဇလ**

## ချင်းမိုင် ကလေးစာအုပ်ပွဲတော်အတွက် ပါဝင်ပြသလိုသော စာအုပ်စာရင်း ပေးပို့နိုင်

**နေပြည်တော် ဒီဇင်ဘာ ၁**

အာဆီယံအဖွဲ့ဝင်နိုင်ငံများက ထုတ်ဝေသော ကလေးနှင့် လူငယ်စာပေများကို ချင်းမိုင်မြို့ရှိ ချင်းမိုင်နိုင်ငံတကာ ကွန်ဗင်းရှင်းစင်တာတွင် ဒီဇင်ဘာ ၆ ရက်မှ ၁၀ ရက်ထိ လေးရက်တာပြပွဲအဖြစ် ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုင်းနိုင်ငံ စာရေးဆရာအသင်း၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ စာရေးဆရာအသင်းမှ ဦးချစ်နိုင် (ချစ်နိုင်-စိတ်ပညာ)နှင့် ဦးစိုးမြင့်(စိုးမျိုး) တို့သည် စာအုပ်ထုတ်ဝေသူများ အသင်းဝင်များနှင့် ပုဂ္ဂလိက၊ အသင်းအဖွဲ့၊ အစိုးရဌာနများမှ ထုတ်ဝေသော မြန်မာ၊ အင်္ဂလိပ် ကလေးစာပေစာအုပ်များကို ရှာဖွေစုဆောင်းကာ မြန်မာနိုင်ငံ စာရေးဆရာအသင်းပြခန်းအဖြစ် သွားရောက်ပြသမည်ဖြစ်သည်။

ထို့ကြောင့် ထုတ်ဝေသူစာအုပ်တိုက်များအနေဖြင့် ပါဝင်ပြသနိုင်ရန်နှင့် လာရောက်ကြည့်ရှုသော ပရိသတ်များမှ ဆက်သွယ်ဝယ်ယူနိုင်ရန်အတွက် စာအုပ်ကတ်တလောက်၊ စာစောင် စာအုပ်စာရင်းနှင့် လိပ်စာကတ် (အင်္ဂလိပ်ဘာသာဖြင့်) ပြုစုကာ အမှတ် (၁၇၃/၁၇၅)၊ ၇ လွှာ၊ ပန်းဆိုးတန်းလမ်း (အလယ်)၊ ကျောက်တံတားမြို့နယ်ရှိ မြန်မာနိုင်ငံ စာရေးဆရာအသင်း (ဗဟို) ရုံးခန်း ၇ လွှာသို့ ပေးပို့နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၁-၁၂-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၅၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၀၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၇၆၅/၇၅၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၇၀/၇၈၀ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၁၅/၈၂၅ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၈၅/၇၉၅ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၆ ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၂၉ ·၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၅ ·၃ |
| ထိုင်း | တစ်ဘတ် | ၄၁ ·၈၃ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ ·၁၁ |
| တရုတ် | တစ်ယွမ် | ၂၀၆ ·၉၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၁ ·၈၀ |

မြန်မာ့အလင်း

၁၂၇၃ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| စာတည်းမှူး | - ဝင်းရွှေ |
| စာတည်းမှူး | - မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း

mmalin.npt @ gmail.com,

www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

❄ *ရှေ့ဖုံးမှ*

တွေ့ဆုံစဉ် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးက မြန်မာသံရုံး၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က သိရှိလိုသည်များကို မေးမြန်းသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ဝင်များသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးက တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် သံအမတ်ကြီး၊ စစ်သံမှူး၊ မြန်မာသံရုံးနှင့် စစ်သံရုံးမိသားစုဝင်များနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ထို့နောက် ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီ ၁၅ မိနစ်တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့သည် နှစ်နိုင်ငံထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်ရန် (Great Hall of the People) ပြည်သူ့ခန်းမဆောင်ကြီးသို့ ရောက်ရှိသည်။

ရှေးဦးစွာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ရှီကျင့်ဖျင်က နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ကြိုဆိုနှုတ်ဆက်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့သည် ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီခွဲတွင် ပြည်သူ့ခန်းမဆောင်ကြီး ပထမထပ်၌ တွေ့ဆုံကြသည်။




နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တရုတ်ကွန်မြူနစ်ပါတီနှင့် ပြည်ပနိုင်ငံရေးပါတီများ၏ အဆင့်မြင့်ခေါင်းဆောင်များဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။ သတင်းစဉ်

> “နှစ်နိုင်ငံအကြား ဖြစ်ထွန်းပြီးဖြစ်သော ဆွေမျိုးပေါက်ဖော် ဆက်ဆံရေးကို အခြေခံ၍ ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်တင်ရေး ဆွေးနွေး”

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ဖြစ်ထွန်းပြီးဖြစ်သော ဆွေမျိုးပေါက်ဖော် ဆက်ဆံရေးကိုအခြေခံ၍ ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်တင်ရေး၊ အပြည်ပြည်ဆိုင်ရာ မျက်နှာစာတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်ဖက်အဆင့်မြင့် ခေါင်းဆောင်များအကြား ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်သွားလာရေး၊ နှစ်နိုင်ငံပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ဖော်ဆောင်ရေးနှင့် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်ရေးတို့အပြင် နှစ်နိုင်ငံအကြား အကောင်အထည်ဖော်မည့် စီမံကိန်းကြီးများနှင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား တရုတ်နိုင်ငံမှ ဆက်လက်အကူအညီပေးမည့် ကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ ဒုတိယဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် ပြည်သူ့ခန်းမဆောင်ကြီး ဒုတိယထပ်၌ ကျင်းပသည့် တရုတ်ကွန်မြူနစ်ပါတီနှင့် ပြည်ပနိုင်ငံရေးပါတီများ၏ အဆင့်မြင့်ခေါင်းဆောင်များ ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားသို့ ကမ္ဘာ့နိုင်ငံများမှ ခေါင်းဆောင်များနှင့် အစိုးရအဖွဲ့အကြီးအကဲများ၊ ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံရေးပါတီများ၏ အကြီးအကဲများ တက်ရောက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် တရုတ်ကွန်မြူနစ်ပါတီနှင့် ပြည်ပနိုင်ငံရေးပါတီများ၏ အဆင့်မြင့်ခေါင်းဆောင်များ မျက်နှာစုံညီအစည်းအဝေး (ပထမပိုင်း) သို့ တက်ရောက်သည်။

အစည်းအဝေးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရ၏ အထူးဧည့်သည်တော်အဖြစ် တက်ရောက်မိန့်ခွန်း ပြောကြားသည်။

ယင်းနောက် ဒေသစံတော်ချိန် ညနေ ၆ နာရီ ၄၅ မိနစ်တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ကွန်မြူနစ်ပါတီ ပေါ်လစ်ဗြူရို (Polit Buro Standing Committee ) အဖွဲ့ဝင် Mr. Wang Huning က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်သည်။

**သတင်းစဉ်**

# ပြည်သူက ယုံကြည်အားကိုးရသည့် အရာရှိကောင်းတစ်ဦးဖြစ်အောင် ကြိုးစားသွားကြရမည်ဖြစ်



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် အောင်စစ်သည်ဆု ဗိုလ်လောင်းအမှတ် ၃၀၇၆၅၊ ဗိုလ်လောင်း ကျော်သူရအား ဆုပေးအပ် ချီးမြှင့်စဉ်။ သတင်းစဉ်

**နေပြည်တော် ဒီဇင်ဘာ ၁**

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၅၉) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေ စည်သူ မင်းအောင်လှိုင်က တက်ရောက်မိန့်ခွန်း ပြောကြားသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဗိုလ်လောင်းတပ်ရင်းများ၏ အလေးပြုခြင်းကိုခံယူပြီး ကျောင်းဆင်းဗိုလ်လောင်းတပ်ရင်းများကို စစ်ဆေးသည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဗိုလ်လောင်းတပ်ရင်းများက အနေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်းအမှတ် ၃၀၇၆၅၊ ဗိုလ်လောင်း ကျော်သူရ၊ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်းအမှတ် ၃၁၂၃၂၊ ဗိုလ်လောင်း မျိုးဇော်ဦး၊ စာပေထူးချွန်ဆု(ဝိဇ္ဇာ)ရရှိသူ ဗိုလ်လောင်းအမှတ် ၃၁၁၃၉၊ ဗိုလ်လောင်းပြည့်ဖြိုးအောင်၊ စာပေထူးချွန်ဆု(သိပ္ပံ)ရရှိသူ ဗိုလ်လောင်းအမှတ် ၃၁၄၇၉၊ ဗိုလ်လောင်း သန်းတိုးအောင်၊ စာပေထူးချွန်ဆု (ကွန်ပျူတာ) ရရှိသူ ဗိုလ်လောင်းအမှတ် ၃၁၄၈၈၊ ဗိုလ်လောင်း သိန်းတိုးအောင်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိန့်ခွန်းပြောကြားရာတွင် တပ်မတော်(ကြည်း၊ ရေ၊ လေ)အတွက် လိုအပ်သည့် လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသည့် အရာရှိကောင်းများမွေးထုတ်ပေးရန်ဆိုသည့် အမိစစ်တက္ကသိုလ်၏ ရည်ရွယ်ချက်နှင့်အညီ တပ်မတော်၏ခေါင်းဆောင်ငယ်များအဖြစ် မွေးထုတ်ပေးခဲ့ကြောင်း၊ ကျောင်းဆင်းအရာရှိများအနေဖြင့် ခေတ်အဆက်ဆက်တွင်လည်း တပ်မတော်၏ တာဝန်၊ နိုင်ငံတော်၏တာဝန်များကို အောင်မြင်အောင် ထမ်းဆောင်ခဲ့ကြကြောင်း၊ မိမိတို့အနေဖြင့်လည်း ခေတ်အဆက်ဆက်ထိန်းသိမ်းလာခဲ့သည့် တပ်မတော်၏ဂုဏ်ကို ဆက်လက်ထိန်းသိမ်းနိုင်ရန်အတွက် ကျရာတာဝန်များကို ထမ်းဆောင်ရာတွင် အထက်က ယုံကြည်အားထားရပြီး လက်အောက်က လေးစားရသည့်၊ ပြည်သူက ယုံကြည်အားကိုးရသည့် အရာရှိကောင်းတစ်ဦးဖြစ်အောင် ကြိုးစားသွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လေ့ကျင့်ရေးဆိုင်ရာများ၊ အဆင့်တိုးမြှင့်မှု၊ စစ်စည်းကမ်းပိုင်းဆိုင်ရာများ၊ ရခိုင်ပြည်နယ်အရေးကိစ္စနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်နေမှုများကို ထည့်သွင်းပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်သားများ၏ တာဝန်သည် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မထိခိုက်ရန်၊ နိုင်ငံတော်၏ အကျိုးစီးပွားနှင့် တိုင်းရင်းသားများ၊ နိုင်ငံသူ၊ နိုင်ငံသားများကို ကာကွယ်စောင့်ရှောက်ရန် ဖြစ်ကြောင်း၊ အဆိုပါတာဝန်များကို နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေးအပ်ထားပြီးဖြစ်သော်လည်း ဥပဒေမဲ့ဆောင်ရွက်၍ မရသည်ကို သိရှိလိုက်နာကြရမည် ဖြစ်ကြောင်း၊ ဥပဒေ၏အထက်တွင် မည်သူမျှနေ၍မရကြောင်း၊ တပ်မတော်သားများအနေဖြင့် တာဝန်ထမ်းဆောင်ကြသည့်အခါတွင် နိုင်ငံတော်မှထုတ်ပြန်ထားသည့် စည်းမျဉ်း၊ စည်းကမ်း၊ ဥပဒေများ ကို ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာလုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း၊ တပ်မတော်သားများအနေဖြင့် တာဝန်ထမ်းဆောင်ချိန်တွင် သတ်မှတ်ထားသည့် အမိန့်၊ စည်းမျဉ်း၊ ညွှန်ကြားချက်များအတိုင်း လိုက်နာတာဝန်ထမ်းဆောင်လျက်ရှိသဖြင့် ရခိုင်ပြည်နယ်အတွင်း ဖြစ်စဉ်များတွင်လည်း တပ်မတော်အနေဖြင့် Rules of Engagement (ROE)နှင့်ပတ်သက်ပြီး စနစ်တကျ ဥပဒေနှင့်အညီသာ လုပ်ကိုင်ဆောင်ရွက်ခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဗိုလ်လောင်းတပ်ရင်းများ၏ အလေးပြုခြင်းကိုခံယူပြီးနောက် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

စစ်ရေးပြအခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် စစ်တက္ကသိုလ် ကျောင်းဌာနချုပ် ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းငါးဦးနှင့် ၎င်းတို့၏ မိဘများအားတွေ့ဆုံ၍ ဂုဏ်ပြုအမှာစကား ပြောကြားသည်။

အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ ကာကွယ်ရေးဦးစီးချုပ်(လေ)၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ တိုင်းမှူးများ၊ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီးနှင့် ပြင်ဦးလွင်တပ်နယ်မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် သင်တန်းဆင်းဗိုလ်လောင်းများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ညနေပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် စစ်တက္ကသိုလ် အနော်ရထာတပ်ရင်း ဗိုလ်လောင်းတန်းစီကွင်း၌ ကျင်းပသည့် သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ဂျပန်နိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Shinzo Abe နှင့် တွေ့ဆုံဆွေးနွေး



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ် H.E. Mr. Shinzo Abe တို့ တွေ့ဆုံဆွေးနွေးစဉ်။ သတင်းစဉ်

**နေပြည်တော် ဒီဇင်ဘာ ၁**

ဂျပန်နိုင်ငံ၊ အောက်လွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Tadamori Oshima ၏ ဖိတ်ကြားချက်အရ ဂျပန်နိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ယနေ့ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီ ၁၀ မိနစ်တွင် ဂျပန်အစိုးရအိမ်တော်၊ အထူးဧည့်သည်တော်များ ခန်းမဆောင်၌ ဂျပန်နိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Shinzo Abe နှင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံအစိုးရအချင်းချင်း၊ လွှတ်တော်အချင်းချင်း၊ ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေး၊ နှစ်နိုင်ငံအကြား မိတ်ဖက်ဆက်ဆံရေးကို အခြေခံပြီး ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာ ကော်မတီအတွင်းရေးမှူး ဦးဝင်းမြင့်အောင်၊ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ အတွင်းရေးမှူး ဦးအင်ထုံး ခါးနော်ဆမ်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီအဖွဲ့ဝင် ဦးထွန်းထွန်း၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာ ကော်မတီအဖွဲ့ဝင် ဦးထွန်းမြင့်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးသက်ဆွေ၊ ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသူရိန်သန့်ဇင်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်အဖွဲ့သည် ဒေသစံတော်ချိန် ည ၆ နာရီခွဲ တွင် တိုကျိုမြို့ Hotel New Otani၊ Garden Tower ၌ ဂျပန်- မြန်မာအသင်းမှ တည်ခင်းဧည့်ခံသော ညစာစားပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့သည် ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် ကျိုတိုမြို့ Imperial Palace သို့ ရောက်ရှိလေ့လာရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

**သတင်းစဉ်**

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်အဖွဲ့ ကိုရီးယား ဗဟိုအမျိုးသားပြတိုက်သို့ သွားရောက်လေ့လာ

**ဆိုးလ် ဒီဇင်ဘာ ၁**

ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၃၀ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ဆိုးလ်မြို့ရှိ အမျိုးသားပြတိုက်သို့ရောက်ရှိပြီး ဧည့်သည်တော်မှတ်တမ်း၌ လက်မှတ်ရေးထိုးသည်။

ဗဟိုအမျိုးသားပြတိုက်တွင် အလွှာ ၃ လွှာဖြင့် ပြသထားရာ ရှေးခေတ်မှ ၁၉၁၀ ပြည့်နှစ်ထိ ပန်းချီကားများနှင့် လက်ဆောင်ပစ္စည်းများ၊ အာရှယဉ်ကျေးမှု အမွေအနှစ် များကို ပြသထားသည်။ ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းအမျိုးပေါင်း ၁၂၀၀၀ ကျော် ပြသထားကြောင်း တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့အား ကိုရီးယားသမ္မတနိုင်ငံ ကိုရီးယား-မြန်မာလွှတ်တော်ချင်း ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ H.E. Mr. Lee Cheol- Woo နှင့် လွှတ်တော်ကိုယ်စားလှယ်များက နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။**(ယာပုံ)**



ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့တို့သည် ဆူဝမ်မြို့ရှိ ဆမ်ဆောင်းတီထွင်ဆန်းသစ်မှုပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။ ပြတိုက်အတွင်း အခန်းသုံးခန်းဖြင့် ပြသထားရာ နည်းပညာဆိုင်ရာပစ္စည်းတီထွင်သူ ပညာရှင်များ၏ ပြခန်း၊ လုပ်ငန်းသဘာဝအလိုက် တီထွင်ဆန်းသစ်မှုပြခန်းနှင့် အနာဂတ်တွင် ဖြစ်ပေါ်လာနိုင်သည့် နည်းပညာဆိုင်ရာ တီထွင်ဆန်းသစ်မှုပြခန်းများအား တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ညပိုင်းတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် အဖွဲ့အား ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး သူရဦးသက်ဦးမောင်နှင့် မြန်မာသံရုံးမိသားစုများက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

**သတင်းစဉ်**



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်စဉ်။ သတင်းစဉ်

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ကိုရီးယားသမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် ကိုရီးယားသမ္မတနိုင်ငံ အီးလ်ဆန်းမြို့ရှိ Hyundai Motorstudio သို့ သွားရောက်လေ့လာကြသည်။ ဆက်လက်၍ ဖာဂျူမြို့ရှိ ဖန်းမွန်းဂျောင် (တောင်မြောက်စစ်ရပ်စဲရေး ဆွေးနွေးခဲ့သည့်ကျေးရွာ)သို့ သွားရောက်လေ့လာကြသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့သည် ချစ်ကြည်ရေးခရီးစဉ်ပြီးဆုံး၍ ကိုရီးယားသမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာရာ အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး သူရဦးသက်ဦးမောင်တို့က လိုက်လံပို့ဆောင်နှုတ်ဆက်ကြသည်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် အဖွဲ့သည် ယနေ့ညပိုင်းတွင် ကိုရီးယားသမ္မတနိုင်ငံမှ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံရုံး၊ သံရုံးယာယီတာဝန်ခံ Mr. Kim Jung Han နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**သတင်းစဉ်**

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဟံသာဝတီလေဆိပ် တည်ဆောက်မည့် မြေနေရာနှင့် အာရှ - ပစိဖိတ် ရေညီလာခံ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ထားမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၁**

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယနေ့တွင် ဟံသာဝတီ အပြည်ပြည်ဆိုင်ရာ လေဆိပ်တည်ဆောက်မည့် မြေနေရာ၊ အမျိုးသား ရေအရင်းအမြစ်ကော်မတီရုံး ဆောက်လုပ်မည့် မြေနေရာနှင့် အာရှ-ပစိဖိတ် ရေညီလာခံ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဟံသာဝတီ အပြည်ပြည်ဆိုင်ရာ လေဆိပ်တည်ဆောက်ရေး စီမံကိန်း ဦးဆောင် ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် နံနက် ၁၁ နာရီတွင် ပဲခူးမြို့ ဟံသာဝတီ အပြည်ပြည်ဆိုင်ရာ လေဆိပ်တည်ဆောက်ရေး စီမံကိန်းသို့ ရောက်ရှိသည်။



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်မည့် မြေနေရာအား ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

**ရှင်းလင်းတင်ပြ**

ဒုတိယသမ္မတအား စီမံကိန်း ရှင်းလင်းဆောင်၌ ဟံသာဝတီ အပြည်ပြည်ဆိုင်ရာ လေဆိပ် တည်ဆောက်ရေး စီမံကိန်း ဦးဆောင် ကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က စီမံကိန်း၏ နောက်ခံသမိုင်း၊ စီမံကိန်း စတင်ဆောင်ရွက်ခဲ့မှု၊ တင်ဒါခေါ်ယူမှုနှင့် ရွေးချယ်မှု၊ စီမံကိန်းနှင့်ပတ်သက်ပြီး အဆင့်ဆင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ ကော်မတီများ ဖွဲ့စည်း တာဝန်ပေးထားမှုနှင့် ခန့်မှန်းကုန်ကျစရိတ်တို့ကို ရှင်းလင်းတင်ပြသည်။

**ဆောင်ရွက်ရန် လျာထား**

ထို့နောက် လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းလွင်က ဟံသာဝတီ အပြည်ပြည်ဆိုင်ရာလေဆိပ် စီမံကိန်းအား နိုင်ငံတော်စီမံကိန်းအဖြစ် သတ်မှတ်ခဲ့မှု၊ ဂျပန်နိုင်ငံမှ ODA ချေးငွေရရှိရန် ဆောင်ရွက်နေမှု၊ စီမံကိန်းအတွက် လိုအပ်သည့် အခြေခံအဆောက်အအုံနှင့် ရေလိုအပ်ချက်၊ လျှပ်စစ်မီးလိုအပ်ချက်၊ လေယာဉ်ဆီလိုအပ်ချက်နှင့် လမ်းပန်းဆက်သွယ်ရေး လိုအပ်ချက်များအား ပံ့ပိုးဖြည့်ဆည်းပေးနိုင်ရန် စီစဉ်နေမှု၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း စီမံကိန်းဧရိယာအတွင်း ဆောင်ရွက်ခဲ့သော အထောက်အကူပြု လုပ်ငန်းများနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ရန် လျာထားသည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ဦးဆောင်ကော်မတီအဖွဲ့ဝင် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက စီမံကိန်းဧရိယာအတွက် မြေယာကိစ္စများ ဆောင်ရွက်နေမှု၊ ကျူးကျော်စာရင်းများ ကောက်ယူခြင်း၊ လျော်ကြေးပေးနိုင်ရေးနှင့် ပြန်လည်နေရာချထားနိုင်ရေး စသည့်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်းပြီး ဒုတိယသမ္မတက ဟံသာဝတီ အပြည်ပြည်ဆိုင်ရာ လေဆိပ် တည်ဆောက်ရေး စီမံကိန်းသည် နိုင်ငံတော်အတွက် အကျိုးရှိသည့် စီမံကိန်းတစ်ခု ဖြစ်ပါကြောင်း၊ ညှိနှိုင်းဆောင်ရွက်ရန် ကျန်ရှိသည့် ကိစ္စရပ်များကို အမြန်ဆုံး ပြီးပြတ်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ စီမံကိန်း အမြန်ဆုံး အကောင်အထည်ဖော်နိုင်ရေး ဝိုင်းဝန်းကြိုးစားကြရန်နှင့် မြေယာကိစ္စများအား စနစ်တကျ ပြီးပြတ်အောင် ဆောင်ရွက်ပေးကြရန် မှာကြားသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ဒုတိယသမ္မတသည် ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းတို့နှင့်အတူ ဟံသာဝတီ အပြည်ပြည်ဆိုင်ရာ လေဆိပ် တည်ဆောက်မည့် မြေနေရာအား မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဟံသာဝတီ အပြည်ပြည်ဆိုင်ရာ လေဆိပ် စီမံကိန်းသည် ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ် ကျောက်တိုင်ကန်ကျေးရွာအနီး ပင်လယ်ရေပြင်အထက်အမြင့် ၁၃၅ ဒသမ ၇၇ ပေတွင်တည်ရှိပြီး မြေဧရိယာမှာ ဧက ၉၆၉၀ ကျယ်ဝန်းသည်။

**အကောင်အထည်ဖော်ဆောင်ရွက်**

ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်သည် နှစ်စဉ် ခရီးသည်နှင့် လေယာဉ် ခရီးစဉ်များ တိုးတက်လာခြင်း၊ လေဆိပ်အားတိုးချဲ့ရန် ကန့်သတ်ချက်များရှိခြင်း၊ လက်ရှိ လေယာဉ်ပြေးလမ်းပေါ်တွင် အရေးပေါ်အခြေအနေ ဖြစ်ပွားပါက Operation အား ဆက်လက်ဆောင်ရွက်ရန် ဒုတိယပြေးလမ်း (Second Runway) တိုးချဲ့ရန် မြေနေရာ လုံလောက်မှုမရှိခြင်း၊ Wide Body Aircraft များ အကန့်အသတ်ဖြင့် ဆင်း၊ တက် နေရခြင်း၊ ၂၄ နာရီ Operation ပြုလုပ်ရာတွင် ကန့်သတ်ချက်များ ရှိနေခြင်းနှင့် ပတ်ဝန်းကျင်ဆူညံသံများ အနှောင့်အယှက် ဖြစ်စေခြင်းတို့ကြောင့် ဟံသာဝတီ အပြည်ပြည်ဆိုင်ရာလေဆိပ် စီမံကိန်းအား အကောင်အထည်ဖော်ရန် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် အမျိုးသားအဆင့် ရေအရင်းအမြစ် ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့်အတူ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်သို့ ရောက်ရှိပြီး အမျိုးသား ရေအရင်းအမြစ်ကော်မတီရုံး ဆောက်လုပ်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးရာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်ဦးက ရုံးဆောက်လုပ်ရန် လျာထားသည့် မြေနေရာ၊ အဆောက်အအုံ ဒီဇိုင်းပုံစံ၊ ဘဏ္ဍာငွေရရှိမှုအခြေအနေနှင့် ကုန်ကျမည့် ခန့်မှန်းတန်ဖိုးတို့ကို ရှင်းလင်းတင်ပြသည်။

**ရေညီလာခံ ကျင်းပနိုင်ရေး**

ထို့နောက် တတိယအကြိမ် အာရှ-ပစိဖိတ် ရေညီလာခံအခမ်းအနား ကျင်းပရေး ဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးသို့ ရောက်ရှိပြီး တတိယအကြိမ် အာရှ-ပစိဖိတ် ရေညီလာခံ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားမှု အခြေအနေများကို စစ်ဆေးရာ တတိယအကြိမ် အာရှ-ပစိဖိတ် ရေညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများက ဧည့်ခံကြိုဆိုနေရာချထားရေး၊ လုံခြုံရေး၊ အခမ်းအနားပြင်ဆင်ရေး၊ ဧည့်ခံကျွေးမွေးရေး၊ ဖျော်ဖြေရေး၊ ကျန်းမာရေး၊ သယ်ယူပို့ဆောင်ရေး၊ သတင်းထုတ်ပြန်ရေး၊ ဘဏ္ဍာရေး၊ အခမ်းအနားအစီအစဉ်နှင့် ဆွေးနွေးရန် အချက်အလက်များ ပြုစုရေးသားရေး လုပ်ငန်းစဉ်များနှင့် စပ်လျဉ်းပြီး ကြိုတင်ဆောင်ရွက်ထားမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့က လုပ်ငန်းလိုအပ်ချက်များကို ဖြည့်စွက်တင်ပြကြသည်။

**အကောင်းဆုံး လုပ်ဆောင်**

တင်ပြချက်များနှင့် စပ်လျဉ်းပြီး ဒုတိယသမ္မတက အာရှ-ပစိဖိတ် ရေညီလာခံ ကျင်းပရခြင်း၏ ရည်ရွယ်ချက် အောင်မြင်ရုံသာမက ညီလာခံမှနေ၍ မိမိတို့နိုင်ငံအတွက် အကျိုးရှိအောင် ဆောင်ကြဉ်းပေးကြရန် လိုအပ်ပါကြောင်း၊ မိမိတို့နိုင်ငံသည် နှစ်စဉ် ရေနှင့်ပတ်သက်သည့် ပြဿနာများကို ရင်ဆိုင်နေရပါကြောင်း၊ နှစ်စဉ် ရင်ဆိုင်နေရသည့် ရေပြဿနာကို မိမိတို့နိုင်ငံအပြင် အခြားနိုင်ငံများနှင့်ပါ ပူးပေါင်းပြီး ဖြေရှင်းပါက ပိုမိုထိရောက်မည်ဟု ယုံကြည်ပါကြောင်း၊ နိုင်ငံတကာ၏ ပူးပေါင်းဆောင်ရွက်မှုများသည် များစွာ အထောက်အကူပြုမည်ဟု ယုံကြည်ပါကြောင်း၊ ၂၀၁၈ ခုနှစ်တွင် ဘရာဇီးနိုင်ငံ၌ ကျင်းပမည့် World Water Forum အတွက် အာရှ-ပစိဖိတ် ဒေသ၏ ရေဆိုင်ရာ စိန်ခေါ်မှုများနှင့် ဝိုင်းဝန်းအဖြေရှာမှုများကို အာရှ-ပစိဖိတ်ကိုယ်စားပြုတင်ပြခြင်းဖြင့် ရေစီမံခန့်ခွဲမှုဆိုင်ရာကဏ္ဍတွင် နိုင်ငံတော်၏ ပုံရိပ်နှင့် စွမ်းဆောင်ရည် မြင့်မားနိုင်ခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိမည့်အပြင် နိုင်ငံ၏ဂုဏ်ကို မြှင့်တင်နိုင်မည် ဖြစ်ပါကြောင်း၊ အတွေ့အကြုံကောင်းများကို အခြေခံပြီး ရေညီလာခံအတွက် အကောင်းဆုံး လုပ်ဆောင်ပေးကြရန်နှင့် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ပထမအကြိမ် အာရှ-ပစိဖိတ် ရေညီလာခံကို ၂၀၀၇ ခုနှစ်တွင် ဂျပန်နိုင်ငံ၌ လည်းကောင်း၊ ဒုတိယအကြိမ် ညီလာခံကို ၂၀၁၃ ခုနှစ်တွင် ထိုင်းနိုင်ငံ၌ လည်းကောင်း ကျင်းပခဲ့ပြီး ယခု တတိယအကြိမ် အာရှ-ပစိဖိတ် ရေညီလာခံကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်မှ ၁၂ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

**အကျိုးကျေးဇူးများ ရရှိ**

ရေညီလာခံကို လက်ခံကျင်းပခြင်းအားဖြင့် နိုင်ငံအတွင်း ကြုံတွေ့ရလျက်ရှိသည့် ရေကြီးခြင်း၊ မိုးခေါင်ခြောက်သွေ့ခြင်း၊ ရေရှားပါးခြင်း၊ သဲ၊ နုန်းပို့ချခြင်း၊ ရေတိုက်စားခြင်းကြောင့် မြစ်ကမ်းပါးများပြိုပြီး လူနေအိမ်ခြေများနှင့် လယ်ယာမြေများ ပျက်စီးဆုံးရှုံးခြင်း စသည့် ပြဿနာများကို ကမ္ဘာကသိစေပြီး ဖြေရှင်းနိုင်မည့် နည်းလမ်းများ ရရှိနိုင်ခြင်း၊ ကမ္ဘာ့အဆင့် ရေပညာရှင်များနှင့်အတူ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများပါ တက်ရောက်မည်ဖြစ်သဖြင့် နိုင်ငံအတွက် ရေရှည်ဖွံ့ဖြိုးတိုးတက်စေနိုင်ခြင်း၊ ရာသီဥတုပြောင်းလဲမှုကြောင့် အနာဂတ်ရေဖူလုံမှုနှင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုများကို နိုင်ငံ့ခေါင်းဆောင်များနှင့် ဘဏ္ဍာရေးဝန်ကြီးများ ဦးဆောင်မှုဖြင့် ဒေသတွင်း အစိုးရများနှင့် လူထုအဖွဲ့အစည်းများမှ အခိုင်အမာ အထောက်အကူပြုနိုင်ခြင်း စသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးကဏ္ဍတွင် အရေးကြီးသော လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၁**

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (JCC) ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် Democratic Control of Armed Forces (DCAF) မှ Dr. Cornelius Friesendorf နှင့် အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

**ဆွေးနွေး**

တွေ့ဆုံစဉ် DCAF အဖွဲ့အနေဖြင့် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးကဏ္ဍတွင် အရေးကြီးသော လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးဆိုင်ရာကိစ္စရပ်များ၊ တရားဥပဒေ စိုးမိုးရေးဆိုင်ရာ ကိစ္စရပ်များတွင် မြန်မာနိုင်ငံအား ကူညီပံ့ပိုးပေးနေမှု အခြေအနေများ၊ လုံခြုံရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများနှင့် ပတ်သက်ပြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံး ဝန်ထမ်းများအတွက် အလုပ်ရုံဆွေးနွေးပွဲများ စီစဉ်ဆောင်ရွက်ပေးနိုင်ရေး ကိစ္စရပ်များ၊ လွှတ်တော်ရုံးဝန်ထမ်းများ၏ စွမ်းရည်မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

★ *ကျောဖုံးမှ*

ရှေးဦးစွာ လူငယ်ဘက်စုံဖွံ့ဖြိုးရေး ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဒုတိယ သမ္မတ ဦးမြင့်ဆွေ၊ ပြည်ထောင်စုဝန်ကြီး များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် နှင့် လူငယ်များက ဖဲကြိုးဖြတ်၍ ဖွင့်လှစ် ပေးကြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေ သည် ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသ ကြီး ဝန်ကြီးများနှင့် ဧည့်သည်တော်များ၊ လူငယ်များနှင့်အတူ စုပေါင်းမှတ်တမ်း တင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်း အစီအစဉ်ကို ရန်ကုန် တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပ ရာ ဒုတိယသမ္မတ ဦးမြင့်ဆွေက အဖွင့် အမှာစကားပြောကြားရာတွင် သက်တမ်း နှစ်ပေါင်း ရာနှင့်ချီတော့မည့် မိမိတို့ အမိတက္ကသိုလ်ကြီး၏ ရိပ်မြုံကြီးထဲတွင် ယခုကဲ့သို့ လူငယ်လူရွယ်များကို စုံစုံညီညီ တွေ့ရသည့်အတွက် အလွန်ပင် အားရ ကျေနပ်မိပါကြောင်း။

**လက်ဆင့်ကမ်းသယ်ပိုးပေး**

၎င်းအမိတက္ကသိုလ်ကြီးက မိမိတို့ မိဘများ၊ ဆရာသမားများကို ပညာသင် ပေးခဲ့သလို ၎င်းအမိတက္ကသိုလ်ကြီးက မျိုးချစ်လူငယ်များကို နိုင်ငံနှင့် လူမျိုး အတွက် အမျိုးသားရေးစိတ်ဓာတ်များ သန္နေတည်ပေးခဲ့ပါကြောင်း၊ ၎င်း အမိ တက္ကသိုလ်ကြီးက ဗိုလ်ချုပ်အောင်ဆန်း ကဲ့သို့ နိုင်ငံခေါင်းဆောင်များ၊ မျိုးချစ် အာဇာနည်များ မွေးဖွားပေးခဲ့ပါကြောင်း၊ ၎င်းအမိတက္ကသိုလ်ကြီးက မိမိတို့ လူငယ် များကို ဝိဇ္ဇာ၊ သိပ္ပံ ပညာရပ်များ၊ အနု ပညာ ဖန်တီးမှုများ သင်ကြားပေးခဲ့ပါ ကြောင်း၊ တစ်နည်းအားဖြင့်ဆိုရလျှင် ၎င်းအမိတက္ကသိုလ်ကြီးက မိမိတို့၏ ခေတ်သမိုင်းအဆက်ဆက်၊ လွတ်လပ်ရေး သမိုင်းအဆက်ဆက်ကို တာဝန်ကျေကျေ လက်ဆင့်ကမ်းသယ်ပိုးပေးခဲ့သည့် မိမိ တို့အားလုံး၏ ဘုမိနက်သန်နေရာတစ်ခု ဟု ဆိုရမည်ဖြစ်ပါကြောင်း။

ယခုကဲ့သို့ အမျိုးသားရေး သမိုင်း ကြောင်း အဆက်ဆက် ပုံဖော်ဖန်တီးပေး ခဲ့သည့် အမိတက္ကသိုလ်ကြီးထဲတွင် မိမိတို့ နိုင်ငံ၏ လူငယ်များအတွက် ဘက်စုံဖွံ့ဖြိုး ရေး ပွဲတော်ကြီးတစ်ရပ် ကျင်းပပြုလုပ် ပေးခဲ့သည့်အတွက် တာဝန်ရှိသူ အဖွဲ့ အစည်းအားလုံးကို အထူးပင်ကျေးဇူးတင် ရှိပါသည်ဟု ပြောကြားလိုပါကြောင်း၊ လူငယ်အချင်းချင်း အသိပညာ၊ အတတ် ပညာ၊ ဗဟုသုတနှင့် ကျင့်ဝတ်တန်ဖိုးများ မျှဝေပေးနိုင်ရန် ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ စသည့် ဗလငါးတန် မြှင့်တင် ပေးနိုင်ရန် အနာဂတ် မြန်မာ့လူ့ဘောင် အဖွဲ့အစည်းကို လူငယ်များ၏ အတွေး အမြင်ကောင်းများ၊ အရည်အသွေး ကောင်းများနှင့် အကောင်အထည်ဖော် တည်ဆောက်နိုင်ရန်ဆိုသည့် ရည်ရွယ် ချက်များဖြင့် ၎င်းလူငယ်ဘက်စုံဖွံ့ဖြိုးရေး ပွဲတော်ကို ကျင်းပပြုလုပ်ရခြင်း ဖြစ် ပါကြောင်း။

**မျိုးဆက်သစ်လူငယ်များကို ပျိုးထောင်**

မြန်မာနိုင်ငံ လူဦးရေ၏ ၃၃ ဒသမ ၈ ရာခိုင်နှုန်းသည် အသက် ၁၅ နှစ်မှ ၃၅ နှစ် ကြားရှိသည့် လူငယ်များပင်ဖြစ်ပါ ကြောင်း၊ ကမ္ဘာ့နိုင်ငံ အသီးသီးကို ပြန်ကြည့်လျှင် နိုင်ငံတိုင်းလိုလိုသည် မိမိတို့၏ အနာဂတ် လူ့ဘောင်အဖွဲ့ အစည်းကြီး ဖွံ့ဖြိုးသာယာစေရန်အတွက် (Social Capital)ဟုခေါ်သည့် လူမှု အရင်းအနှီးများ၊ (Intellectual Capital) ဟု ခေါ်သည့် ဉာဏ အရင်း အနှီးများ အပြိုင်အဆိုင်ရင်းနှီးမြှုပ်နှံကြ ရာတွင် မျိုးဆက်သစ် လူငယ်များကို ပိုမိုပျိုးထောင်လာခဲ့ကြသည်ကို တွေ့မြင် ကြရမှာ ဖြစ်ပါကြောင်း။

ယနေ့ ကျင်းပသည့် လူငယ်ဘက်စုံ ဖွံ့ဖြိုးရေးပွဲတော်ကြီးသည် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဆောင်ရွက် ကြရသည့် ရင်းနှီးမြှုပ်နှံမှုများစွာအနက် အလွန် တန်ဖိုးရှိလှသည့် လူသားအရင်း အမြစ်ရင်းနှီးမြှုပ်နှံမှု တစ်ခုဟု ပြောရမှာ ဖြစ်ပါကြောင်း။

၎င်းပွဲတော်ကြီးတွင် စာပေဆိုင်ရာ လှုပ်ရှားမှုများ၊ အားကစားဆိုင်ရာလှုပ်ရှား မှုများ၊ အနုပညာဆိုင်ရာလှုပ်ရှားမှုများ၊ ဆန်းသစ်တီထွင်မှုဆိုင်ရာ လှုပ်ရှားမှုများ ပါဝင်မှာ ဖြစ်၍ လူငယ်လူရွယ် ကျောင်းသား ကျောင်းသူများ၊ မိဘ ဆရာ များ၊ စာပေဝါသနာရှင်များ၊ အနုပညာရှင် များ၊ IT ပညာရှင်များအားလုံး ပျော်ရွှင် တက်ကြွစွာ ဆင်နွှဲပေးကြပါရန် တိုက်တွန်းလိုပါကြောင်း။

ထို့အပြင် ပွဲတော်ကြီးတွင် စကား ဝိုင်း ဆွေးနွေးပွဲများ၊ ကဗျာရွတ်ပွဲများ၊ စာအုပ်ဈေးခင်းများ၊ ပြပွဲပြခန်းများ ပါဝင် မည်ဟု သိရသည့်အတွက် အလွန် စည်ကားသိုက်မြိုက်ခဲ့သည့် အမိ တက္ကသိုလ်ကြီး၏ တက်ကြွလန်းဆန်း သည့် ပတ်ဝန်းကျင်နှင့် သစ်လွင်လှပသည့် နိမိတ်ပုံများကို ပြန်လည်တွေ့မြင် ခံစား ရမှာဖြစ်ပါကြောင်း။

မိမိတို့ နိုင်ငံတော်၏ အနာဂတ် လူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်သာယာ လှပအောင် လူငယ်များ၏ စွမ်းပကားကို မြှင့်တင်ပေးကြရမှာ ဖြစ်ပါကြောင်း၊ လူငယ်များ၏ စွမ်းပကားကို မြှင့်တင် ပေးရန်အတွက်ဆိုလျှင် နိုင်ငံတော်အစိုးရ တစ်ခုတည်းက ဆောင်ရွက်ပေးရုံဖြင့် မလုံလောက်ဘဲ လူမှုအဖွဲ့အစည်း အသီးသီး၊ ပညာရပ်ဆိုင်ရာ ကျွမ်းကျင်သူ အသီးသီးက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက် ပေးကြရမှာ ဖြစ်ကြောင်း။

**ပူးပေါင်းပါဝင် ဆောင်ရွက်**

ထိုကဲ့သို့ ဆောင်ရွက်ပေးကြခြင်း သည် အနာဂတ်နိုင်ငံတော်၏ နိုင်ငံ တည်ဆောက်ရေး လုပ်ငန်းများကို တစ်ထောင့်တစ်နေရာမှ ကူညီပံ့ပိုးပေး ခြင်းဖြစ်ပါကြောင်း၊ ယခုပွဲတော်ကြီးကို တက်ရောက်လာကြသည့် အဖွဲ့အစည်း အသီးသီးနှင့် မိဘပြည်သူများ၊ လူငယ် လူရွယ်များအားလုံးက ချစ်ချစ်ခင်ခင်၊ စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ် ပူးပေါင်းပါဝင် ဆောင်ရွက်ပေး ကြရန် မေတ္တာရပ်ခံလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် လူငယ်ဘက်စုံ ဖွံ့ဖြိုး ရေးပွဲတော် ကျင်းပရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပွဲတော်ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီးက လူငယ်ဘက်စုံဖွံ့ဖြိုးရေး ပွဲတော်နှင့် ပတ်သက်၍ ရှင်းလင်း ပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက လူငယ် ဘက်စုံဖွံ့ဖြိုးရေးပွဲတော် ကျင်းပပေး သည့်အတွက် ကျေးဇူးတင်ကြောင်း ပြောကြားသည်။

**ဆုများပေးအပ်ချီးမြှင့်**

ယင်းနောက် ၂၀၁၆-၂၀၁၇ ပညာသင် နှစ်အတွင်း နိုင်ငံတကာအဆင့် ပြိုင်ပွဲ များတွင် ဆုရရှိခဲ့ကြသည့် ထူးချွန်ကျောင်း သား ကျောင်းသူများအား ဆုများပေးအပ် ချီးမြှင့်ရာ ဒုတိယသမ္မတ ဦးမြင့်ဆွေက Youth Robotics Competition ပြိုင်ပွဲတွင် ကမ္ဘာအဆင့် (၆)ရရှိခဲ့ကြသည့် သတင်းအချက်အလက်နှင့် နည်းပညာ တက္ကသိုလ်မှ ကွန်ပျူတာနည်းပညာ တတိယနှစ်ကျောင်းသူ မယုဇနဝင်း၊ ကွန်ပျူတာသိပ္ပံနှင့် နည်းပညာ ဒုတိယနှစ် ကျောင်းသူ မမေပြည့်စုံကျော်နှင့် ရန်ကုန် နည်းပညာတက္ကသိုလ်မှ ကွန်ပျူတာ နည်းပညာ တတိယနှစ်ကျောင်းသား မောင်ဘုန်းသီဟကျော်တို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က Youth Robotics Competition ပြိုင်ပွဲတွင် ကမ္ဘာ့အဆင့် (၆)ရရှိခဲ့ကြသည့် ရန်ကုန်နည်းပညာ တက္ကသိုလ်မှ တတိယနှစ်ကျောင်းသား များဖြစ်ကြသည့် မောင်ဝေယျာအောင်၊ မောင်ကျော်ဇေဇော်နှင့် မောင်ဝေယံထွန်း တို့အား လည်းကောင်း၊ ပြည်ထောင်စု ဝန်ကြီး သူရဦးအောင်ကိုက ASEAN Makerthon 2017 Competition 1st Runner up ဒုတိယဆုရ သတင်း အချက်အလက်နှင့် နည်းပညာတက္ကသိုလ် မှ စတုတ္ထနှစ် ES ကျောင်းသားများ ဖြစ်ကြသည့် မောင်မင်းခန့်လင်းနှင့် မောင်ပြည့်ဖြိုးပိုင်တို့အား လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီးက World Skills Korea ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရ မန္တလေး ကွန်ပျူတာတက္ကသိုလ် သတင်းအချက် အလက်စနစ် ပဉ္စမနှစ် စီးပွားရေး ကျောင်းသား မောင်နေဦးကျော်နှင့် Go Green in the City 2017 International ပြိုင်ပွဲတွင် East Asia Pacific and Japan Level Top(9) ဆုရ နည်းပညာတက္ကသိုလ် (ရတနာပုံ ဆိုင်ဘာစီးတီး)မှ တတိယနှစ် IST ကျောင်းသား မောင်ဖြိုးသူထက်နှင့် ဒုတိယနှစ် ICT ကျောင်းသူ မဝင်းဒီ အိုက်မောင်တို့အား လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး က Most Diplomatic Delegate from ASIA ပြိုင်ပွဲတွင် 8th Model ASEM ဆုရ ရန်ကုန်နည်းပညာ တက္ကသိုလ်မှ နောက်ဆုံးနှစ်ကျောင်းသား မောင်ဖြိုးသူရဌေးနှင့် ဟားခါးကောလိပ် မှ ပထမနှစ်၊ သမိုင်းကျောင်းသူ မဗျက်ပါရ် လိန်းတို့အား လည်းကောင်း၊ ရန်ကုန်တိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက 6th ASEAN Plus (APT JSO) ဗီယက်နမ်သို့ တက်ရောက်ခဲ့သော ကျောင်းသားများဖြစ်ကြသည့် ရန်ကုန် တိုင်းဒေသကြီး လမ်းမတော်မြို့နယ် အထက(၂)မှ နဝမတန်းကျောင်းသူ မစိုးရတနာ၊ ပဲခူးတိုင်းဒေသကြီး(အရှေ့) ဖြူးမြို့မှ နဝမတန်းကျောင်းသူ မကြယ်စင် လင်းလက်၊ ပဲခူးတိုင်းဒေသကြီး (အနောက်) ပန်းတောင်းမြို့နယ် အထက ခွဲ ကပစ(၆)မှ နဝမတန်းကျောင်းသူ မဆုဆွေဇင်၊ စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်မှ နဝမတန်းကျောင်းသူ မခင်ရတနာဖြိုးစံနှင့် နေပြည်တော် ဥတ္တရသီရိမြို့နယ်မှ နဝမတန်းကျောင်းသူ မထူးမြတ်သွယ်တို့အား လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အကအဖွဲ့က လူငယ် ဘက်စုံဖွံ့ဖြိုးရေးပွဲတော် Theme Song သရုပ်ပြဖျော်ဖြေခြင်းနှင့် “ထာဝရ မြန်မာ”တေးသီချင်းဖြင့် ကပြဖျော်ဖြေ တင်ဆက်ကြသည်။

ဖွင့်ပွဲ အခမ်းအနားအပြီးတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် အဖွဲ့ဝင် များသည် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် အတွင်း ခင်းကျင်းပြသထားသည့် ပြခန်း များနှင့် အနုပညာဖျော်ဖြေတင်ဆက်မှု များအား လှည့်လည်ကြည့်ရှု အားပေး ကြသည်။

**ပါဝင်ဆင်နွှဲနိုင်**

လူငယ်ဘက်စုံ ဖွံ့ဖြိုးရေးပွဲတော်ကို ယနေ့မှစ၍ ဒီဇင်ဘာ ၃ ရက်အထိ ရန်ကုန်တက္ကသိုလ်ဝင်းအတွင်း နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ စည်ကား သိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ သုံးရက်တာ ပွဲတော်ကာလအတွင်း စာပေဆိုင်ရာလှုပ်ရှားမှုများ၊ အနုပညာ ဆိုင်ရာလှုပ်ရှားမှုများ၊ အားကစားဆိုင်ရာ လှုပ်ရှားမှုများ၊ IT နှင့် သိပ္ပံနည်းပညာ ဆိုင်ရာလှုပ်ရှားမှုများပါဝင်ပြီး စာအုပ် ဈေးရောင်းပွဲများ၊ လူငယ်ဆိုင်ရာ အသိ ပညာပေးအစီအစဉ်များ၊ ဆွေးနွေးပွဲများ၊ အဆို၊ အက၊ အတီးများနှင့် ဖျော်ဖြေမှု များ စသည့် အစီအစဉ်များ ပါဝင်မည် ဖြစ်သည်။ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် သို့ မည်သူမဆို လာရောက်ကြည့်ရှု ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



ဒုတိယသမ္မတ ဦးမြင့်ဆွေ Youth Robotics Competition ပြိုင်ပွဲတွင် ကမ္ဘာ့အဆင့် (၆)ရရှိခဲ့သည့် ကွန်ပျူတာသိပ္ပံနှင့် နည်းပညာ ဒုတိယနှစ် ကျောင်းသူ မမေပြည့်စုံကျော်အား ဆုချီးမြှင့်စဉ်။ သတင်းစဉ်



လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် ကျင်းပရေး ဦးစီးကော်မတီ နာယက ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် လူငယ်များက လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် Youth Robotics Competition ပြိုင်ပွဲတွင် ကမ္ဘာ့အဆင့် (၆)ရရှိခဲ့သည့် ရန်ကုန်နည်းပညာတက္ကသိုလ်မှ တတိယနှစ် ကျောင်းသား မောင်ဝေယျာအောင်အား ဆုချီးမြှင့်စဉ်။



ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ASEAN Makerthon 2017 Competition 1st Runner up ဒုတိယဆုရ သတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ်မှ စတုတ္ထနှစ် ES ကျောင်းသား မောင်မင်းခန့်လင်းအား ဆုချီးမြှင့်စဉ်။

# လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် လှုပ်ရှားမှုပုံရိပ်များ



ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားဆိုင်ရာလှုပ်ရှားမှုအဖြစ် ခေါင်းအုံးရိုက်ပြိုင်ပွဲ ယှဉ်ပြိုင်နေစဉ်။ သတင်းစဉ်



လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြခန်း၌ ကျောင်းသားများ စိတ်ပါဝင်စားစွာ လေ့လာနေစဉ်။ သတင်းစဉ်

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် လာရောက်ကြသူများနှင့်သစ်ပုပ်ပင်ကြီး။ သတင်းစဉ်







လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်၌ စကားရည်လုပြိုင်ပွဲ ကျင်းပစဉ်။ သတင်းစဉ်

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်၌ IT နှင့် သိပ္ပံနည်းပညာဆိုင်ရာ လှုပ်ရှားမှုပြခန်းတွင် ကျောင်းသား ကျောင်းသူများ ကြည့်ရှုလေ့လာစဉ်။ သတင်းစဉ်



ရှမ်းပြည်နယ် တောင်ကြီးမြို့မှ တိုင်းရင်းသားအဝတ်အထည်များ ရောင်းချနေစဉ်။ သတင်းစဉ်



ပြန်ကြားရေးဝန်ကြီးဌာနမှ ဖျော်ဖြေတင်ဆက်မှု။ သတင်းစဉ်



ပညာရေးဝန်ကြီးဌာနမှ ပြခန်းတစ်ခု။ သတင်းစဉ်







လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်၌ ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)မှ ကျောင်းသား ကျောင်းသူများ စာပြောင်ရုပ်ပြောင်ပုံများ ရေးဆွဲပေးနေစဉ်။ သတင်းစဉ်





စာအုပ်ဈေးရောင်းပွဲတော်ကို ဖွင့်လှစ်ထားရာ စာပေမြတ်နိုးသူများ၊ ကျောင်းသား ကျောင်းသူများ ဝယ်ယူနေကြစဉ်။ သတင်းစဉ်

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်၌ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အားကစားဆိုင်ရာလှုပ်ရှားမှုအဖြစ် ထုပ်ဆီးတိုးပြိုင်ပွဲ ယှဉ်ပြိုင်နေစဉ်။ သတင်းစဉ်



# ရန်ကုန်တက္ကသိုလ်ကို လူငယ်တွေရဲ့ လှုပ်ရှားမှုနဲ့ အမြဲတမ်း လှုပ်ရှားအသက်ဝင် နေစေချင်ပါတယ်

**— စာရေးဆရာမ ပုညခင် —**

ယနေ့ စတင်ကျင်းပသည့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်တွင် အနုပညာလိုက်စားလူငယ်များ ခေါင်းစဉ်ဖြင့် ဆွေးနွေးသည့် လူငယ်ဒါရိုက်တာ အောင်မြတ်နှင့် စာရေးဆရာမပုညခင် တို့၏ ဆွေးနွေးပွဲကျင်းပရာ ရန်ကုန်တက္ကသိုလ် RC ခန်းမတွင် လူငယ်များ စိတ်ပါဝင်စားစွာ နားဆင်ပါဝင် ဆွေးနွေးလျက် ရှိကြသည်။ သစ်ပုပ်ပင်အနီးရှိ ရှားပါးစာအုပ်များခင်းကျင်း မျှော်လင့်ပါတယ်၊ ဒီလိုလူအများနဲ့ စည်ကားတာတွေ့ရတဲ့ အတွက်လည်း ရန်ကုန်တက္ကသိုလ်က ပိုပြီးအသက်ဝင်လာ တယ်လို့ မြင်ပါတယ်၊ ရန်ကုန်တက္ကသိုလ်ကို လူငယ်တွေရဲ့ လှုပ်ရှားမှုနဲ့ အမြဲတမ်းလှုပ်ရှားအသက်ဝင် နေစေချင်ပါတယ်၊ ဒီလိုပွဲလုပ်ပေးခြင်းအားဖြင့် ရန်ကုန်တက္ကသိုလ်ကို လုပစိုပြည် လှုပ်ရှားစေမယ့် ပွဲတစ်ခုလို့ မြင်ပါတယ်၊ ပွဲပြီးသွားရင် ဒီပွဲကနေ ရင် ပျောက်ကင်းနိုင်ပါတယ်၊ ဆေးကုသပြီးရင်တော့ နောက်ထပ် မူးယစ်ဆေး ပြန်လည်တောင့်တမှုတွေကို ချေဖျက်ဖို့အတွက် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်မှုတွေ လုပ်ပေးပါတယ်၊ အရင်တုန်းကတော့ နေရာအခက်အခဲကြောင့် သင်တန်းသားလက်ခံနိုင်ခြင်း မရှိပါဘူး၊ အခုသင်တန်းသား တွေလက်ခံဖို့ ပြင်ဆင်မှုတွေ ဆောင်ရွက်နေပါတယ်၊ ဒီစခန်း ပါတယ်၊ ဒီပြခန်းက ယဉ်ကျေးမှုဆိုင်ရာ၊ အမွေအနှစ်ဆိုင်ရာနဲ့ ပတ်သက်တဲ့ ဗဟုသုတတွေကို လူငယ်တွေ လေ့လာနိုင်မှာ ဖြစ်ပါတယ်၊ ဒီပွဲတော်လိုမျိုး တစ်နှစ်တစ်ခါ ပုံမှန်ကျင်းပဖြစ်ရင် လူငယ်တွေ အဖွဲ့အစည်းနဲ့ ပူးပေါင်းလုပ်ဆောင်တတ်တဲ့ အလေ့ အကျင့်တွေရလာပြီး စည်းလုံးညီညွတ်တဲ့ စိတ်ဓာတ်လေး တွေ ပေါ်လာမယ်လို့ မြင်ပါတယ်။


စာရေးဆရာမ ပုညခင်


လူငယ်ဒါရိုက်တာ အောင်မြတ်


ဦးကျော်ရှင်နောင်


ဒေါ်အေးအေးလွင်


ဦးကျော်ခိုင်ဝင်း

ပြသရာနေရာနှင့် ထင်ရှားသော စာရေးဆရာကြီးများ၏ ဓာတ်ပုံများ ခင်းကျင်းပြသရာနေရာတို့တွင်လည်း လူငယ်များက အများအပြား၊ ဝိဇ္ဇာခန်းမရှေ့ရှိ တိုင်းရင်းသားအမျိုးသား၊ အမျိုးသမီးရုပ်တုများတွင်လည်း အမှတ်တရဓာတ်ပုံရိုက်နေကြသူများက မနည်းလှ၊ စီးပွားရေးတက္ကသိုလ်ရှေ့ရှိ အလုပ်အကိုင်အခွင့်အလမ်းပြခန်းများနှင့် အဓိပတိလမ်းတစ်လျှောက် အသိပညာပေးပြခန်းများတွင်လည်း လူငယ်များ အုန်းအုန်းကျွက်ကျွက်နှင့် စည်ကားလျက်ရှိသည်။

သို့နှင့် မြန်မာ့သတင်းစဉ်က အဆိုပါကဏ္ဍများမှ သက်ဆိုင်သူများနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို တင်ပြလိုက်ရပါသည်။

**စာရေးဆရာမ ပုညခင်**
**(အနုပညာလိုက်စားလူငယ်များခေါင်းစဉ်ဖြင့် ဆွေးနွေးသူ)**

Talk Show ဆွေးနွေးပွဲလေးပါ၊ လူငယ်တွေဟာ ကျောင်းစာသင်ရင်းနဲ့ သူတို့မှာ အနုပညာစိတ်ဖြစ်ပေါ်လာမှု ဘယ်လိုမျိုးအခက်အခဲတွေရှိလဲ၊ သူတို့ပတ်ဝန်းကျင်က သူတို့ရဲ့ အနုပညာစိတ်ဖြစ်လာအောင် ကူညီပံ့ပိုးမှုရှိရဲ့လား၊ ပြီးတော့ ဒီနယ်ပယ်မှာရောက်နေရင် လူငယ်တွေ ကျောင်းတက်ရင်းနဲ့ အနုပညာစိတ် ဘယ်လိုမျိုးဖြစ်လာအောင် လုပ်ပေးလဲ၊ ဘယ်လို လှုံ့ဆော်ပေးလဲ၊ အနုပညာရှင်တစ်ယောက်အနေနဲ့ အခက် အခဲတွေကို ရုန်းကန်ရာမှာ ဘယ်လိုစိတ်ဓာတ်ခွန်အားတွေနဲ့ ကျော်လွှားခဲ့ရသလဲဆိုတဲ့ အတွေ့အကြုံတွေကို ပြန်ပြောပြမှာ ဖြစ်ပါတယ်၊ လူငယ်တွေရဲ့အသံကို အပြန်အလှန်ကြားချင်တာပါ၊ အခုရောက်လာတဲ့ ပရိသတ်တွေထဲကလည်း သူတို့ရဲ့ အခက်အခဲကို တိုင်ပင်၊ မေးမြန်းဆွေးနွေးနိုင်ပါတယ်၊ ကျွန်မတို့ကလည်း ဖြေပေးပါမယ်၊ လူငယ်တွေရဲ့ အခက်အခဲကို သက်ဆိုင်ရာ လူကြီးတွေသိပြီး ဖြည့်ဆည်းပေးနိုင်ဖို့အတွက် တက္ကသိုလ်အတွက်၊ လူငယ်တွေအတွက် ရလဒ်တစ်ခုခု ကျန်ခဲ့တာမျိုး ဖြစ်စေချင်ပါတယ်။

**လူငယ်ဒါရိုက်တာ အောင်မြတ်**
**(အနုပညာလိုက်စားလူငယ်များခေါင်းစဉ်ဖြင့် ဆွေးနွေးသူ)**

အဓိကက လူငယ်တစ်ယောက်အနေနဲ့ အနုပညာအပေါ် ခံယူချက်၊ အနုပညာကလူငယ်တွေနဲ့ ဘယ်လောက်အထိ ထိစပ်မှုရှိပြီး အရေးပါသလဲ၊ ဒါကို စာရေးဆရာမပုညခင်ရဲ့ဖိတ်ကြားချက်နဲ့ လာရောက်ဆွေးနွေးတာ ဖြစ်ပါတယ်။ အနုပညာဆိုတာ အသက်အရွယ်ပိုင်းခြားတဲ့ တစ်ခုမဟုတ်ပါဘူး၊ နိုင်ငံ တကာရဲ့ဘာသာရပ်တစ်ခုဖြစ်ပါတယ်၊ အနုပညာဆိုတဲ့ ဘာသာရပ်က ဘယ်သူမဆို နားလည်ခံစားလို့ရတယ်၊ အနုပညာကို လူကြီးတွေတင် မကပါဘူး၊ လူငယ်တွေပါ ပါဝင်ပတ်သက်ပြီး ဆင်နွှဲလို့ရတယ်ဆိုတာ ဖော်ပြခွင့်ရတယ်ဆိုတဲ့အတွက် ဒီလို ပွဲမျိုးစီစဉ်တာ အတော့်ကိုအကျိုးရှိပါတယ်၊ ကျွန်တော်လည်း လူငယ်တစ်ယောက်ဖြစ်တဲ့အတွက် လူငယ်တွေ အရင်ကထက် အခွင့်အရေးတွေ ပိုပြီးရှိလာတယ်၊ ဒီလိုအကျိုးကျေးဇူးတွေကို အသုံးချပြီး ပိုမိုကောင်းမွန်တဲ့ အနာဂတ်ကို လက်ဆင့်ကမ်းပြီး ထမ်းဆောင်နိုင်အောင်လို့ တာဝန်ရှိပါတယ်၊ တာဝန်ယူရမယ် လို့ ကျွန်တော်ပြောချင်ပါတယ်။

**ဒေါ်အေးအေးလွင်**
**(ဦးစီးအရာရှိ၊ လူမှုဝန်ထမ်းဦးစီးဌာန (ရန်ကုန်)**
**မူးယစ်ဆေးဖြတ်ပြီးသူများ**
**ပြန်လည်တည်ထောင်ရေး စခန်းပြခန်း)**

မူးယစ်ဆေးဝါးတွေ လူငယ်ထုအတွင်းမှာ ပျံ့နှံ့နေတဲ့ အတွက် လူငယ်တွေ မူးယစ်ဆေးစွဲရင် တချို့က ဆေးဘယ်လို ကုရမယ်ဆိုတာ မသိကြဘူး၊ ဆေးစွဲနေရင် ကုသလို့ရတယ်၊ ရွာသာကြီး စိတ်ကျန်းမာရေးဆေးရုံမှာ နှစ်ပတ်လောက်ကုသ ကနေ အသက်မွေးဝမ်းကျောင်းပညာတွေ သင်ပေးမှာဖြစ်ပါ တယ်၊ ဒါ့ကြောင့် လူငယ်တွေအတွက် သတင်းပေးချင်လို့ ဒီပြခန်းကို ပါဝင်ပြသရခြင်းဖြစ်ပါတယ်။

**ဦးကျော်ခိုင်ဝင်း (စာပေဗိမာန်၊ စာကြည့်တိုက်မှူး)**
**ရှားပါးစာအုပ်များ ခင်းကျင်းပြသရေးပြခန်း**

ပြန်ကြားရေးဝန်ကြီးဌာန၊ စာပေဗိမာန်က ဒီပြခန်းကို ပါဝင်ပြသတာဖြစ်ပါတယ်၊ လွန်ခဲ့တဲ့ နှစ် ၅၀ ကျော်က အပြင်မှာရှာလို့မရနိုင်တဲ့ ရှားပါးစာအုပ်တွေကို ပြည်သူတွေ ကို ကြည့်ရှုနိုင်ဖို့ ခင်းကျင်းပြသထားပါတယ်၊ စာပေဗိမာန်က ဦးစီးထုတ်ဝေထားတဲ့ ဦးနုလက်ထက်ကစာအုပ်တွေ၊ နှစ်ပေါင်း ငါးဆယ်ကျော်ကလူမှုရေးရာ၊ ယဉ်ကျေးမှုရေးရာ၊ သိပ္ပံရေးရာ တွေအပြင် ၁၉၅၂ ခုနှစ်မှ ၁၉၅၉ ခုနှစ်အထိ စာပေဗိမာန်က ထုတ်ဝေခဲ့တဲ့ စာပေဗိမာန်မဂ္ဂဇင်း၊ စာပေဗိမာန်စွယ်စုံကျမ်း၊ ပြည်သူ့လက်စွဲစာစဉ်တွေကိုလည်း ပြသထားပါတယ်၊ ဒီစာအုပ် တွေကို ပြည်သူတွေ ဈေးနှုန်းချိုသာစွာနဲ့ ဝယ်ယူနိုင်ဖို့ကို လည်း စီစဉ်ထားပါတယ်။ ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့ဆိုတဲ့အတိုင်း လူငယ်တွေ ဒီပြခန်းကို လာရောက် လေ့လာပါ၊ စာပေတွေကိုဖတ်ကြည့်ပါ၊ ဘဝအတွက် အထောက် အကူဖြစ်မှာပါလို့ ပြောချင်ပါတယ်။

**ဦးကျော်ရှင်နောင်**
**လက်ထောက်ညွှန်ကြားရေးမှူး၊ အမျိုးသားပြတိုက်၊ (ရန်ကုန်)**

ဒီပြခန်းက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက တိုင်းရင်းသားမျိုးနွယ်စုတွေရဲ့ဝတ်စားဆင်ယင်မှု၊ ရိုးရာတူရိယာ တွေ၊ ရိုးရာအစားအစာတွေ၊ တိုင်းရင်းသားရှစ်မျိုးတို့ရဲ့ ဝတ်စုံ တွေနဲ့ ရုပ်တုတွေ၊ တူရိယာတွေနဲ့ ခင်းကျင်းပြသထားတဲ့ ပြခန်း ဖြစ်ပါတယ်၊ ဝိဇ္ဇာဆောင်ရဲ့ မြက်ခင်းပြင်မှာ တိုင်းရင်းသား ရှစ်မျိုးတို့ရဲ့ဝတ်စုံရုပ်တုတွေနဲ့ ဓာတ်ပုံရိုက်နိုင်အောင် စီစဉ်ထား ပါတယ်။

**ဦးသန်းစိုး (အယ်ဒီတာချုပ်၊ အခွင့်အလမ်းဂျာနယ်)**
**အလုပ်အကိုင်အခွင့်အလမ်းပြခန်း**

ဒီပွဲတော်မှာ အလုပ်အကိုင်အခွင့်အလမ်းပြပွဲ (Job Fair) ထည့်ချင်တဲ့အတွက် ကုမ္ပဏီတွေကိုဖိတ်ပြီး ပါဝင်တာဖြစ်ပါ တယ်၊ အလုပ်ရှာနေတဲ့ လူငယ်တွေ၊ ကျောင်းတက်နေတဲ့ လူငယ်တွေအတွက် ဘယ်လိုအလုပ်တွေ ခေါ်တတ်သလဲ၊ အလုပ်ခေါ်တတ်တဲ့ ကုမ္ပဏီတွေက ဘာတွေလဲဆိုတာ အသိ ပညာရစေချင်တဲ့အတွက် ကုမ္ပဏီ ၃၂ ခုနဲ့ ချိတ်ဆက်ပြီး ပါဝင် ပြသတာဖြစ်ပါတယ်၊ ဒီပွဲကို လာရောက်ကြည့်ရှုရင် လုပ်ငန်းခွင် ဝင်ဖို့ ဘာတွေပြင်ဆင်ရမယ်ဆိုတာ လူငယ်တွေ သိသွားမယ်၊ နားလည်သွားမယ်၊ လူငယ်ဆိုတာ တစ်ချိန်မှာ လူကြီးဖြစ်သွား မယ့်သူတွေဖြစ်ပါတယ်၊ ဒီပြခန်းတွေကို ကြည့်ခြင်းအားဖြင့် လူငယ်တွေကို တစ်ခုခုရသွားစေချင်တာပါ။

**ဦးသိမ်းစိုး (သိမ်းစိုး- သီဟရတနာ)**
**ထင်ရှားသောစာရေးဆရာကြီးများ၏ ဓာတ်ပုံများပြခန်း**

အဓိကက လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်မှာ လူငယ် တွေ လာရောက်ကြည့်ရှုကြမှာဖြစ်တဲ့အတွက် လူငယ်တွေကို ရှေးခေတ်စာရေးဆရာ၊ ဆရာမကြီးတွေ မြင်ဖူး၊ တွေ့ဖူးပြီး ဗဟုသုတရသွားစေချင်တာပါ၊ ၁၈၈၀ ပြည့်နှစ်နောက်ပိုင်းမှ ယနေ့အထိ စာရေးဆရာကြီး၊ ဆရာမကြီးများ ဓာတ်ပုံတွေ ပါဝင်ပြသထားတယ်၊ ဒီပြခန်းကို လာရောက်ကြည့်ရှုခြင်းအား ဖြင့် ကျွန်တော်တို့တိုင်းပြည်မှာ စာပေနဲ့ပတ်သက်ပြီး စာရေး ဆရာတွေ ဘယ်လောက်ပေါ်ထွန်းခဲ့သလဲ၊ စာကောင်းပေမွန် တွေ အများကြီးပေါ်ထွက်ခဲ့တယ်ဆိုတဲ့ သမိုင်းကြောင်းကို လူငယ်တွေ သိစေချင်တာပါ။

**တွေ့ဆုံမေးမြန်း - ရီရီမြင့်၊ ဥမ္မာသန့်၊ ဓာတ်ပုံ- လှမိုး**

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်
လူငယ်
ဘက်စုံဖွံ့ဖြိုးရေးပွဲတော်
၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ (၁၊ ၂၊ ၃)ရက်၊ (သောကြာ၊ စနေ၊ တနင်္ဂနွေ)
နံနက် (၉)နာရီမှ ညနေ (၅)နာရီအထိ ရန်ကုန်တက္ကသိုလ်ဝင်းအတွင်း ကျင်းပမည်ဖြစ်၍မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။

## ညအပူချိန်များ အနည်းငယ် လျော့နည်းနေ

နေပြည်တော် ဒီဇင်ဘာ ၁

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၁ ဒီဂရီ စင်တီဂရိတ်နှင့် ဟဲဟိုးမြို့တွင် ၆ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်မှာ ကော့သောင်းမြို့တွင် ၀ ဒသမ ၄၃ လက်မဖြစ်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနေမည်။

မိုး/ဇလ

# သမီးတို့လို လူငယ်တွေအတွက် ဒီလိုပွဲမျိုးတွေ ရှိသင့်ပါတယ်

**မသက်ထားရွှေစင် (မင်္ဂလာဒုံအောင်ဆန်းသူရိယလှသောင်း အထက်တန်းကျောင်း)**

ရန်ကုန် ဒီဇင်ဘာ ၁

**လူငယ်များ၏ အသိပညာ၊ အတတ်ပညာနှင့် ကျင့်ဝတ်တန်ဖိုးအပါအဝင် ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ ဗလငါးတန် မြှင့်တင်ပေးနိုင်ရေး ရည်ရွယ်၍ နိုင်ငံတော်က ကြီးမှူးကာ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကို ဒီဇင်ဘာ ၁ ရက်က ပွဲတော်၏ ပထမနေ့အဖြစ် ရန်ကုန်တက္ကသိုလ်ဝင်းအတွင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။**


မသက်ထားရွှေစင်


ဦးတင်မောင်သိန်း


မတိုးသဉ္ဇာခိုင်


မောင်အောင်ခန့်ဝေ


မောင်မျိုးမြတ်အောင်


မခင်ဝင်းရွှေ

ပွဲတော်တွင် စာပေဆိုင်ရာလှုပ်ရှားမှုများအတွက် သုတ၊ ရသ စုံလင်စွာဖြင့် စာပေဆွေးနွေးပွဲများ ကျင်းပခဲ့သည့်အပြင် အားကစားဆိုင်ရာ လှုပ်ရှားမှုအစီအစဉ်များတွင်လည်း သူ့ထက်ငါယှဉ်ပြိုင်ကြသည့် ကျောင်းသားလူငယ်များကိုလည်း တွေ့မြင်ခဲ့ရသည်။

ယင်းအပြင် အနုပညာဆိုင်ရာလှုပ်ရှားမှုအစီအစဉ်များတွင်လည်း စိတ်အပန်းဖြေစေမည့် ဖျော်ဖြေရေးအစီအစဉ်များ၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ရေးရှုသည့် ယဉ်ကျေးမှုဆိုင်ရာပြပွဲများ၊ တိုင်းရင်းသားရိုးရာ တူရိယာများ၊ ယဉ်ကျေးမှုဆိုင်ရာ အသိပညာပေးအစီအစဉ်များ၊ ပန်းချီပြခန်းများလည်း ပါဝင်သည်ဖြစ်ရာ ပူပေါင်းပါဝင်ဆောင်ရွက်ကြသူများ၊ လာရောက်လေ့လာသူများနှင့် တွေ့ဆုံပြီး ပွဲတော်တွင် ပါဝင်ဆင်နွှဲရခြင်းအပေါ် ၎င်းတို့၏အမြင်များကို ပြန်လည်ရေးသား ဖော်ပြလိုက်သည်။

**အကယ်ဒမီ မိရာမိုရ် (ဂီတမှူး)**

အခုလို လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကို နိုင်ငံတော်အဆင့် ကျင်းပပေးတာ ကောင်းပါတယ်၊ ဒေသစုံ နယ်ပယ်အသီးသီးက ကျောင်းသား ကျောင်းသူ လူငယ်တွေ ဒီလိုနေရာမှာ သူတို့လေ့လာချင်တဲ့ ကဏ္ဍရပ်တွေကို တစ်စုတစ်စည်း လေ့လာခွင့်ရတာပေါ့၊ အခုလို မြန်မာ့ဂီတအနုပညာကဏ္ဍကို လေ့လာတဲ့လူငယ်တွေအနေနဲ့ မြန်မာ့ရိုးရာဂီတ၊ ဂီတရဲ့အခြေခံသဘောတရားတွေကို နားထောင်ရင်းနဲ့ တက္ကသိုလ်ကြီးရဲ့ပုံရိပ်ကို သိရှိပြီး ဗဟုသုတလည်းရပါတယ်၊ လူငယ်တွေအတွက်တော့ ဒီလိုပွဲမျိုးဟာ အကျိုးကျေးဇူးအများကြီးရှိပါတယ်၊ လူငယ်တွေရဲ့ သူတို့သန်ရာကဏ္ဍတွေကို အနီးကပ် ထဲထဲဝင်ဝင် လေ့လာခွင့်ရတဲ့အတွက် ကျေနပ်မိပါတယ်။

**ဦးတင်စိုး(အနုပညာတက္ကသိုလ်၊ ပန်းချီဌာန ကထိက)**

ရုပ်ပြောင်ကာတွန်းကဏ္ဍရပ်လေးပါ၊ ရုပ်ပြောင်ကာတွန်းပုံလေးတွေကို ကြည့်ပြီး လူငယ်တွေကို ပျော်ရွှင်စေဖို့ ရည်ရွယ်ပါတယ်၊ ရုပ်ပြောင်ရဲ့ သဘောသဘာဝကတော့ သဘာဝမှာ တကယ့်အရှိတရားကို အခြေခံတဲ့ အဖြစ်အပျက်တွေကို ရုပ်ပုံအစားထိုးပြီး ဟာသဖြစ်အောင်၊ ရယ်ရွှင်ဖွယ်ဖြစ်အောင် ပြုလုပ်ရတဲ့ အနုပညာရပ်ဖြစ်ပါတယ်၊ ဒီရုပ်ပြောင်ပုံလေးတွေကိုကြည့်ပြီး ပွဲတော်ကိုလာရောက်တဲ့ လူငယ်လူရွယ် ကျောင်းသား ကျောင်းသူလေးတွေ ပျော်ရွှင်နေတာကိုကြည့်ပြီး ပီတိဖြစ်ရပါတယ်။

**မောင်အောင်သန်းဌေး (အနုပညာတက္ကသိုလ်၊ ပန်းချီတတိယနှစ် ဂုဏ်ထူးတန်းကျောင်းသား)**

အဓိကကတော့ ကျွန်တော်တို့လူငယ်လူရွယ်တွေ ဘက်စုံစွမ်းရည်ဖွံ့ဖြိုးဖို့ အနုပညာတက္ကသိုလ်ကနေ အနုပညာလှုပ်ရှားမှုအဖြစ် ဆောင်ရွက်ရခြင်းဖြစ်ပါတယ်၊ ကျွန်တော်တို့ပြခန်းကတော့ ဒန်းအလှကို လူငယ်တွေ သိရှိလာစေဖို့ ဖြစ်ပါတယ်၊ ဒန်းအလှအနေနဲ့ကတော့ အိန္ဒိယ ယဉ်ကျေးမှုပါ၊ ဒါပေမယ့် ဒီမှာတော့ ကျွန်တော်တို့ မြန်မာ့ယဉ်ကျေးမှုနဲ့ပေါင်းစပ်ပြီး ဖန်တီးရတာဖြစ်ပါတယ်၊ ဒီလို ဖန်တီးရာမှာ ယဉ်ကျေးမှုတက္ကသိုလ်ကပို့ချတဲ့ ဘာသာရပ်တွေနဲ့ ဖန်တီးရတာဖြစ်ပါတယ်၊ လူငယ်အချင်းချင်းရင်းနှီးမှုကိုဖြစ်စေတဲ့ ဒန်းအလှပန်းချီအနုပညာရပ်လို့လည်း ပြောရင်လည်း မမှားပါဘူး။

**မခင်ဝင်းရွှေ (နောက်ဆုံးနှစ်၊ ရန်ကုန်ပညာရေးတက္ကသိုလ်)**

ပညာရေးကဏ္ဍကနေ ကြိုဆိုရေးတာဝန်ကို ယူရပါတယ်၊ ဒီလူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကြီးကို ပါဝင်ခွင့်ရတာ ဖြစ်ပါတယ်၊ ဒီပွဲတော်လုပ်ပေးခဲ့တဲ့ လူကြီးတွေကိုလည်း ကျေးဇူးတင်ပါတယ်၊ ဒီလို လူငယ်တွေနဲ့သက်ဆိုင်တဲ့ပွဲမျိုးကို တစ်နှစ်တစ်ကြိမ်လုပ်ပေးနိုင်ရင် ပိုကောင်းမယ်လို့မြင်ပါတယ်၊ ဘာကြောင့်လဲဆိုတော့ လူငယ်တိုင်းမှာ စွမ်းရည်ကိုယ်စီရှိပါတယ်၊ ပြီးတော့ သူတို့ရဲ့အိပ်မက် သူတို့ရဲ့ဖြစ်ချင်တာတွေကိုလည်း ဖြစ်ခွင့်ပေးရပါမယ်၊ မိဘတွေအနေနဲ့လည်း ကိုယ်လိုချင်တဲ့ ပုံစံမျိုးအတင်းမသွင်းဘဲ လူငယ်တွေရဲ့ဖြစ်ချင်တာတွေကိုလည်း လုပ်ခွင့်ပြုသင့်ပါတယ်။

**မသက်ထားရွှေစင် (မင်္ဂလာဒုံ အောင်ဆန်းသူရိယလှသောင်း အထက်တန်းကျောင်း)**

ဒီပွဲတော်ကို စိတ်ဝင်စားလို့ လာလေ့တာပါ၊ ပျော်ဖို့လည်းကောင်းတယ်၊ သမီးတို့လို ကျောင်းသူတွေအတွက် ဗဟုသုတလည်းရပါတယ်၊ ဒီလိုပွဲမျိုးကို တစ်ခါမှလည်း မကြုံဖူးဘူး၊ လေ့လာတဲ့ပြခန်းတွေထဲမှာဆို ပန်းချီပြခန်းကို အလွန်သဘောကျတယ်၊ သမီးတို့မသိသေးတဲ့ အရာတွေအများကြီးသိရလို့ ဝမ်းသာတယ်၊ အဲ့ဒါကြောင့်လည်း တက္ကသိုလ်တက်ရပြီဆို ယဉ်ကျေးမှုတက္ကသိုလ်တက်မယ်လို့ ဆုံးဖြတ်ထားတယ်၊ သမီးတို့လို လူငယ်တွေအတွက် ဒီလိုပွဲမျိုးတွေ ရှိသင့်ပါတယ်။

အနုပညာဆိုင်ရာ လှုပ်ရှားမှုများအနေဖြင့် ရန်ကုန်တက္ကသိုလ်ဝိဇ္ဇာခန်းမတွင် Portrait ပုံတူရေးဆွဲခြင်း၊ ရုပ်ပြောင်ပုံများ ရေးဆွဲခြင်း၊ Post Card များ ရေးဆွဲခြင်းအပြင် ဖျော်ဖြေရေးအစီအစဉ်များအဖြစ် တက္ကသိုလ်ကျောင်းက ငွေလမင်း၊ နွံ့နှောင်းလုပ သုခုမယိမ်းအက၊ ချစ်ရက်ရှည်အင်းလျားမြေ၊ တိုင်းရင်းသားယိမ်းအက၊ ဂျပ်ဆင်ထိပ်ကလရိပ်ပြာ၊ ဓလေ့ရိုးရာ တို့ကျေးရွာ ရုပ်သေးသရုပ်ဖော်အကများဖြင့် ဖျော်ဖြေခဲ့ကြပြီး အသိပညာပေးအစီအစဉ်များအဖြစ် တိုင်းရင်းသားမျိုးနွယ်စုများ၏ ဝတ်စားဆင်ယင်မှု၊ ရိုးရာတူရိယာများ၊ ရိုးရာအစားအစာများနှင့် Landmark များ၏ ဓာတ်ပုံများနှင့် ဗီဒီယိုများ ပြသခြင်း၊ တိုင်းရင်းသား ရှစ်မျိုးတို့၏ အမျိုးသား၊ အမျိုးသမီးဝတ်စုံများအား ရုပ်တုများပေါ်တွင် ဝတ်ဆင်၍ ထင်ရှားသည့် တူရိယာများနှင့်အတူ ခင်းကျင်းပြသခြင်းများကို ပြုလုပ်ခဲ့ရာ ကျောင်းသား လူငယ်အများအပြား လာရောက်လေ့လာခဲ့ကြပြီး ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အလားတူ ပွဲတော်တွင် လူငယ်များတီထွင်ထားသည့် သိပ္ပံပစ္စည်းများ၊ ဇီဝပြခန်းများ၊ IT ပစ္စည်းများ ပြသခြင်းများအပြင် အလုပ်အကိုင်အခွင့်အလမ်းပြပွဲများလည်း ပါဝင်ခဲ့ရာ ပါဝင်ဆောင်ရွက်ကြသူများနှင့်တွေ့ဆုံစဉ် ပါဝင်ပြသရခြင်းအကြောင်းနှင့် ပွဲတော်ကြီးအပေါ် ၎င်းတို့၏အမြင်များကို ပြန်လည်ရေးသား ဖော်ပြလိုက်သည်။

**မောင်အောင်ခန့်ဝေ (နောက်ဆုံးနှစ်၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်)**

ကျွန်တော်တို့လို လူငယ်တွေကို ပြောချင်တာက ဒီလိုမျိုး အိုင်တီလုပ်ငန်းတို့၊ နည်းပညာစမ်းသပ်မှုတို့ဆိုတာ လူငယ်တွေကြားမှာရှိပေမယ့် ပရောဂျက်တစ်ခုအနေနဲ့ပဲ ပြီးသွားကြတယ်၊ ဒါကို ကျွန်တော်တို့က လူငယ်တွေရဲ့အိပ်မက်တွေကို တကယ်ထုတ်လုပ်လာနိုင်အောင်၊ ဈေးကွက်ထဲ ဖြန့်လို့ရနိုင်အောင် လုပ်လို့ရတယ်၊ လုပ်နိုင်တယ်ဆိုတာကိုလည်း ပြချင်လို့ ဒီပြပွဲမှာဝင်ရောက်ပြသတာဖြစ်ပါတယ်၊ အခုလို ပါဝင်ခွင့်ရတဲ့အတွက် ကောင်းပါတယ်၊ ကျေနပ်မှုလည်း ရှိပါတယ်၊ ဘာကြောင့်လဲဆိုတော့ ကျောင်းသားလူငယ်တွေရဲ့အိပ်မက်စိတ်ကူးတွေကို အခုပွဲမှာ ဖလှယ်နိုင်ကြတယ်၊ ဘာတွေဆက်လုပ်ကြမလဲဆိုတာတွေ ပြောဆိုဖြစ်ကြတယ်၊ ကျွန်တော့်အမြင်ကတော့ ဒီလိုပွဲမျိုးဆိုတာ လုပ်သင့်တဲ့ပွဲတစ်ခုလို့မြင်ပါတယ်။

**မတိုးသဉ္ဇာခိုင် (ဓာတုဗေဒ ဂုဏ်ထူးတန်း တတိယနှစ်၊ ဒဂုံတက္ကသိုလ်)**

အခုလူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကို စိတ်ဝင်စားပါတယ်၊ အဓိကက အတွေ့အကြုံလိုချင်လို့ ပါဝင်တာဖြစ်ပါတယ်၊ ဒီလိုနိုင်ငံတော်အဆင့်ပွဲတော်ကို ဝင်ခွင့်ရတဲ့အတွက် ဂုဏ်လည်းယူပါတယ်၊ ပျော်လည်းပျော်ပါတယ်၊ ဒီပြခန်းကတော့ ရေဆိုးတွေကို ရေသန့်ပြန်လည်ထုတ်ယူတဲ့ နည်းပညာဖြစ်ပါတယ်၊ ပါဝင်တဲ့ပစ္စည်းတွေကတော့ ဈေးလည်းသက်သာပါတယ်၊ ပတ်ဝန်းကျင်မှာရှိတဲ့ ပစ္စည်းလေးတွေကိုလည်း တချို့နေရာတွေမှာသုံးထားပါတယ်၊ ရေမသန့်တဲ့ဒေသတွေမှာဆိုရင် အခု နည်းပညာကိုသုံးရင် အဆင်ပြေပါတယ်၊ ဒီကဏ္ဍမှာ ရေသန့်ထုတ်လုပ်တဲ့ နည်းပညာတင်မကပါဘူး သဲနဲ့ ပလတ်စတစ်ကိုရောပြီး အုတ်ထုတ်လုပ်တဲ့ပြကွက်လည်း ပါဝင်ပါတယ်၊ အဆောက်အအုံတွေလည်း ဆောက်လို့ရပါတယ်၊ အားလုံးစွန့်ပစ်ပစ္စည်းတွေ သုံးထားတဲ့အတွက် ကုန်ကျစရိတ်နည်းတယ်ဆိုတာ သိစေချင်တယ်။

**မောင်မျိုးမြတ်အောင် (သတ္တဗေဒ ဂုဏ်ထူးတန်း တတိယနှစ် )**

အခုဒီလိုပွဲမျိုးမှာ ပါဝင်ခွင့်ရတဲ့အတွက် ဝမ်းသာရပါတယ်၊ သူငယ်ချင်းတွေ အားလုံးလည်းပျော်နေကြတယ်၊ မေဂျာပေါင်းစုံက လာပြကြတော့ သူငယ်ချင်းအသစ်တွေအပြင် ဗဟုသုတတွေလည်း အပြန်အလှန်ဖလှယ်ခွင့်ရပါတယ်၊ ဒီပြခန်းမှာ ပါဝင်တာတွေကတော့ ခရုတို့၊ လိပ်ပြာတို့၊ သန္တာကျောက်တန်း၊ မိကျောင်းတို့ စတဲ့ သုတေသနလုပ်ထားတဲ့ အကောင်ငယ်လေးတွေ ပါဝင်ပါတယ်၊ ဒီ Zoology ဆိုတာ ကိုယ်ခန္ဓာနဲ့ တိရစ္ဆာန်တွေရဲ့ အကြောင်းတွေကို လေ့လာရတဲ့ ဘာသာရပ်တွေဖြစ်တဲ့အတွက် သက်ရှိတွေအကြောင်းကိုသိရမှာပါ၊ ပြီးတော့ ကျွန်တော်တို့ပြခန်းမှာ ရှားပါးမျိုးစိတ်တွေကိုလည်း ပြသထားတာမို့ လာရောက်လေ့လာစေလိုပါတယ်။

**ဦးတင်မောင်သိန်း( ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုပညာအသင်း)**

ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုပညာ အသင်းအနေနဲ့ လူ့စွမ်းအားအရင်းအမြစ်တွေ စီမံခန့်ခွဲတဲ့ပညာရပ်တွေ တိုးတက်ရေးအတွက် တစိုက်မတ်မတ် ဆောင်ရွက်နေတဲ့ အသင်းဖြစ်ပါတယ်၊ ဒီနေ့ပွဲမှာ ကျွန်တော်တို့အသင်းက အသင်းဝင်အသစ်တွေကို လက်ခံပေးခြင်း၊ လူငယ်များ အသက်မွေးဝမ်းကျောင်းပညာရွေးချယ်တဲ့နေရာမှာ သူတို့ရဲ့ ပင်ကိုဝါသနာနဲ့ လိုက်လျောညီထွေဖြစ်စေတဲ့ အလုပ်တွေ လုပ်နိုင်စေဖို့ အကြံပေးပါတယ်၊ နောက်တစ်ခုက ကျောင်းပြီးစလူငယ်တွေ လုပ်ငန်းခွင်ဝင်ဖို့ ဘယ်လိုပြင်ဆင်ရမယ်ဆိုတာတွေ စတဲ့အတွေးအမြင်အသိပညာတွေကို ဖြန့်ဝေပေးခြင်းဖြစ်ပါတယ်၊ လူငယ်တွေအနေနဲ့ လေ့လာသင်ယူမှုနဲ့ အသက်မွေးဝမ်းကျောင်း တစ်ထပ်တည်းမကျလို့ အလုပ်မမြဲတာ၊ မထူးချွန်တာတွေ အမြဲလိုလိုတွေ့နေရပါတယ်၊ ဒီလိုမျိုးတွေ တွေ့တဲ့အခါ ဖြည့်ဆည်းပေးချင်တာဖြစ်တဲ့အတွက် ဒီအစီအစဉ်လေးကိုလုပ်ခဲ့ပြီး အခုလိုပွဲမှာ ပါဝင်ဖြစ်တာဖြစ်ပါတယ်၊ ဒီလိုပွဲမျိုးကို ဒီထက် သိုက်သိုက်မြိုက်မြိုက် စည်စည်ကားကား ပြုလုပ်ပေးစေချင်ပါတယ်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် တတ်နိုင်တဲ့ဘက်က အုတ်တစ်ချပ် သဲတစ်ပွင့်အနေနဲ့ ပါဝင်ခွင့်ရတဲ့အတွက် ဝမ်းသာပီတိဖြစ်ရပါတယ်။

ပွဲတော်တွင် အဓိပတိလမ်းတစ်လျှောက် စီတန်းနေသောပြခန်းများ၊ RC ခန်းမအတွင်းမှ လူငယ်နှင့် အနုပညာဆွေးနွေးပွဲများ၊ စစ်ကိုင်းဆောင်နှင့် ပဲခူးဆောင်အရှေ့မှ အားကစားဆိုင်ရာ လှုပ်ရှားမှုပြိုင်ပွဲများ၊ သထုံဆောင်အတွင်းမှ အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲများ၊ သစ်ပုပ်ပင်အောက် ကဗျာရွတ်ဆိုခြင်းများအပြင် သစ်ပုပ်ပင်အနီး စာအုပ်ပြခန်းများ၊ စာအုပ်အရောင်းဆိုင်များ၊ စီးပွားရေးတက္ကသိုလ်ခန်းမတွင် ကျပန်းစကားပြောပြိုင်ပွဲများ၊ ဝိဇ္ဇာပညာခန်းမတွင်းမှ အနုပညာဖျော်ဖြေပွဲများနှင့် အနုပညာပြခန်းများ၊ စီးပွားရေးတက္ကသိုလ်ရှေ့ အလုပ်အကိုင်အခွင့်အလမ်းပြခန်းများ စသည်ဖြင့် ကဏ္ဍပေါင်းစုံမှ အစီအစဉ်ပေါင်းများစွာဖြင့် အားလုံးစုံညီ ပါဝင်ဆောင်ရွက်လျက်ရှိရာ လာရောက်လေ့လာသူများဖြင့် ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်လျက်ရှိခဲ့သည်။

**သတင်း-အောင်ကျော်ဦး၊ ခင်ဇာလီ**
**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)၊ ဇာဏီ**

## ၂၀၁၇ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ သတင်းမီဒီယာများ တက်ရောက်နိုင်

**နေပြည်တော် ဒီဇင်ဘာ ၁**

၂၀၁၇ ခုနှစ် နှစ်လယ်မြန်မာ့ ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဒီဇင်ဘာ ၁၂ ရက်မှ ၂၁ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများအနေဖြင့် ဒီဇင်ဘာ ၁၂ ရက်မှ ၁၅ ရက်အထိ အဆိုပါပြပွဲသို့ ဝင်ရောက်သတင်းရယူနိုင်မည်ဖြစ်ပြီး ပြပွဲအရောင်း စာရင်းအချက်အလက်များနှင့် ပတ်သက်၍ မဏိရတနာ ကျောက်စိမ်းခန်းမရှိ နဝရတ်ကိုးသွယ်ဂိတ်၌ ဒီဇင်ဘာ ၂၁ ရက် ညနေပိုင်းတွင် သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

သို့ဖြစ်၍ သတင်းတက်ရောက်ရယူလိုသည့် ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများအနေဖြင့် ဝင်ခွင့်ပြုလုပ်နိုင်ရေးအတွက် ဒီဇင်ဘာ ၇ ရက်နောက်ဆုံးထား၍ သတ်မှတ်ပုံစံ ဖြည့်စွက်ကာ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန နေပြည်တော်သို့ ပေးပို့ရန်နှင့် သတ်မှတ်ပုံစံများအား မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းတို့တွင် ရယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဖုန်း- ၀၆၇-၄၁၂၂၂၅ နှင့် ၄၁၂၂၂၆တို့သို့ လည်းကောင်း၊ ၂၀၁၇ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ စီမံရေးရာလုပ်ငန်းကော်မတီ ဖုန်း- ၀၆၇-၄၁၄၄၉၇ နှင့် ၄၁၄၄၉၈ တို့သို့ လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်တွင် ဟောပြောဆွေးနွေးသွားမည့် ရန်ကုန်တက္ကသိုလ်ပါမောက္ခများ၏ စကားသံများ

**တွေ့ဆုံမေးမြန်း- နန္ဒာဝင်း ၊ ဓာတ်ပုံ- ရဲထွဋ်**

**လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကို ရန်ကုန်တက္ကသိုလ်၌ ဒီဇင်ဘာ ၁ ရက်မှစ၍ ကျင်းပလျက်ရှိပြီး ဒီဇင်ဘာ ၁ ရက်မှ ၃ ရက်အထိ ပွဲတော်ကာလသုံးရက်အတွင်း စာပေဆိုင်ရာလှုပ်ရှားမှုများ၊ အနုပညာဆိုင်ရာလှုပ်ရှားမှုများ၊ အားကစားဆိုင်ရာလှုပ်ရှားမှုများ၊ IT နှင့် သိပ္ပံနည်းပညာဆိုင်ရာလှုပ်ရှားမှုများ ပါဝင်မည်ဖြစ်ပြီး စာအုပ်စျေးရောင်းပွဲတော်များ၊ လူငယ်ဆိုင်ရာ အသိပညာပေးအစီအစဉ်များ၊ ဆွေးနွေးပွဲများ၊ အဆို၊ အက၊ အတီးများဖြင့် ဖျော်ဖြေမှုများ ပါဝင်မည်ဖြစ်သည်။**


ဒေါက်တာနီဝင်းဇော်


ဒေါက်တာနီနီသန်း


ဒေါက်တာနီလာကြူ


ဒေါက်တာပိုးပိုး

ထို့ပြင် ရန်ကုန်တက္ကသိုလ်ဘာသာရပ်ဌာန ၂၁ ခုမှ ပြခန်းများပါဝင်မည်ဖြစ်ပြီး ဘာသာရပ်ဆိုင်ရာ ပါမောက္ခကြီးများက ဒီဇင်ဘာ ၁ ရက်မှ ၃ ရက်အထိ နေ့စဉ် နံနက် ၁၀ နာရီမှ ၁၁ နာရီအထိ ပြခန်းအသီးသီးတွင် ရှင်းလင်းဟောပြောသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဘာသာရပ်ဆိုင်ရာ ပါမောက္ခများကို မြန်မာ့သတင်းစဉ်က ယခုကဲ့သို့ တွေ့ဆုံမေးမြန်းခဲ့သည်။

**ဒေါက်တာ နီဝင်းဇော်**
**(ပါမောက္ခဌာနမှူး၊ စာကြည့်တိုက်နှင့် သုတပညာဌာန၊ ရန်ကုန်တက္ကသိုလ်)**

ကျွန်မတို့ဌာနက ဘွဲ့ကြိုတန်းကနေ ပါရဂူတန်းတွေအထိ သင်ကြားပို့ချနေတယ်၊ စာကြည့်တိုက်တွေမှာ စာအုပ်တွေကို ဘယ်လိုစီမံခန့်ခွဲမယ်၊ အခု အီလက်ထရွန်နစ်ခေတ် ဖြစ်လာတဲ့အတွက် eResources တွေကို ဘယ်လို စီမံခန့်ခွဲမယ်၊ ဒစ်ဂျစ်တယ် Library တွေ ဘယ်လိုတည်ထောင်မယ် စသည်ဖြင့် စာကြည့်တိုက်နဲ့ သတင်းအချက်အလက် စီမံခန့်ခွဲတဲ့ ပညာကို သင်ကြားပို့ချနေတာ ဖြစ်ပါတယ်၊ ထူးချွန်ကျောင်းသားတွေက အင်္ဂလိပ်စာရမှတ် ၆၀ နဲ့ စုစုပေါင်းရမှတ် ၃၈၀ ရရင် ပထမနှစ် သင်တန်းကို တက်ရောက် လို့ရပါတယ်၊ ဒီပလိုမာကတော့ ဘွဲ့လွန်သင်တန်းဖြစ်တဲ့အတွက် ဘွဲ့တစ်ခုရပြီးရေးဖြေ၊ နှုတ်ဖြေဝင်ခွင့်စာမေးပွဲ ဖြေဆိုရပါတယ်၊ အောင်မြင်ရင် ဒီပလိုမာသင်တန်း တက်ခွင့်ရပါတယ်၊ အခုကတော့ စာကြည့်တိုက်နဲ့ သုတပညာဘာသာရပ်က တော်တော်လေး ခေတ်စားလာပါတယ်၊ စာကြည့်တိုက်တွေလည်း ဖွံ့ဖြိုးလာတယ်၊ ဒစ်ဂျစ်တယ် Library ခေတ်ကို ဦးတည်နေတဲ့အတွက် စီမံခန့်ခွဲတတ်အောင် သင်ကြားနေပါတယ်၊ ဒီဘာသာရပ်ကို လူငယ်တွေ စိတ်ဝင်တစား လေ့လာကြစေချင်ပါတယ်၊ ဒီဘာသာရပ်ကို သိသွားပြီဆိုရင် ဘယ်ဘာသာရပ်ကိုမဆို သင်ကြားဖို့ လွယ်ကူမယ်လို့ ထင်ပါတယ်။

**ဒေါက်တာ နီလာကြူ**
**(ပါမောက္ခဌာနမှူး၊ စိတ်ပညာဌာန၊ ရန်ကုန်တက္ကသိုလ်)**

ကျွန်မတို့ဌာနက စိတ်ပညာကျောင်းသားတွေကို ဘွဲ့ကြို၊ ဘွဲ့လွန်၊ မဟာတန်း၊ ပါရဂူဘွဲ့တွေနဲ့ ဒီပလိုမာသင်တန်းတွေလည်း ပေးနေပါတယ်၊ ကျောင်းဝင်ခွင့် ရချင်တယ်ဆိုရင် စုစုပေါင်းရမှတ် ၃၈၀ နဲ့ အင်္ဂလိပ်စာအမှတ် ၆၅ မှတ် ရှိရမှာဖြစ်ပါတယ်၊ ကျွန်မတို့က ကျောင်းသားတွေကို စာသင်ကြားပေးတဲ့အပြင် လက်တွေ့ရအောင် ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာနဝင်းထဲမှာ ဆိုက်ကိုလော်ဂျီ Clinic တစ်ခုကို ဖွင့်ပေးထားပါတယ်၊ ရည်ရွယ်ချက်က ကျောင်းသားတွေက Anger ၊ Anxiousty ၊ Depression လို ဖြစ်နေသူတွေကို ကောင့်ဆဲလ်လင်းလုပ်ပေးပါတယ်၊ နောက်ပြီး ကျောင်းသားတွေ ကျောင်းဝင်ခွင့်အတွက် IQ၊ EQ Test တွေကို စစ်ဆေးပေးပါတယ်၊ ရေရှည်မှာ ဦးတည်ထားတာက သိပ်ပြီး မပြင်းထန်တဲ့ စိတ်ပိုင်းဆိုင်ရာ Stress ၊ Depression တွေ ရှိတယ်ဆိုရင်၊ စိတ်ကျန်းမာရေးဆေးရုံ၊ ဆေးခန်းတွေသွားဖို့ ဝေးတယ် အခက်အခဲရှိတယ်ဆိုရင် အခမဲ့ကောင့်ဆဲလ်လင်းလုပ်ပေးပါတယ်၊ ကျောင်းသားတွေအတွက်က Clinical Physiologist တစ်ယောက် Professional ဖြစ်ဖို့ဆိုရင် ဆရာဝန်တွေ ဆေးရုံမှာ House ဆင်းရသလိုပဲ လက်တွေ့ဆင်းရပါတယ်၊ အခုလို ဖွင့်လိုက်တဲ့အတွက် လူနာရှိတော့ ကလေးတွေလည်း လက်တွေ့ဆင်းလို့ရအောင် ဆိုက်ကို လော်ဂျီ Clinic တစ်ခု စဖွင့်ပေးနေပါတယ်၊ ကျောင်းသားကို ဦးတည်တယ်ဆိုပေမယ့် ဘယ်သူမဆို ပြဿနာရှိလို့ လာဆွေးနွေးချင်တယ်ဆိုရင် အခမဲ့ကောင့်ဆဲလင်းလုပ်ပေးပါတယ်၊ အသက်မွေးဝမ်းကျောင်းအနေနဲ့ကတော့ ဆိုက်ကိုလော်ဂျီရဲ့ နယ်ပယ်က ကျယ်ပြန့်ပါတယ်၊ စိတ်ပညာဆိုတာ လူတွေ အကြောင်းကိုလေ့လာပြီး ဘဝတွေကို ပိုမြှင့်တင်ပေးဖို့ ဖြစ်ပါတယ်၊ ကျောင်းသားဆိုရင်လည်း ပညာရေးမှာ ပိုထူးချွန်အောင်၊ ဝန်ထမ်းဆိုရင်လည်း ပျော်ရွှင်တဲ့ဝန်ထမ်းဖြစ်အောင်၊ နေ့စဉ်ဘဝဆိုရင်လည်း စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာနဲ့ အသက်ရှည်ရှည်နေနိုင်ဖို့ ကျွန်မတို့ စိတ်ပညာက သုတေသနတွေလုပ်နေပါတယ်၊ လူတွေက သူတို့ရဲ့ ပြဿနာတွေကို ကျွမ်းကျင်တဲ့ Physiologist တစ်ယောက်ဆီမှာ ပြောပြမယ်ဆိုရင် သူ့ရဲ့အကူအညီနဲ့ ပြဿနာကို ဖြေရှင်းပေးနိုင်တဲ့ နည်းလမ်းကို အမြန်ဆုံးရနိုင်တဲ့အတွက် အခြားနိုင်ငံတွေမှာတော့ အနုပညာရှင်တွေ၊ နာမည်ကျော်ကြားသူတွေ၊ စီးပွားရေးပညာရှင်တွေကတော့ စိတ်ပင်ပန်းလာပြီ၊ စိတ်ဓာတ်ကျလာပြီဆိုရင် ကောင့်ဆဲလ်လင်းလုပ်လိုက်တဲ့အတွက် ဆိုးဆိုးရွားရွား မဖြစ်တော့ဘူး၊ ကျွန်မတို့နိုင်ငံမှာတော့ အခုမှ စနေပါသေးတယ်၊ အဲလို လုပ်ပေးနိုင်မယ်ဆိုရင် ကိုယ့်ကိုယ်ကိုယ်သတ်သေတာ၊ စိတ်ကျန်းမာရေးဆေးရုံရောက်သွားတာ၊ စိတ်ဖိစီးမှုကို နည်းလမ်းမမှန်ဘဲ ဖြေရှင်းတဲ့ အရက်စွဲတာ၊ ဆေးစွဲတာမျိုးတွေ မဖြစ်တော့ပါဘူး၊ ဒီလို အသက်မွေးဝမ်းကျောင်းပညာရှင်မျိုးတွေကို ကျွန်မတို့ မွေးထုတ်ပေးနေပါတယ်။

**ဒေါက်တာ ပိုးပိုး**
**(ပါမောက္ခဌာနမှူး၊ အင်္ဂလိပ်စာဌာန၊ ရန်ကုန်တက္ကသိုလ်)**

အင်္ဂလိပ်စာနဲ့ပတ်သက်ပြီး BA (Eng) အတွက်ပထမနှစ်မှ နောက်ဆုံးနှစ်အထိ သင်တန်းတွေနဲ့ ဘွဲ့လွန် အင်္ဂလိပ်စာဒီပလိုမာသင်တန်း၊ အင်္ဂလိပ်စာသင်ကြားရေး ဒီပလိုမာသင်တန်းတွေလည်း ဖွင့်နေပါတယ်၊ မဟာတန်းတွေ၊ ပါရဂူတန်းတွေလည်း ဖွင့်လှစ်သင်ကြားပေးနေပါတယ်၊ အင်္ဂလိပ်မေဂျာကို ရန်ကုန်တက္ကသိုလ်မှာ တက်ရောက်ဖို့ဆိုရင် အင်္ဂလိပ်စာဂုဏ်ထူးထွက်ရပါမယ်၊ ရမှတ် စုစုပေါင်းက ၄၅၀ ကျော် ရရှိရပါမယ်၊ အများစုကတော့ အင်္ဂလိပ်စာကို စိတ်ဝင်စားသူတွေ လာတက်ကြတာများပါတယ်၊ ကျွန်မတို့ဌာနက လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုအစီအစဉ်အနေနဲ့ ဒီပလိုမာသင်တန်းကိုလည်း သင်ကြားပေးပါတယ်၊ ဘွဲ့ရပြီးတဲ့ ဘယ်သူမဆို တက်ရောက်လို့ရပါတယ်၊

စာမျက်နှာ ၁၂ သို့

# လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်တွင် အားကစားပြိုင်ပွဲများ စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁**

ရန်ကုန်တက္ကသိုလ်ဝင်း၌ ယနေ့ နံနက် ၉ နာရီမှစ၍ လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ကို တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ဆရာ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာသိပ္ပံကျောင်းမှ ကစားသမားများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြသည်။

အဆိုပါ ပွဲတော်တွင် အားကစားပြိုင်ပွဲများအနေဖြင့် အမျိုးသား၊ အမျိုးသမီး လွန်ဆွဲပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲ၊ ခေါင်းအုံးရိုက်ပြိုင်ပွဲ၊ ကြံ့ခိုင်စွမ်းရည်ပြိုင်ပွဲ၊ ဂုန်နီအိတ်စွပ်ပြိုင်ပွဲ၊ ဘတ်စကက်ဘောဂိုးသွင်းပြိုင်ပွဲ၊ သုံးချောင်းထောက်ပြေးပြိုင်ပွဲများအပြင် ခြင်းလုံး၊ ဝူရှူး၊ ကျွမ်းဘား၊ သိုင်း၊ ကရာတေးဒို အားကစားသရုပ်ပြပြိုင်ပွဲများ ပါဝင်ပြသကြောင်း သိရသည်။

“ဒီပြိုင်ပွဲတွေကို ဘယ်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပါတယ်၊ အဓိကက ကျောင်းသူကျောင်းသား လူငယ်တွေကို အားကစားလုပ်ရခြင်းရဲ့ အကျိုးရဖို့အတွက်ပါ၊ ပြိုင်ပွဲတွေကို နံနက် ၉ နာရီမှာ တစ်ပိုင်း၊ မွန်းလွဲ ၁ နာရီမှာ တစ်ပိုင်း အပိုင်းနှစ်ပိုင်းနဲ့ ကျင်းပတာပါ၊ ဆုတွေကို ကျန်းမာရေးနဲ့ အားကစားဝန်ကြီးဌာနရဲ့ ဘတ်ဂျက်ထဲကနေ ကျခံသုံးစွဲတာပါ” ဟု ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးခွန်ဂျာအောင်က ပြောသည်။

ယင်းပြိုင်ပွဲတွင် ဆုကြေးများအနေဖြင့် လွန်ဆွဲပြိုင်ပွဲနှင့် ထုပ်ဆီးတိုးပြိုင်ပွဲကို ပထမဆု ငါးသိန်း၊ ဒုတိယဆု သုံးသိန်း၊ တတိယဆု နှစ်သိန်းသတ်မှတ်ထားပြီး ကျန်ပြိုင်ပွဲများကို ဆုငွေကျပ်တစ်သောင်းမှ ငွေကျပ် သုံးသောင်းအထိ သတ်မှတ်ထားကြောင်း သိရသည်။

“ကျောင်းမှာထဲက ထုပ်ဆီးတိုးတာဝါသနာပါတယ်၊ အဲဒါကြောင့် ဝင်ရောက်ယှဉ်ပြိုင်တာပါ၊ တချို့တွေကလည်း ဘတ်စကက်ဘော ပြိုင်ပွဲကို သွားကစားကြတယ်၊ အနယ်နယ်အရပ်ရပ်က လူပေါင်းစုံအများကြီး တွေ့ရတော့ ပျော်ရွှင်မိပါတယ်၊ ဒီပွဲတော်ဟာ ဗဟုသုတလည်းရတယ်၊ နောက်လည်း ဆက်လက်ကျင်းပစေချင်တယ်၊ နောက်နှစ် ဒီနေရာမှာ ဒီလူတွေ ပြန်ဆုံဖို့ ဆုတောင်းပါတယ်၊ အခုလိုလုပ်ပေးတဲ့အတွက် နိုင်ငံတော်ကိုလည်း ကျေးဇူးတင်ပါတယ်” ဟု လူမှုဝန်ထမ်း ဦးစီးဌာန၊ အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မဇာကြည်အေးက ပြောသည်။


လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်တွင် ကြံ့ခိုင်စွမ်းရည်ပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေကြစဉ်။ ဓာတ်ပုံ-အေးမင်းသူ



လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်တွင် ကရာတေးဒိုသရုပ်ပြပြိုင်ပွဲနှင့် ဂုန်နီအိတ်စွပ်ပြေးပြိုင်ပွဲ ယှဉ်ပြိုင်ကစားကြစဉ်။ ဓာတ်ပုံ-အေးမင်းသူ

ယနေ့ကျင်းပသည့် ပွဲတော်နှင့် ပတ်သက်၍ နည်းပညာတက္ကသိုလ်(မှော်ဘီ)မှ ကျောင်းသူမသော်တာက “ညီမ နည်းပညာတက္ကသိုလ်(မှော်ဘီ) ကင်းထောက်အဖွဲ့ကပါ၊ ကျောင်းက ကြက်ခြေနီတွေနဲ့အတူ Volunteer လာလုပ်တဲ့သဘောပါ၊ အခုလိုပွဲတော်လုပ်တာ အလွန်ကောင်းပါတယ်၊ လူငယ်တွေအတွက် ကာယရော ဉာဏရော ဖွံ့ဖြိုးစေပါတယ်၊ ဒီခေတ်မှာ ဘွဲ့ရပေမယ့် အလုပ်ရှာရခက်တယ်လေ၊ ဒီပွဲမှာ အလုပ်အကိုင်အခွင့်အလမ်းနဲ့ ပတ်သက်တဲ့ ပြခန်းတွေပါဝင်တဲ့အတွက်လည်း ကောင်းပါတယ်၊ အခုလို အားကစားပွဲတော်တွေကို လုပ်တဲ့အတွက် မြန်မာ့ရိုးရာအားကစားနည်းတွေလည်း မတိမ်မြုပ်တော့ဘူး၊ လူငယ်တွေ တော်တော်များများက မိုဘိုင်းဂိမ်းမှာပဲ အာရုံစိုက်ကြတာများတယ်။ အဲဒါကြောင့် ဒီလိုပွဲမျိုးလေးတွေ များများလုပ်ပေးစေချင်ပါတယ်” ဟု ပြောသည်။

ယနေ့ ကျင်းပသည့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်တွင် ပါဝင်သော အားကစား ပြိုင်ပွဲများကို ဒီဇင်ဘာ ၂ ရက်နှင့် ၃ ရက်နေ့များတွင်လည်း ပြိုင်ပွဲများအလိုက် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်းသိရသည်။ **ဇာနည်မောင်**

# မောင်တော ကညင်ချောင်းစီးပွားရေးဇုန်ကို ငွေကျပ်သိန်းပေါင်းနှစ်သောင်းကျော် ထပ်မံဖြည့်စွက် အကောင်အထည်ဖော်ဆောင်ရွက်မည်

**မောင်တော ဒီဇင်ဘာ ၁**

ရခိုင်ပြည်နယ် မောင်တောမြို့မှ သုံးမိုင်ကွာဝေးသော ကညင်ချောင်းစီးပွားရေးဇုန်ကို ယခုအခါ ပြည်နယ်အစိုးရမှ ငွေကျပ်သိန်းပေါင်း ၁၅၀၀၀ နှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များမှ ငွေကျပ် သိန်းပေါင်း ၇၀၀၀ စုစုပေါင်း ငွေကျပ်သိန်းပေါင်း ၂၂၀၀၀ ဖြင့် လုပ်ငန်းများ စတင်ဆောင်ရွက်မှုကို ပြည်နယ်အစိုးရအဖွဲ့နှင့် နတ်မြစ်အလင်း ကုမ္ပဏီလီမိတက်တို့ အကျိုးတူပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း ယနေ့ကျင်းပသော ကညင်ချောင်းစီးပွားရေးဇုန်လုပ်ငန်း စတင်ဆောင်ရွက်ခြင်း အခမ်းအနားမှ သိရသည်။

အဆိုပါ ကညင်ချောင်းစီးပွားရေးဇုန်လုပ်ငန်း စတင်ဆောင်ရွက်ခြင်း အခမ်းအနားသို့ ကညင်ချောင်းစီးပွားရေးဇုန်စီမံခန့်ခွဲရေးကော်မတီနာယက၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ကညင်ချောင်းစီးပွားရေးဇုန် စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ - ၁ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်၊ ကညင်ချောင်းစီးပွားရေးဇုန် စီမံခန့်ခွဲရေးကော်မတီ ဒုတိယဥက္ကဋ္ဌ - ၂ ဦးအောင်မြင့်သိန်း၊ အတွင်းရေးမှူး ဦးမြင့်ခိုင်တို့ တက်ရောက်ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယနေ့ကျင်းပသော ကညင်ချောင်းစီးပွားရေးဇုန်လုပ်ငန်း စတင်ဆောင်ရွက်ခြင်း အခမ်းအနားတွင် စီမံခန့်ခွဲရေးကော်မတီနာယကဦးညီပုက "ဒီနေ့ ကညင်ချောင်း စီးပွားရေးဇုန် စတင်



နယ်စပ်ကိုးပေါက်တွင် ကုန်သွယ်မှုအသာစီးရနေသော မောင်တောစီးပွားရေးဇုန် တည်ဆောက်နေမှုမြင်ကွင်း။

ခြေလှမ်းလှမ်းတာ ဖြစ်ပါတယ်၊ ဒီလို လှမ်းနိုင်ဖို့လည်း ယခင်ကတည်းက အများကြီး ဆောင်ရွက်ခဲ့ကြတဲ့ အနေအထားတွေ့ရတယ်၊ ကညင်ချောင်းစီးပွားရေးဇုန်နဲ့အညီ စီးပွားရေးဇုန်တစ်ရပ်ပေါ်လာတာနဲ့အမျှ ဒီဒေသအတွက် အကျိုးအများကြီး ဖြစ်လာမှာပါ။ နိုင်ငံတစ်နိုင်ငံမှာ တည်ငြိမ်အေးချမ်းမှု စီးပွားရေးကောင်းမှာ ဖြစ်သလို စီးပွားရေးကောင်းမှလည်း နိုင်ငံတည်ငြိမ်အေးချမ်းမှာ ဖြစ်ပါတယ်၊ တစ်ပြိုင်နက်တည်းကောင်းမွန်ဖို့ နိုင်ငံတော်အစိုးရအနေနဲ့လည်း မူဝါဒချပြီး အကောင်အထည်ဖော်နေတာ ရှိပါတယ်၊ နိုင်ငံတော်အစိုးရအနေနဲ့ ရခိုင်ပြည်နယ်အခြေအနေအရပ်ရပ်တွေအပေါ်မှာ ပိုအလေးထားဆောင်ရွက်ပေးနေပါတယ်၊ ဩဂုတ် ၂၅ ရက် ဖြစ်ပွားပြီးနောက်ပိုင်းမှာ ဒီဒေသအတွက် ပိုပြီးတော့ စီးပွားရေးဖွံ့ဖြိုးဖို့၊ တည်ငြိမ်အေးချမ်းဖို့နဲ့ ရေရှည်လူမှုဘဝဖွံ့ဖြိုးတိုးတက်ဖို့ စတဲ့ ကဏ္ဍတွေကို အထူးဦးစားပေး ဆောင်ရွက်နေတယ်ဆိုတာ အားလုံးအသိဖြစ်ပါတယ်၊ ဒီဒေသမှာ ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်ဖို့ကို တစ်နိုင်ငံလုံးအနေနဲ့ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်နေပါတယ်" ဟု ပြောကြားသည်။

ယခု အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မောင်တော ကညင်ချောင်း စီးပွားရေးဇုန်ကို သက်ဆိုင်ရာအစိုးရအဖွဲ့နှင့် မောင်တောဒေသ စီးပွားရေးလုပ်ငန်းရှင်များက ၂၀၁၅ ခုနှစ် အောက်တိုဘာတွင် စတင်အကောင်အထည်ဖော်လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ ပထမပိုင်းအနေဖြင့် စုစုပေါင်း ၄၉ ဒသမ ၆ ဧကပေါ်တွင် စတင်ခဲ့ပြီး ယခုအခါ ကညင်ချောင်း ကုန်သွယ်ရေးဇုန်မှ ကညင်ချောင်းစီးပွားရေးဇုန်အဖြစ် အဆင့်မြှင့်တင်ရန် ဧက ၁၀၀ ကို ထပ်မံတိုးချဲ့ ပြင်ဆင်လျက်ရှိပြီး သတ်မှတ်ကာလအတွင်း အပြီးဆောင်ရွက်နိုင်ရန်လည်း စီစဉ်လျက်ရှိသည်။ ကညင်ချောင်း စီးပွားရေးဇုန်သည် တစ်ဖက်ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ရေလမ်းခရီးမှ ကုန်သွယ်မှုပြု ကူးလူးသွားလာလျှင် ၁၅ မိနစ် ဝန်းကျင်ခန့်သာ သွားလာရပြီး အထူးသဖြင့် သွင်းကုန်ထက် ပို့ကုန်ကဏ္ဍကို အထူးဦးစားပေးကုန်သွယ်မှုပြုမည့် ကုန်သွယ်ရေးဇုန်တစ်ခု ဖြစ်သည်။ မြန်မာနိုင်ငံ နယ်စပ်ကုန်သွယ်ရေးဇုန်များအနက် မောင်တောနယ်စပ် ကုန်သွယ်ရေးသည် ပို့ကုန်ကဏ္ဍအနေဖြင့် ရာခိုင်နှုန်း ၉၀ အထိ ကုန်သွယ်မှုပြုလျက်ရှိပြီး သွင်းကုန်အနေဖြင့် ၁၀ ရာခိုင်နှုန်းသာ ကုန်သွယ်မှုပြုသော နယ်စပ်ကုန်သွယ်ရေးဇုန်ဖြစ်ကာ ကုန်သွယ်မှုပြုရာတွင်လည်း အမေရိကန်ဒေါ်လာတစ်မျိုးတည်းကိုသာ အသုံးပြုလျက်ရှိကြောင်း သိရသည်။

"မောင်တော စီးပွားရေးဇုန်ဟာ နယ်စပ်ကိုးပေါက်မှာ ကုန်သွယ်မှုအသာစီးရထားတဲ့ ဇုန်ဖြစ်ပါတယ်၊ ၂၀၁၂ ခုနှစ် ဖြစ်စဉ်မတိုင်ခင် နယ်စပ်ကုန်သွယ်ရေးရုံးချုပ်က ချမှတ်ထားတဲ့ ကိန်းဂဏန်းတွေ လေ့လာကြည့်တဲ့အခါ ရာနှုန်းပြည့်ထက် ကျော်လွန်နေပေမယ့် ၂၀၁၆ ခုနှစ် ဇူလိုင်လနောက်ပိုင်းမှာ ပို့ကုန်၊ သွင်းကုန် စုစုပေါင်း ကုန်သွယ်မှုရာခိုင်နှုန်း ၆၀ အောက်ကျဆင်းသွားပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ် အောက်တိုဘာမှာ ပြည်နယ်အစိုးရက ငွေကျပ်သိန်း ၆၀၀၀၊ ပုဂ္ဂလိက ငွေကျပ်သိန်း ၄၀၀၀နဲ့ စတင် ဆောင်ရွက်ခဲ့ပါတယ်၊ ယခု ပြည်နယ်အစိုးရက ငွေကျပ်သိန်းပေါင်း ၁၅၀၀၀၊ ပုဂ္ဂလိက ငွေကျပ်သိန်းပေါင်း ၇၀၀၀ ထပ်မံဖြည့်စွက်ပြီး ၆၅ အချိုးနဲ့ ၃၅ ရာခိုင်နှုန်းအချိုးအကျိုးတူ ပူးပေါင်းဆောင်ရွက်မှာပါ၊ လမ်းဖောက်တာနဲ့ မြေဖို့တာကို ဒီဇင်ဘာ ပထမပတ်မှာ စတင်ပြီး ဖေဖော်ဝါရီလတွင်းအပြီးနဲ့ ကျန်အဆောက်အအုံအပိုင်းတွေကို မတ်လအပြီး တည်ဆောက်သွားမှာဖြစ်ပါတယ်" ဟု ကညင်ချောင်းစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီမှ ဦးအောင်မြင့်သိန်း(ဒုတိယဥက္ကဋ္ဌ-၂) က ပြောကြားသည်။

ကညင်ချောင်း စီးပွားရေးဇုန်၌ သားငါး၊ ပုစွန် သိုလှောင်ထားနိုင်မည့် အအေးခန်းများ၊ အထည်ချုပ်စက်ရုံများ၊ ကုန်သွယ်မှုပြုနိုင်သော ရုံးခန်းများအပြင် စားသောက်၊ တည်းခိုနေထိုင်နိုင်သော အဆောက်အအုံများလည်း ပါဝင်လာမည်ဖြစ်ပြီး အပိုင်း ၁ ဇုန်-Aကို ပထမအဆင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် မြေဧက ၄၉ ဒသမ ၅၈ ဧက၊ အပိုင်း ၂ တွင် ပါဝင်သော ဇုန် B ၊ ဇုန် C နှင့် ဇုန် D တို့ကို ဧက ၁၀၃ ဒသမ ၃၆ ဧက စုစုပေါင်း ဧရိယာ ၁၅၂ ဒသမ ၉၄ ဧကပေါ်တွင် အကောင်အထည်ဖော်တည်ဆောက်သွားမည်ဖြစ်သည်။ အဆိုပါ ကညင်ချောင်းစီးပွားရေးဇုန် ပြီးဆုံးပါက မောင်တောနယ်စပ်ကုန်သွယ်မှု ပမာဏမှာ ယခုထက်များစွာ ကုန်သွယ်မှုကဏ္ဍမြင့်မားလာမည်ဖြစ်ကြောင်း သိရသည်။ **သတင်းအဖွဲ့၊ ဓာတ်ပုံ-မင်းထက်**

# ပြည်နယ်အတွင်း မိုးစပါးရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်း စက်မှုလယ်ယာဦးစီးဌာန ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁**

ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် စပါးရိတ်သိမ်းရန် အခက်အခဲဖြစ်နေသော မောင်တောမြို့နယ်ရှိ မြို့သူကြီး၊ အုန်းတော၊ ကံပူ၊ ကျောင်းတောင်၊ အလယ်သံကျော်၊ နွားရုံတောင်၊ ဝါးချ၊ သံဒါ၊ မြင်းလွတ်၊ ကျီးကန်းပြင်၊ သီဟိုဠ်ကျွန်း၊ ဥဒေါင်း၊ လောင်းဒုံ၊ အောင်စစ်ပြင်၊ စပယ်ကုံး၊ သပြေတော၊ ဇော်မတက်၊ ဒိုးတန်း၊ ရွာသစ်ကော၊ ကျောက်ပန္နု၊ တပ်ဦးချောင်၊ ဒူးချီးရားတန်း၊ သရေကုန်းဘောင်ကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ အောက်တိုဘာ ၂၆ ရက်မှ နိုဝင်ဘာ ၃၀ ရက်ထိ စုစုပေါင်း ၄၁၁၁ ဧကကို ရိတ်သိမ်းပြီးဖြစ်သည်။



ထို့အတူ စစ်တွေမြို့နယ်အတွင်းရှိ ချောင်းနွယ်၊ ပါတလိပ်၊ သင်္ဂနက်၊ ကြို့တဲ၊ ကံ့ကော်ကျွန်း၊ မင်းဂံ၊ နာရီကန်ကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများရိတ်သိမ်းလျက်ရှိရာ အောက်တိုဘာ ၃၀ ရက်မှ နိုဝင်ဘာ ၃၀ ရက်ထိ စုစုပေါင်း ၃၀၉ ဧကကို ရိတ်သိမ်းပြီး ဖြစ်သည်။

မြောက်ဦးမြို့နယ်အတွင်းရှိ ပြလု၊ ဆင်ရိုးရှည်၊ မြက်ရိတ်ကျွန်း၊ ခွဆုံ၊ လေညှင်းသာ၊ ရတ်ချောင်း၊ အလယ်စျေးကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၅ ရက်မှ ၃၀ ရက်အထိ စုစုပေါင်း ၃၄၈ ဧက ရိတ်သိမ်းပြီး ဖြစ်သည်။

မင်းပြားမြို့နယ်အတွင်းရှိ ထောင်ရှည်၊ ကင်းဆိပ်၊ မော်ရွာ၊ ဖားပျော်၊ တောင်တိုက်၊ ပေပုကွဲကျေးရွာများနှင့် ဦးစိုးတင့်ရပ်ကွက်တွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၇ ရက်မှ ၃၀ ရက်အထိ စုစုပေါင်း ၁၇၅ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ကျောက်တော်မြို့နယ်အတွင်းရှိ ပုဏ္ဏား၊ လမ်းမတော်၊ ဒေါင်းတော်ယိုး၊ ကာဒီ၊ စဖိုသား၊ အပေါက်ဝ၊ ဂါပုကျေးရွာများတွင် စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၈ ရက်မှ ၃၀ ရက်အထိ စုစုပေါင်း ၂၂၇ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ရသေ့တောင်မြို့နယ်အတွင်းရှိ ချိန်ခါလိန်ကျေးရွာ၌ စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၈ ရက်မှ ၃၀ ရက်အထိ စုစုပေါင်း ၂၂၂ ဧက ရိတ်သိမ်းပြီးဖြစ်သည်။

ဘူးသီးတောင်မြို့နယ်အတွင်းရှိ သပြုချောင်းကျေးရွာ၌ စက်မှုလယ်ယာဦးစီးဌာနမှ ရိတ်သိမ်းခြွေလှေ့စက်ကြီးများဖြင့် မိုးစပါးများ ရိတ်သိမ်းလျက်ရှိရာ နိုဝင်ဘာ ၁၀ ရက်မှ ၃၀ ရက်အထိ စုစုပေါင်း ၉၆ ဧက ရိတ်သိမ်းပြီး ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# စစ်တွေမြို့၌ (၄၃) နှစ်မြောက် ရခိုင်ပြည်နယ်နေ့အထိမ်းအမှတ် အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**စစ်တွေ ဒီဇင်ဘာ ၁**

ရခိုင်ပြည်နယ် စစ်တွေမြို့၌ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် ကျရောက်မည့် (၄၃) နှစ်မြောက် ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ်အခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(၄၃) နှစ်မြောက် ရခိုင်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဒီဇင်ဘာ ၉ ရက် နံနက် ၉ နာရီတွင် စာစီစာကုံး၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲများကို စစ်တွေမြို့အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ လည်းကောင်း၊ ဒီဇင်ဘာ ၁၀ ရက် နံနက် ၉ နာရီတွင် ရခိုင်ရိုးရာဝတ္ထုပုံပြင်ပြောပြိုင်ပွဲကို ဦးဥတ္တမခန်းမ၌ လည်းကောင်း၊ ဒီဇင်ဘာ ၁၄ ရက် ညနေ ၈ နာရီတွင် မစ္စတာတော့ပ် မျက်လှည့်ပြပွဲကို ဧည့်ဝတီ အားကစားကွင်း၌ လည်းကောင်း၊ ဒီဇင်ဘာ ၁၅ ရက် ည ၇ နာရီတွင် ရခိုင်ရိုးရာ ဝတ်စားဆင်ယင်မှုပြိုင်ပွဲနှင့် ဖျော်ဖြေရေးပွဲကို ဧည့်ဝတီအားကစားကွင်း၌ လည်းကောင်း စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

(၄၃) နှစ်မြောက် ရခိုင်ပြည်နယ်နေ့ သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားကို ဒီဇင်ဘာ ၁၅ ရက် နံနက် ၉ နာရီတွင် ဦးဥတ္တမခန်းမ၌ ဖတ်ကြားမည်။ ထို့အပြင် စာစီစာကုံး၊ ကာတွန်း၊ ပိုစတာနှင့် ရခိုင်ရိုးရာ ဝတ္ထုပုံပြင်ပြောပြိုင်ပွဲတွင် ဆုရရှိသူများကို တာဝန်ရှိပုဂ္ဂိုလ်များက ဆုများပေးအပ်ချီးမြှင့်မည်ဖြစ်သည်။

ရခိုင်ပြည်နယ်နေ့ အထိမ်းအမှတ်ရိုးရာ ကျင်ကိုင်ပွဲကို ဒီဇင်ဘာ ၁၃ ရက်မှ ၁၅ ရက်အထိ ဝက်ဘာကွင်း၌ လည်းကောင်း ကျင်းပမည်ဖြစ်ပြီး အဆိုပါ ရခိုင်ရိုးရာကျင်ကိုင်ပွဲတွင် ရွှေမောင်းတန်း၌ ပထမ ရွှေ ၄ ကျပ်သား၊ ဒုတိယရွှေ ၃ ကျပ်သား၊ ပူးတွဲတတိယ ရွှေ ၁ ကျပ်သားလည်းကောင်း၊ ငွေမောင်းတန်း၌ ပထမ ရွှေ ၃ ကျပ်သား၊ ဒုတိယ ရွှေ ၂ ကျပ်သား၊ ပူးတွဲတတိယ ရွှေ ၃ ကျပ်သားစီ ဆုများ အသီးသီး ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း ရခိုင်ပြည်နယ်နေ့ ကျင်းပွဲဖြစ်မြောက်ရေးကော်မတီမှ ပြောကြားသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

# မောင်တောမြို့နယ်ရှိ တိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်မှု ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁**

မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန် ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့သည် ပန်းတောပြင်စခန်းပတ်ဝန်းကျင်ရှိ ဗောဓိကုန်း (တိုင်းရင်းသား) ကျေးရွာတွင် နွားနှစ်ကောင်၊ ခုံတိုင်စခန်းပတ်ဝန်းကျင်ရှိ ရန်အောင်မြေ(တိုင်းရင်းသား)ကျေးရွာတွင် ဆိတ်တစ်ကောင်၊ ငါးခူရပတ်ဝန်းကျင်ရှိ မြို့သစ်(တိုင်းရင်းသား) ကျေးရွာတို့တွင် နွားတစ်ကောင်၊ ဆိတ်တစ်ကောင်တို့အား ကာကွယ်ကုသဆေးများ ထိုးနှံပေးပြီး စုစုပေါင်း စခန်းသုံးခု၏ ပတ်ဝန်းကျင်ကျေးရွာတို့တွင် နွားသုံးကောင်အား ကာကွယ်ကုသပေးခြင်း၊ ဆိတ်နှစ်ကောင်တို့အား ဆေးကုသဆောင်ရွက်ပေးခဲ့ပြီး ယနေ့အထိ စခန်းသုံးခုရှိ ကျေးရွာများတွင် စုစုပေါင်း နွား ၃၁၁ ကောင်တို့အား ကာကွယ်ကုသဆေးထိုးနှံပေးခြင်း၊ ဆိတ် ၆၇၂ ကောင်တို့အား ဆေးကုသပေးခဲ့ပြီး ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ၂၀၁၇ ခုနှစ် စက်တင်ဘာလနှင့် အောက်တိုဘာလတို့တွင် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေ

**နေပြည်တော် ဒီဇင်ဘာ ၁**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ စိစစ်ကာ ဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် စက်တင်ဘာလအတွင်း ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်း အပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၄၄၀ ဒသမ ၅၇၁ သန်းနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အောက်တိုဘာလအတွင်း ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်း အပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်း တန်ဖိုး အမေရိကန်ဒေါ်လာ ၁၀၅ ဒသမ ၁၀၀ သန်းခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် စက်တင်ဘာလနှင့် အောက်တိုဘာလအတွင်း ခွင့်ပြုခဲ့သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | ကဏ္ဍ | စက်တင်ဘာလ | | အောက်တိုဘာလ | |
|---|---|---|---|---|---|
| | | လုပ်ငန်းခုရေ | မတည်ငွေရင်း ပမာဏ US$ သန်း | လုပ်ငန်းခုရေ | မတည်ငွေရင်း ပမာဏ US$ သန်း |
| ၁။ | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ | | ၀.၁၅၀ * | ၁ | ၆၅.၄၄၀ |
| ၂။ | စက်မှုကဏ္ဍ | ၁၀ | ၂၆၅.၂၂၁ | ၁၀ | ၃၃.၃၇၅ * |
| ၃။ | လျှပ်စစ်ဓာတ်အားကဏ္ဍ | - | - | ၁ | ၃.၆၈၅ |
| ၄။ | အိမ်ရာအဆောက်အအုံကဏ္ဍ | ၁ | ၁၇၄.၀၀၀ | - | - |
| ၅။ | အခြားဝန်ဆောင်မှုကဏ္ဍ | ၁ | ၁.၂၀၀ | ၂ | ၂.၆၀၀ |
| | စုစုပေါင်း | ၁၂ | ၄၄၀.၅၇၁ | ၁၄ | ၁၀၅.၁၀၀ |

* ရင်းနှီးမြှုပ်နှံမှုပမာဏများ၌ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ထားသည့် ပမာဏများ ထည့်သွင်းဖော်ပြထားခြင်းဖြစ်ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် စက်တင်ဘာလအတွင်း ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်း အပါအဝင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု စုစုပေါင်း အမေရိကန်ဒေါ်လာ ၆ ဒသမ ၅၈၀ သန်း အပါအဝင် ငွေကျပ် ၇၆၈၈၅ ဒသမ ၃၃၇ သန်းနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အောက်တိုဘာလအတွင်း မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု စုစုပေါင်း တန်ဖိုးငွေကျပ် ၃၉၂ ဒသမ ၇၀၀ သန်း ခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့သည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် စက်တင်ဘာလနှင့် အောက်တိုဘာလအတွင်း ခွင့်ပြုခဲ့သည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်သည်-

| စဉ် | ကဏ္ဍ | စက်တင်ဘာလ | | အောက်တိုဘာလ | |
|---|---|---|---|---|---|
| | | လုပ်ငန်းခုရေ | မတည်ငွေရင်း ပမာဏ ကျပ်သန်း | လုပ်ငန်းခုရေ | မတည်ငွေရင်း ပမာဏ ကျပ်သန်း |
| ၁။ | စက်မှုကဏ္ဍ | ၂ | ၁၆၀၀.၉၈၀ | ၁ | ၃၉၂.၇၀၀ |
| ၂။ | ဆောက်လုပ်ရေးလုပ်ငန်းကဏ္ဍ | - | ၆၅၇၈၄.၃၅၇ * | - | - |
| ၃။ | လယ်ယာကဏ္ဍ | ၁ | ၄၀၀.၀၀၀ | - | - |
| ၄။ | အခြားလုပ်ငန်းကဏ္ဍ | ၃ | ၉၁၀၀.၀၀၀ | - | - |
| | စုစုပေါင်း | ၆ | ၇၆၈၈၅.၃၃၇ | ၁ | ၃၉၂.၇၀၀ |

* ရင်းနှီးမြှုပ်နှံမှုပမာဏများ၌ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ထားသည့် ပမာဏများ ထည့်သွင်းဖော်ပြထားခြင်းဖြစ်ပါသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် စက်တင်ဘာလနှင့် အောက်တိုဘာလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ ကဏ္ဍအလိုက် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးချဲ့ဖန်တီးနိုင်မှု အခြေအနေမှာ အထက်ပါအတိုင်းဖြစ်သည်-

| စဉ် | ကဏ္ဍ | ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်း တိုးချဲ့ဖန်တီးနိုင်မှု(ဦးရေ) | |
|---|---|---|---|
| | | စက်တင်ဘာလ | အောက်တိုဘာလ |
| ၁။ | စက်မှုကဏ္ဍ | ၄၄၀၆ | ၆၇၄၉ |
| ၂။ | လျှပ်စစ်ဓာတ်အားကဏ္ဍ | - | ၁၆ |
| ၃။ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍ | - | ၇၉ |
| ၄။ | အိမ်ရာနှင့် အဆောက်အအုံ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ | ၆၁ | - |
| ၅။ | အခြားဝန်ဆောင်မှုကဏ္ဍ | ၂၃ | ၂၃၉ |
| | စုစုပေါင်း | ၄၄၉၀ | ၇၀၈၃ |

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် စက်တင်ဘာလနှင့် အောက်တိုဘာလအတွင်း မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ ကဏ္ဍအလိုက် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ တိုးချဲ့ဖန်တီးနိုင်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | ကဏ္ဍ | ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်း တိုးချဲ့ဖန်တီးနိုင်မှု(ဦးရေ) | |
|---|---|---|---|
| | | စက်တင်ဘာလအတွင်း | အောက်တိုဘာလအတွင်း |
| ၁။ | စက်မှုကဏ္ဍ | ၁၈၀ | ၃၅ |
| ၂။ | လယ်ယာကဏ္ဍ | ၁၁ | - |
| ၃။ | အခြားဝန်ဆောင်မှုကဏ္ဍ | ၄၀၄ | - |
| | စုစုပေါင်း | ၅၉၅ | ၃၅ |

**သတင်းစဉ်**

*စာမျက်နှာ ၁၁ မှ*

အင်္ဂလိပ်စာကတော့ အများသိတဲ့အတိုင်းပါပဲ၊ ဘွဲ့ရသွားပြီးတဲ့အခါ နယ်ပယ်အသီးသီးကို ဝင်ရောက်လို့ရပါတယ်၊ ဒါ့အပြင် အခုခေတ်မှာ စကားပြန်၊ ဘာသာပြန်တွေကလည်း လိုအပ်လာတော့ အဲလိုလုပ်ငန်းတွေမှာ ဝင်ရောက်နေတာတွေ ရှိသလို၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဘဏ်လုပ်ငန်း၊ ပုဂ္ဂလိက ကုမ္ပဏီတွေ ၊ NGO တွေမှာ ဝင်ရောက်နေတာတွေလည်း ရှိပါတယ်၊ အလုပ်အကိုင်အခွင့်အလမ်းကတော့ အများကြီး ရှိပါတယ်၊ အခုခေတ်မှာ အင်္ဂလိပ်စာ လေ့လာသင်ကြားဖို့ အများကြီးလိုအပ်လာပြီ၊ တိုင်းပြည်ကလည်း အပြည်ပြည်ဆိုင်ရာနဲ့ ဆက်သွယ်လာတဲ့အတွက် အင်္ဂလိပ် ဘာသာက အရေးကြီးနေပါပြီ၊ လေ့လာဖို့နည်းလမ်းတွေလည်း အများကြီးရှိလာပြီ၊ အခွင့်အလမ်းတွေလည်း များလာပါပြီ၊ တိုင်းပြည်ရဲ့ အနာဂတ်က ယနေ့ခေတ်လူငယ် တွေရဲ့ လက်ထဲမှာပဲရှိတဲ့အတွက် ယနေ့ခေတ်လူငယ်တွေက အင်္ဂလိပ်စာကို ကျွမ်းကျွမ်းကျင်ကျင် ပြောနိုင်၊ ဆိုနိုင်မယ်ဆိုရင် မိမိတို့နိုင်ငံကလည်း နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်လာမှာဖြစ်ပါတယ်။

**ဒေါက်တာနီနီသန်း**

**(ပါမောက္ခ ၊ ဓာတုဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)**

ကျွန်မတို့ဌာနမှာ ပထမနှစ်က ပါရဂူဘွဲ့အထိဆိုရင် ကျောင်းသား ၄၀၀ လောက်ရှိပါတယ်၊ အခုနှစ်ကတော့ ဓာတုဗေဒဘာသာရပ် ဂုဏ်ထူးထွက်ရင် စုစုပေါင်းအမှတ် ၄၀၀ ရရင် လက်ခံပါတယ်၊ လူသားတွေ စားဝတ်နေရေးနဲ့ ပတ်သက်ရင် ဓာတုဗေဒနဲ့ လွတ်ကင်းတာမရှိပါဘူး၊ ဓာတုဗေဒဘာသာရပ်က လူသားတွေအားလုံးနဲ့ သက်ဆိုင်တဲ့ ဘာသာရပ်ဖြစ်တဲ့အပြင် လူတွေ၊ တိရစ္ဆာန်တွေ၊ အရာဝတ္ထုတွေ အကုန်လုံးရဲ့ Structure တွေ ၊ Reaction တွေ ၊ Properities တွေကို လေ့လာတဲ့ ဘာသာရပ်ဖြစ်ပါတယ်၊ ကျောင်းသား ကျောင်းသူတွေအနေနဲ့ အလုပ်အကိုင်အခွင့်အလမ်းအများကြီး ရှိပါတယ်၊ စက်ရုံ၊ အလုပ်ရုံ၊ ကုမ္ပဏီတွေ၊ စိုက်ပျိုးရေးနဲ့ ပတ်သက်တဲ့နေရာတွေမှာ အလုပ်ဝင်လို့ရပါတယ်၊ ဓာတုဗေဒဘာသာရပ်က လူသားအားလုံးရဲ့ စားဝတ်နေရေးအတွက် မရှိမဖြစ် လိုအပ်တဲ့ ဘာသာရပ်ဖြစ်တဲ့အတွက် ကျောင်းသား ကျောင်းသူ တော်တော်များများလည်း စိတ်ဝင်စားတာ တွေ့ရပါတယ်၊ လူသားတွေအတွက် အရေးကြီးတဲ့ ဘာသာရပ်ကို လေ့လာမယ်ဆိုရင် အလုပ်အကိုင်အခွင့်အလမ်း၊ သုတေသန၊ နိုင်ငံခြားပညာသင်ဖို့အတွက်ရော အခွင့်အလမ်းတွေ အများကြီးရှိပါတယ်၊ လာရောက်လေ့လာဖို့လည်း ဖိတ်ခေါ်ချင်ပါတယ်။

**ဒေါက်တာအေးမိစံ**

**(ပါမောက္ခ ၊ သတ္တဗေဒဌာန ၊ ရန်ကုန်တက္ကသိုလ်)**

ကျွန်မတို့ဌာနက B.Sc (Zoology) ၊B.Sc(Hons)၊ ဂုဏ်ထူးတန်း၊ မဟာတန်းနဲ့ ပါရဂူဘွဲ့တွေအထိ ပေးနေပါတယ်၊ သုတေသနတွေအနေနဲ့ အများကြီး ဆောင်ရွက်နေသလို ကျောရိုးရှိအပိုင်းမှာဆိုရင် ငါးနဲ့ပတ်သက်သည့် သုတေသနတွေကိုလည်း အဆင့်မြှင့်တင် ဆောင်ရွက်နေပါတယ်၊ နောက်ပြီး အရီဇိုးနား တက္ကသိုလ်နဲ့ ချိတ်ဆက်ပြီး Aquatic Bio Science Lab တစ်ခုကို တည်ထောင်ပြီးဖြစ်ပါတယ်၊ အဲဒီက သုတေသနတွေအများကြီးလည်း ထုတ်ပေးနေပါတယ်၊ ဒါ့အပြင် ပိုပြီးအဆင့်မြင့်တဲ့ ဓာတ်ခွဲခန်းတစ်ခုကိုလည်း တည်ထောင်ပြီး သုတေသနတွေလည်း အများကြီး လုပ်ဆောင်နေပါတယ်၊ ဂျပန်အပါအဝင် အာရှနိုင်ငံတွေ၊ နော်ဝေနိုင်ငံနဲ့လည်း ချိတ်ဆက်ပြီး Student Exchange၊ Staff Exchange တွေအပြင် သုတေသနနဲ့ ပတ်သက်ပြီးတော့လည်း အများကြီးပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်၊ မကြာခင်ကာလမှာ ကျွန်မတို့တက္ကသိုလ်အနေနဲ့ နောက်ထပ် B.Sc (Fishery) ဆိုတဲ့ဘွဲ့ကို ပေးဖို့ ပြင်ဆင်နေပါပြီ၊ (Fishery) သားငါးကဏ္ဍဟာ နိုင်ငံစီးပွားရေးအတွက်လည်း အရေးပါပါတယ်၊ အဲဒီကဏ္ဍကို အဆင့်မြှင့်တင်ဖို့အတွက် ဆောင်ရွက်နေပါပြီ၊ လူ့စွမ်းအားအရင်းအမြစ်တွေ မွေးထုတ်ပေးနိုင်အောင် ကြိုးစားနေပါတယ်၊ Bio Capacity ဆိုတာ ကမ္ဘာလောကကြီးမှာ သက်ရှိပေါင်းများစွာ တည်တံ့ဖို့အခွင့်အရေးရှိရမယ်၊ အခုလောလောဆယ်မှာဆိုရင် Human Impact တွေ၊ Global Change တွေကြောင့် (Species) မျိုးစိတ်တွေ ပျောက်ကွယ်သွားတာတွေ ရှိပါတယ်၊ အဲဒါတွေကို ကာကွယ်ဖို့အတွက် ကျွန်မတို့ဌာနက ကလေးတွေကို အသိပညာတွေ အများကြီးပေးနိုင်ဖို့ လိုပါတယ်၊ ကျွန်မတို့ဆီက ဘွဲ့ရတဲ့ ကလေးတွေဟာ သဘာဝပတ်ဝန်းကျင်နဲ့ ပတ်သက်တဲ့ ပညာရှင်တွေ၊ Naturalist တွေလည်း ဖြစ်နိုင်သလို ငါးလုပ်ငန်းကဏ္ဍဘက်မှာလည်း တကယ်ကျွမ်းကျင်တဲ့ ပညာရှင်တွေ မွေးထုတ်ပေးနိုင်ပါတယ်။ ဂြိုဟ်ကြီးတွေရှိတဲ့အထဲမှာ ဒီကမ္ဘာဆိုတဲ့ ဂြိုဟ်တစ်ခုတည်းသာ သတ္တဝါတွေ အသက်ရှင်ခွင့်ရှိတာပါ၊ လူသားအပါအဝင် မျိုးစိတ်တိုင်းရှင်သန်ဖို့အတွက် အားလုံးတူညီတဲ့ အခွင့်အရေးရှိရပါမယ်၊ အဲဒါကို အပြန်အလှန် လေးစားပြီး စီမံခန့်ခွဲနိုင်မယ်ဆိုရင် သက်ရှိတွေအားလုံး တည်တံ့ခိုင်မြဲမှုရသလို ကမ္ဘာကြီးကလည်း အလှတရားတွေ မပျက်စီးဘဲဆက်လက်တည်တံ့နေမှာပါ၊ အဲဒီအတွေးအခေါ်ကို ကလေးတွေကို ပေးနိုင်အောင်ကြိုးစားနေပါတယ်။

*ဆက်လက်ဖော်ပြပါမည်*




# နတ်မြစ်အတွင်း စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၁**

နတ်မြစ်အတွင်း လှည့်ကင်းဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နတ်မြစ်အတွင်း ဦးစောလှကျွန်းအနီး လှေတစ်စင်းပေါ်မှ တန်ဖိုးငွေကျပ် သိန်း တစ်သောင်းကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နတ်မြစ်အတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် ယမန်နေ့ နံနက် ၆ နာရီ ၅ မိနစ်ခန့်က ဦးစောလှကျွန်း၏ အရှေ့တောင်ဘက်မှ တစ်ဖက်နိုင်ငံသို့ လှော်ခတ်နေသော မသင်္ကာဖွယ် လှေတစ်စင်းအား တွေ့ရှိ၍ မီးအချက်ပြခေါ်ယူခဲ့ရာ လာရောက်ခြင်း မရှိသဖြင့် လိုက်လံ ဖမ်းဆီးခဲ့ရာ လှေပေါ်ပါ မောင်တောမြို့နယ် သရက်အုပ်ကျေးရွာနေ မော်နိုး (၃၀နှစ်)အား ဆာလာအိတ်လေးအိတ်အတွင်း ထည့်ထားသည့် စိတ်ကြွရူးသွပ်ဆေးပြား ၆၅၅၅၀၀ ပြား (တန်ဖိုးငွေကျပ် သိန်း ၁၃၁၁၀) နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ငါးခူရနယ်မြေ ရဲစခန်းတွင် ဥပဒေနှင့်အညီ အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အလားတူ ည ၇ နာရီ ၁၅ မိနစ်တွင် နတ်မြစ်အတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် ရွက်ညိုတောင် ချောင်းဝ အနောက်မြောက်ဘက်မှ ဦးစောလှကျွန်းသို့ ပလတ်စတစ်ပုံး အဝါ လေးလုံးအား တွဲဆက်၍ ဖောင်အဖြစ် အသုံးပြုကာ ကူးခတ်နေသော မသင်္ကာသူများအား တွေ့ရှိသဖြင့် လိုက်လံစစ်ဆေးခဲ့ရာ မောင်တောမြို့ သရက်အုပ် အရှေ့ရွာနေ ဆော်လမူလာ (၃၄နှစ်) နှင့် အာလီယာမောက် (၁၉နှစ်) တို့နှင့်အတူ အထုပ်သုံးထုပ်နှင့် ထုပ်ပိုးထားသည့် စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀၀၀ တို့အား ဖမ်းဆီးရမိခဲ့ပြီး ငါးခူရနယ်မြေရဲစခန်းတွင် အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မောင်တောမြို့၌ ပစ္စတိုနှင့် ကျည်တောင့်များ ဖမ်းမိ

**နေပြည်တော် ဒီဇင်ဘာ ၁**

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မောင်တောမြို့မှ အနောက်ရပ်ကွက်ရှိ နေအိမ်မှ လက်နက်ခဲယမ်းများ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၃၀ ရက် ည ၁၀ နာရီခွဲတွင် သတင်းအရ မောင်တောမြို့မှ အနောက်ရပ်ကွက်နေ ဇော်မီအာမက်၏ နေအိမ်အား ရှာဖွေခဲ့ရာ အိမ်၏ အနောက်ဘက် အိမ်သာပိုက်အောက် မြေကြီးအတွင်းမြှုပ်ထားသည့် အမေရိကန်လုပ် Parabellun- PANTENTED စာတန်းပါ ၉ မမ ပစ္စတို တစ်လက်၊ ကျည်အိမ် တစ်ခု၊ ကျည် ၂၃ တောင့်နှင့်အတူ ဇော်မီအာမက် ၅၃ နှစ်နှင့် သားဖြစ်သူ စိုးနိုင်ကျော် ၂၄ နှစ်တို့ နှစ်ဦးအား ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးခဲ့သူနှစ်ဦးအား မောင်တောမြို့မရဲစခန်းတွင် လက်နက်ဥပဒေပုဒ်မဖြင့် အမှုဖွင့် အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရ သည်။

**သတင်းစဉ်**

# နတ်မြစ်အတွင်း၌ ဘင်္ဂလားဒေ့ရှ် နိုင်ငံသား သုံးဦး ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၁**

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နိုဝင်ဘာ ၃၀ ရက် နံနက် ၆ နာရီ ၂၅ မိနစ်တွင် မောင်တောမြို့ မောင်နီကျေးရွာအနီး နတ်မြစ်အတွင်း၌ ရေယာဉ်ဖြင့် လှည့်ကင်းဆောင်ရွက်နေစဉ် ရေယာဉ်၏မြောက်ဘက် ကိုက် ၂၀၀ ခန့်အကွာ တစ်ဖက်နိုင်ငံသို့ ခုတ်မောင်းနေသည့် မသင်္ကာဖွယ်ရာ စက်တပ်လှေတစ်စင်း တွေ့ရှိရ၍ မီးအချက်ပြ ခေါ်ယူစစ်ဆေးရာမှ စက်လှေပေါ်ပါ ဘင်္ဂလားဒေ့ရှ် နိုင်ငံ တက္ကနာပ်မြို့နေသူ မွတ်စတာဟာမတ် ၅၄ နှစ်၊ ဂျူဘိုင် ၁၉ နှစ်၊ လုန်ဟမ်းကီးအာလောင် ၁၉ နှစ်တို့သုံးဦးအား ဖမ်းဆီးရမိပြီး မကျီးချောင်းနယ်မြေရဲစခန်း၌ လူဝင်မှုကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၃(၁) ဖြင့် အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ရက်စ်တေလာဆန် ထရန့်အစိုးရအဖွဲ့မှ နုတ်ထွက်ဖွယ်ရှိ

**ဝါရှင်တန် ဒီဇင်ဘာ ၁**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်၏ အုပ်ချုပ်မှုကာလသက်တမ်း တစ်နှစ်ပြည့်ကာနီးတွင် အစိုးရတာဝန်ရှိသူများ ရာထူးအပြောင်းအလဲရှိလာခဲ့ပြီး အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ရက်တေလာဆန်လည်း ထရန့်၏အစိုးရအဖွဲ့မှ နုတ်ထွက်ဖွယ်ရှိကြောင်း သတင်းများ ထွက်ပေါ်လျက်ရှိသည်။

ထရန့်အစိုးရအဖွဲ့မှ နုတ်ထွက်ဖွယ်ရှိသူများစာရင်းတွင် ရက်စ်တေလာဆန်နှင့်အတူ ထိပ်တန်းစီးပွားရေးအကြံပေးပုဂ္ဂိုလ် ဂယ်ရီကွန်းနှင့် ၎င်း၏သမက်ဖြစ်သူ ဂျာရက်ကပ်ရှ်နာတို့လည်း ပါဝင်မည်ဖြစ်ကြောင်း သတင်းရင်းမြစ်များကပြောကြားခဲ့သည်။

စီးပွားရေးအကြံပေးပုဂ္ဂိုလ် ဂယ်ရီကွန်းနှင့် ထရန့်၏ဆက်ဆံရေးသည် ယခုနှစ်အတွင်း ပိုမိုဆိုးရွားလာခဲ့သည်။ အမေရိကန်၏အခွန်ကောက်ခံမှုစနစ်ကို စစ်ဆေးပြုပြင်ရန် ရီပတ်ဘလစ်ကန်ပါတီဝင်များ၏ ကြိုးပမ်းမှုသည် ကွန်ဂရက်လွှတ်တော်၌ ပြီးမြောက်ခဲ့ပြီဖြစ်ကြောင်း အိမ်ဖြူတော်နှင့် အဆက်အသွယ်ရှိသည့် အမည်မဖော်လိုသူ သတင်းရင်းမြစ်တစ်ခုက ပြောကြားခဲ့သည်။

ကပ်ရှ်နာသည် ၂၀၁၆ ခုနှစ်က ထရန့်သမ္မတလောင်းအဖြစ် ရွေးကောက်ခံ ယှဉ်ပြိုင်မှုတွင် ဖြစ်နိုင်ခြေရှိသည့် ရုရှားနှင့်ချိတ်ဆက်မှုကို အထူးအဖွဲ့၏စုံစမ်းစစ်ဆေးမှုနှင့် ပတ်သက်ဆက်နွှယ်နေသည့် တရားဝင်စိန်ခေါ်မှုကို ကိုင်တွယ်စီမံခဲ့ရာ ယခုအခါ ၎င်းမျက်နှာမပျက်ရရေးအတွက် နုတ်ထွက်မည်ဖြစ်ကြောင်း သတင်းရင်းမြစ်များအရ သိရသည်။ အစိုးရတာဝန်ရှိသူများ နုတ်ထွက်မှုနှင့်ပတ်သက်၍ သေချာသည့်ခန့်မှန်းချက်ဖြစ်ကြောင်း အိမ်ဖြူတော်ပြောရေးဆိုခွင့်ရှိသူ ရာ့ဂျ်ရှားက အီးမေးလ်တွင် ရေးသားဖော်ပြခဲ့ကြောင်း သိရသည်။

**ရိုက်တာ**



## အိန္ဒိယနိုင်ငံတောင်ပိုင်း၌ အင်အားပြင်းမုန်တိုင်း တိုက်ခတ်မှုကြောင့် လူရှစ်ဦးထက်မနည်း သေဆုံး

**နယူးဒေလီ ဒီဇင်ဘာ ၁**



အင်အားပြင်းမုန်တိုင်းတစ်ခု တိုက်ခတ်ပြီးနောက် အိန္ဒိယနိုင်ငံတောင်ပိုင်း တမီလ်နာဒူးနှင့် ကီရာလာကမ်းရိုးတန်းဒေသများတွင် လူရှစ်ဦးထက်မနည်းသေဆုံးခဲ့ကြောင်း သက်ဆိုင်ရာ အာဏာပိုင်များက ဒီဇင်ဘာ ၁ ရက်က ပြောခဲ့သည်။

မုန်တိုင်းတိုက်ခတ်သွားသည့် ဒေသများတွင် ငါးဖမ်းသမား အယောက် ၁၀၀ ကျော် ပျောက်ဆုံးနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

မိုးလေဝသပညာရှင်များက အော့ကီဟုအမည်ပေးထားသော အဆိုပါအင်အားပြင်းမုန်တိုင်းသည် ယခုအခါ လက်ချ်ရှာဒီဒေသသို့ ဦးတည်သွားနေကြောင်း သိရသည်။

အဆိုပါ အင်အားပြင်းမုန်တိုင်းကြောင့် စုစုပေါင်းရှစ်ဦးသေဆုံးခဲ့ပြီး တမီလ်နာဒူးမှ လေးဦးနှင့် ကီရာလာမှ လေးဦးဖြစ်ကြောင်း သက်ဆိုင်ရာအရာရှိတစ်ဦးကပြောခဲ့သည်။

အင်အားပြင်းမုန်တိုင်း အော့ကီကြောင့် အဆိုပါဒေသများတွင် လေပြင်းများပြင်းထန်စွာတိုက်ခတ်ပြီး မိုးများသည်းထန်စွာ ရွာသွန်းခဲ့သောကြောင့် စာသင်ကျောင်းများလည်း ပိတ်ခဲ့ရကြောင်း သိရသည်။

ထို့အပြင် တမီလ်နာဒူးရှိ ကန်ယာကုမာရီနှင့်တုတုကုဒီဒေသများ အကြီးအကျယ်ပျက်စီးခဲ့ကြောင်း သိရသည်။

လေပြင်းများတိုက်ခတ်မှုကြောင့် အပင်ပေါင်း ၁၀၀၀ ကျော် အမြစ်များမှ ကျွတ်ထွက်သွားခဲ့ပြီး လျှပ်စစ်လိုင်းများလည်း ပြတ်တောက်သွားကာ ပင်လယ်နှင့် နီးသောဒေသရှိ နေရာများလည်း ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါ အင်အားပြင်း မုန်တိုင်းသည် နောက် ၁၂ နာရီအထိ ဆက်လက်တိုက်ခတ်နိုင်ခြေရှိကြောင်း သက်ဆိုင်ရာအရာရှိများက ပြောသည်။

ကယ်ဆယ်ရေး စေတနာ့ဝန်ထမ်းများကလည်း မုန်တိုင်းတိုက်ခတ်မှုကြောင့် ဘေးဒုက္ခရောက်နေသူများအား ကယ်ဆယ်မှုများ ပြုလုပ်ခဲ့သလို လူပေါင်း ၈၀၀ ကျော်ကိုလည်း ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ကြောင်း သိရသည်။

အိန္ဒိယ ကမ်းခြေစောင့်တပ်ဖွဲ့မှလည်း ရေယာဉ်နှစ်စင်းဖြင့် ပျောက်ဆုံးသူများကို ရှာဖွေလျက်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

## တီယန်ကျင်း မိုးမျှော် အဆောက်အအုံတစ်လုံး မီးလောင်မှုဖြစ်ပွားရာ လူ ၁၀ ဦး သေဆုံး

**ပေကျင်း ဒီဇင်ဘာ ၁**

တရုတ်နိုင်ငံမြောက်ပိုင်း ဆိပ်ကမ်းမြို့တစ်မြို့ဖြစ်သော တီယန်ကျင်းတွင် မိုးမျှော် အဆောက်အအုံတစ်လုံး မီးလောင်မှုဖြစ်ပွားခဲ့ရာ ၁၀ ဦး သေဆုံးခဲ့ပြီး ငါးဦးဒဏ်ရာရရှိခဲ့ကြောင်း နိုင်ငံပိုင်သတင်းမီဒီယာတွင် ဖော်ပြခဲ့သည်။

မီးလောင်မှုသည် ပေဇီခရိုင်လူနေတိုက်ခန်းတစ်ခု၏ ၃၈ ထပ်တွင် ဒီဇင်ဘာ ၁ ရက် ဒေသစံတော်ချိန် နံနက် ၄ နာရီ ၇မိနစ်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဒေသတွင်းမီးသတ်ဌာနက ပြောခဲ့သည်။ လောင်ကျွမ်းခဲ့သော မီးကို နံနက် ၆ နာရီ မိနစ် ၄၀ တွင် ငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။ မီးလောင်မှုကြောင့် ၃၀၀ စတုရန်းမီတာ ပျက်စီးခဲ့ကြောင်း မီးသတ်သမားများက ပြောသည်။



မီးလောင်မှု ဖြစ်ပွားရသည့် အကြောင်းရင်းကို ယခုအချိန်အထိ အတည်မပြုနိုင်သေးပေ။ သို့သော်လည်း ပြန်လည်ပြုပြင်ရေးလုပ်ငန်းတွင် အသုံးပြုသည့် အိမ်တွင်းအလှဆင်ပစ္စည်းများမှ တစ်ဆင့် မီးလောင်မှုဖြစ်ပွားနိုင်ခြေရှိကြောင်း သိရသည်။

တီယန်ကျင်းပါတီ အတွင်းရေးမှူး လီဟောင်ချွမ်က ဒီဇင်ဘာ ၁ ရက် မီးလောင်မှုနှင့် ပတ်သက်ပြီးသက်ဆိုင်ရာ အာဏာပိုင်များအနေဖြင့် မီးဘေးအန္တရာယ်ကင်းစင်ရေးအတွက် မြို့အနှံ့ စစ်ဆေးမှုများ ဆောင်ရွက်သင့်ကြောင်း ပြောခဲ့သည်။

**ရိုက်တာ**

## ပါကစ္စတန် အနောက်မြောက်ပိုင်းတွင် ကျောင်းသားဆောင်တစ်ခုကို အကြမ်းဖက်တိုက်ခိုက်

**အစ္စလမ္မာဘတ် ဒီဇင်ဘာ ၁**

ပါကစ္စတန်အနောက်မြောက်ပိုင်း ပက်ရှဝါမြို့တွင် ကျောင်းသားဆောင်တစ်ခုကို အကြမ်းဖက်သမားလေးဦးဝင်ရောက်တိုက်ခိုက်ခဲ့ရာ ကိုးဦးသေဆုံးပြီး ၃၅ ဦး ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း ဒေသမီဒီယာက ပြောကြားသည်။

စိုက်ပျိုးရေး ဒါရိုက်တာဘုတ်အဖွဲ့ဝင်ရုံးအမှုထမ်းမိသားစုများနှင့် စိုက်ပျိုးရေး တက္ကသိုလ်မှ ကျောင်းသားများ အဆောင်တွင်နေထိုင်လျက်ရှိစဉ် အကြမ်းဖက်တိုက်ခိုက်ခံခဲ့ရခြင်းဖြစ်ကြောင်း မီဒီယာများက ဖော်ပြခဲ့သည်။

အကြမ်းဖက်တိုက်ခိုက်မှုအတွင်း လူကိုးဦးသေဆုံးခဲ့ရာ သေဆုံးသူများအနက် အလောင်းခြောက်လောင်းကို ပက်ရှဝါရှိ ဟာရာတာဘက် ဆေးဘက်ဆိုင်ရာအဆောက်အအုံသို့ သယ်ဆောင်သွားခဲ့ပြီး သုံးဦးကို ခိုင်ဘာသင်ကြားရေးဆေးရုံသို့ သယ်ဆောင်သွားခဲ့ကြောင်း ဆေးရုံသတင်းရင်းမြစ်များက ဖော်ပြသည်။

တိုက်ခိုက်မှုလုပ်ဆောင်ခဲ့သူလေးဦးစလုံးကို လုံခြုံရေးအင်အားစုများက စစ်ဆင်ရေးဖြင့်နှိမ်နင်းခဲ့သည်။ စစ်ဆင်ရေးအတွင်း တပ်မတော်သားနှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ၎င်းတို့အား ကုသမှုခံယူစေရန် မြို့တွင်းရှိ တပ်မတော်ဆေးရုံသို့ လွှဲပြောင်းပေးခဲ့ကြောင်း ပြည်သူ့ဆက်ဆံရေး ဝန်ဆောင်မှုအဖွဲ့က ပြောကြားခဲ့သည်။

အကြမ်းဖက်တိုက်ခိုက်မှုကို တက်ရစ်အီတာလီဘန်ပါကစ္စတန်တို့က လုပ်ဆောင်ခဲ့ကြောင်း အရုဏ်ဦးသတင်းဖော်ပြမှုများအရ သိရသည်။

**ဆင်ဟွာ**

## အစိုးရအဖွဲ့သစ်တစ်ရပ် ဖွဲ့စည်းကြောင်း ဇင်ဘာဘွေ သမ္မတသစ် ကြေညာ

**ဟာရာရီ ဒီဇင်ဘာ ၁**

ဇင်ဘာဘွေသမ္မတသစ် အမ်မာဆမ် မနန်ဂါဂွါသည် လက်ရှိအာဏာရပါတီဖြစ်သည့် ZANU-PF ပါတီမှ အဖွဲ့ဝင်အများစုပါဝင်သည့် အစိုးရဝန်ကြီးများ ၂၂ဦးအဖွဲ့ကို ကြာသပတေးနေ့တွင် ခန့်အပ်ဖွဲ့စည်းလိုက်ကြောင်း ကြေညာခဲ့သည်။

ဇင်ဘာဘွေ၌ ၃၇နှစ်ကြာအောင် အာဏာစွဲကိုင်အုပ်ချုပ်ခဲ့သည့် အသက် ၉၃ နှစ်ရှိ သမ္မတဟောင်း ရောဘတ်မူဂါဘီ ရာထူးမှ နုတ်ထွက်ရန် သဘောတူခဲ့ပြီးနောက် ပြီးခဲ့သည့်ရက်သတ္တပတ်တွင် သမ္မတသစ်အဖြစ် မနန်ဂါဂွါ ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။

မနန်ဂါဂွါသည် ဇင်ဘာဘွေအမျိုးသားတပ်မတော်၌ စစ်ဦးစီးချုပ်ဟောင်းတစ်ဦးဖြစ်ခဲ့သည့် စီဘူစီစိုမိုယိုကို နိုင်ငံခြားရေးဝန်ကြီးအဖြစ် ခန့်အပ်လိုက်ပြီး ဇင်ဘာဘွေလေတပ်အကြီးအကဲဖြစ်သည့် ပီရန်စီရှိရီကို မြေယာနှင့် ယဉ်ကျေးမှုဝန်ကြီးအဖြစ် တာဝန်ပေးခန့်အပ်ခဲ့သည်။

ပက်ထရစ်ချီနာမာဆာကို ဘဏ္ဍာရေးဝန်ကြီးအဖြစ် တာဝန်အပ်နှင်းခဲ့ပြီး ဇင်ဘာဘွေအမျိုးသားလွတ်လပ်ရေး စစ်မှုထမ်းဟောင်းအသင်း ဥက္ကဋ္ဌဟောင်း ခရစ်တိုဖာ မတ်စ်ဗန်ဝါကို ပြန်ကြားရေးဝန်ကြီးသစ်အဖြစ် ခန့်အပ်ခဲ့သည်။

အစိုးရဝန်ကြီးများအဖွဲ့သစ်တွင် ပြည်ထဲရေးဝန်ကြီးအဖြစ် အိုဘတ်အမ်ပိုဖူကို ဆက်လက်ထားရှိခဲ့ပြီး ပြည်တွင်းလုံခြုံရေးဝန်ကြီးဟောင်း ကမ်ဘိုမိုဟာဒီကို ကာကွယ်ရေးဝန်ကြီးအဖြစ် ခန့်အပ်ကာ ဇီယမ်ဘီကို တရားရေးဝန်ကြီးအဖြစ် တာဝန်ပေးအပ်ခဲ့သည်။

**ဆင်ဟွာ**



# နိုင်ငံတကာ သတင်းတိုထွာ

## အစ္စလမ္မာဘတ်မြို့၌ လူမျိုးရေး တိုက်ခိုက်မှုတစ်ခုဖြစ်ပွားခဲ့ရာ လူနှစ်ဦးထက်မနည်း သေဆုံး

**အစ္စလမ္မာဘတ် ဒီဇင်ဘာ ၁**

ပါကစ္စတန်မြို့တော် အစ္စလမ္မာဘတ်မြို့၌ ယမန်နေ့က လူမျိုးရေးတိုက်ခိုက်မှုတစ်ခုဖြစ်ပွားခဲ့ရာ လူနှစ်ဦးထက်မနည်းသေဆုံးခဲ့ပြီး ဒဏ်ရာရရှိသူ လေးဦးထက်မနည်းရှိကြောင်း သက်ဆိုင်ရာတာဝန်ရှိသူများက ပြောသည်။

ဆုတောင်းဝတ်ပြုသူများသည် ဆုတောင်းမှုအပြီး ရှီးယိုက်ဘာသာရေးအဆောက်အအုံအပြင်သို့ ထွက်လာစဉ် တိုက်ခိုက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အမည်မဖော်လိုသူ ရဲအရေးပိုင်တစ်ဦးက ပြောခဲ့သည်။ တိုက်ခိုက်မှုဖြစ်ပွားချိန်သည် ယမန်နေ့ ဒေသစံတော်ချိန် ည ၆ နာရီ ၄၅ မိနစ်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး သေနတ်ကိုင်ဆောင်လာသော မော်တော်ဆိုင်ကယ် စီးနင်းသူနှစ်ဦးက တိုက်ခိုက်မှုပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

တိုက်ခိုက်မှုပြုလုပ်ပြီးနောက် ၎င်းတို့သည် အဆိုပါနေရာမှ အလျင်အမြန်ပြန်လည် ထွက်ခွာသွားသောကြောင့် လွတ်မြောက်သွားခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

သေနတ်သမားများသည် လူအုပ်ထဲသို့ သေနတ်များဖြင့် ဝှေ့ယမ်းပစ်ခတ်ခဲ့ပြီးနောက် ထွက်ပြေးသွားခဲ့ကြောင်း၊ ထိုသို့ သေနတ်ဖြင့် ဝှေ့ယမ်းပစ်ခတ်မှုကြောင့် အခင်း ဖြစ်ပွားရာနေရာတွင်ပင် လူတစ်ဦးသေဆုံးသွားခဲ့ပြီး အခြားဒဏ်ရာရရှိသူ ငါးဦးကို ဆေးရုံသို့ ပို့ဆောင်စဉ် တစ်ဦးမှာ ဒဏ်ရာအလွန်ပြင်းထန်သောကြောင့် သေဆုံးသွားခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

## လစ်ဗျားရှိ ရွှေ့ပြောင်းသွားလာသူများကို ကယ်ဆယ်ရန် ခေါင်းဆောင်များသဘောတူ

**ပါရီ ဒီဇင်ဘာ ၁**

လစ်ဗျား၌ ပိတ်မိနေကြသည့် အာဖရိက ရွှေ့ပြောင်းသွားလာသူများကို အမြန်ဆုံး ကယ်ဆယ်ရွှေ့ပြောင်းပေးရန် အာဖရိကပြည်ထောင်စု (AU)၊ ဥရောပသမဂ္ဂ (EU)နှင့် ကုလသမဂ္ဂအပါအဝင် ဥရောပနှင့် အာဖရိကနိုင်ငံ ကိုးနိုင်ငံတို့က သဘောတူညီလိုက်ကြောင်း ပြင်သစ်သမ္မတအီမန်နျူရယ် မက်ခရွန်က ဗုဒ္ဓဟူးနေ့ ညနေခင်းတွင် ပြောကြားခဲ့ကြောင်း သိရသည်။

စီးပွားရေးမြို့တော် အဘီဂျန်၌ ကျင်းပပြုလုပ်သည့် ငါးကြိမ်မြောက် AU-EU ထိပ်သီးစည်းဝေးပွဲဖွင့်လှစ်ပြီးနောက် အရေးပေါ်အစည်းအဝေးတစ်ရပ် ပြုလုပ်မှုအပြီး သတင်းစာရှင်းလင်းပွဲတွင် မက်ခရွန်က ထိုသို့ပြောကြားခဲ့သည်။

စီအင်န်အင်န်သတင်းဌာနက မကြာသေးမီတွင်လေလိုင်းမှ ထုတ်လွှင့်ခဲ့မှုတွင် အာဖရိကမှ ရွှေ့ပြောင်းသွားလာသူများသည် လစ်ဗျား၌ ကျွန်များသဖွယ်လေလံတင်ရောင်းချခံနေရကြောင်းဖော်ပြခဲ့သည်။ ဥရောပသို့သွားရောက်မည့် ရွှေ့ပြောင်းသွားလာသူများသည် လစ်ဗျား၌ ထိုသို့ပြုမူခံရမှုသည် အာဖရိက တစ်လွှားကို တုန်လှုပ်စေခဲ့ပြီး ထိပ်သီးအစည်းအဝေး ရှိခေါင်းဆောင်များကို ဒေါသထွက်စေခဲ့သည်။ **ဆင်ဟွာ**

# ယူကရိန်းသို့ အမေရိကန်စစ်လက်နက်ပေးပို့မှုကြောင့် ဖြစ်လာမယ့်အကျိုးဆက်

**ကလျာမိုးမြင့်**

အမျိုးသားလုံခြုံရေးကောင်စီဟာ အမေရိကန်ဒေါ်လာ ၄၇ သန်းဖိုးရှိတဲ့ ကာကွယ်ရေးဆိုင်ရာစစ်လက်နက်တွေကို ယူကရိန်းကို တင်ပို့ဖို့ ညွှန်ကြားထားတယ်ဆိုတဲ့ သတင်းတွေထွက်ပေါ်နေပါတယ်။ တင်ပို့တဲ့အထဲမှာ Javelin တင့်ကားပစ်ဒုံးကျည်တွေ၊ ပင့်ပက္ခတွေစတင်လာချိန်ကတည်းက ယူကရိန်းအရှေ့ပိုင်းမှာရှိတဲ့ ရုရှားကိုထောက်ခံသော ခွဲထွက်ရေးသမားတွေ ရယူပိုင်ဆိုင်ခဲ့တဲ့ ရာနဲ့ချီသောတင့်ကားတွေကို ထိထိရောက်ရောက်ဖျက်ဆီးပစ်နိုင်မယ့် လက်နက်တွေပါဝင်နေပါတယ်။



ယူကရိန်း အစိုးရကို ဒီလို စစ်လက်နက်တွေပို့ဆောင်နေတာတွေဟာ ရုရှားကို ကသိကအောက်ဖြစ်စေလိမ့်မယ်လို့ တွေးထင်ထားသူတွေကိုထောက်ခံဖို့ဆိုရင် ဒီဆုံးဖြတ်ချက်ဟာ မကြာခင်မှာ ပြီးပြည့်စုံလုံလောက်တဲ့ဆုံးဖြတ်ချက်တစ်ခု ဖြစ်လာနိုင်မှာ မဟုတ်ပါဘူး။ ကိယက်ဗ်ကို စစ်လက်နက်ထောက်ပံ့တာဟာ အဖွဲ့အစည်းနှစ်ခုလုံးမှာရှိကြတဲ့ တပ်မတော်ထိပ်တန်းအာဏာပိုင်တွေနဲ့ ဥပဒေရေးဆွဲသူတွေအများကြီးက အားပေးထောက်ခံတဲ့ လူသိများသော ပြဋ္ဌာန်းချက်တစ်ခုဖြစ်ပါတယ်။

လူသိများတဲ့အကြောင်းအရာတစ်ခုဖြစ်ပေမယ့် သိပ်ပြီးပြောင်မြောက်တဲ့ အကြောင်းအရာတစ်ခုတော့မဟုတ်ပါဘူး။ အမေရိကန်ရဲ့ သိုးသန့်ထားရှိတဲ့ ကုန်ပစ္စည်းအစုအပုံတစ်ခုကို ယူကရိန်းကို ဖွင့်ပြပေးလိုက်တာဟာ အမေရိကန်အမျိုးသားလုံခြုံရေးအရ အရေးပါမှုအနေနဲ့ ချိန်ထိုးကြည့်မယ်ဆိုရင် ဘောင်မဝင်လှပါဘူး။ တကယ်တော့ ဒါဟာပင့်ပက္ခတစ်ခုကို ပိုပြီးကြောက်စရာကောင်းတဲ့ အခြေအနေအဖြစ် အဆိုးရွားဆုံးအေးခဲသွားစေနိုင်သလို သံတမန်ရေးအရ အဖြေရှာဖို့အတွက်သင့်လျော်တဲ့ အခွင့်အလမ်းတွေကိုလည်း နောက်ဆက်တွဲ ပြဿနာတွေ ပေါ်ပေါက်လာစေနိုင်ပါတယ်။

ယူကရိန်းရဲ့နိုင်ငံရေးအရ တွေးခေါ်မှု သဘောထားနဲ့ ယူကရိန်းနိုင်ငံသားတွေဟာနိုင်ငံရဲ့စီးပွားရေး၊ နိုင်ငံရေးစနစ်တွေကို ကိုင်တွယ် ဖြေရှင်းဖို့ ဒါမှမဟုတ် လက်လွှတ်ဖို့ဆိုတဲ့ ရွေးချယ်မှုဟာ အမေရိကန်ပြည်ထောင်စုကို တိုက်ရိုက်သက်ရောက်မှုမရှိပါဘူး။ ပြီးခဲ့တဲ့လက Foreign Affair မဂ္ဂဇင်းမှာ ရာဂျန်မီနွန်နဲ့ ဝီလီယံရူဂျာတို့က ယူကရိန်းဟာ အမေရိကန်ပြည်ထောင်စုအတွက် အရေးပါတာထက် ရုရှားအတွက် ပိုပြီး အရေးပါတယ်လို့ ရေးသားခဲ့ပါတယ်။

အမေရိကန်ပြည်ထောင်စုအတွက်တော့ ယူကရိန်းဟာ ခေတ်နှောင်းဆိုဗီယက်ပြည်ထောင်စု နယ်နိမိတ်တစ်ခုဖြစ်ပြီး လူနည်းစုအစိုးရရဲ့နိုင်ငံရေးနဲ့ စနစ်ပိုင်းဆိုင်ရာ အကျင့်ပျက်ခြစားမှုဟာ နိုင်ငံရဲ့စီးပွားရေး အလားအလာကို အပြင်းအထန် ထိခိုက်ပျက်စီးစေခဲ့တဲ့ နိုင်ငံတစ်ခုပါပဲ။

ဥရောပမှာ အမေရိကန်ရဲ့လုံခြုံရေးဆိုင်ရာ အရေးပါမှုဟာ ယူကရိန်းက ပိုမိုဒီမိုကရေစီဆန်ပြီး တာဝန်ခံမှုရှိတဲ့အစိုးရအဖွဲ့တစ်ရပ်ကို တည်ထောင်ရာမှာ အောင်မြင်မှုရှိ မရှိဆိုတဲ့အချက်နဲ့ သိပ်ပြီးသက်ဆိုင်မှုမရှိပါဘူး။ အကောင်းဆုံးကတော့ ယူကရိန်းဟာ အကယ်၍ ၎င်းရဲ့နယ်နိမိတ်ကျူးကျော်ခံရမယ်ဆိုရင် အမေရိကန်ပြည်ထောင်စုက နိုင်ငံအချင်းချင်းကာကွယ်ပေးဖို့ သဘောတူညီမှု နှောင်ကြိုးတည်းထားခြင်း မရှိခဲ့တဲ့နိုင်ငံဖြစ်ပါတယ်။



သမ္မတပူတင်အနေနဲ့ ကြည့်မယ်ဆိုရင် ယူကရိန်းဟာ စစ်အေးတိုက်ပွဲအတွင်းမှာ ရုရှားကို တစ်ကမ္ဘာလုံးဆိုင်ရာမှာ ပါဝင်လာအောင် လုပ်ဆောင်ခဲ့တဲ့ ကြီးကျယ်ခမ်းနားသော နည်းဗျူဟာတစ်ခုလုံးနဲ့ဆိုင်တဲ့ ပဟေဠိတစ်ပုဒ်ဖြစ်ပါတယ်။ တကယ်တော့ ယူကရိန်းအနေနဲ့ ကုန်သွယ်ရေးအရဆက်ဆံမှုကို တိုးမြှင့်လာနိုင်ပြီး အမေရိကန်ပြည်ထောင်စုနဲ့ အတူ နိုင်ငံရေးဆိုင်ရာ ဦးတည်ချက်တွေကို တိုးချဲ့လာနိုင်သလို ဥရောပဟာ သမ္မတပူတင်အတွက် အမျိုးသားလုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုတစ်ခု ဖြစ်လာနိုင်ပါတယ်။

**“အမေရိကန်ပါဝင်ပတ်သက်မှုရဲ့ အဆိုးဆုံး အကျိုးဆက်တစ်ခုကတော့ ယူကရိန်းဘက်က ငြိမ်းချမ်းရေး ထိန်းသိမ်းဖို့ ကမ်းလှမ်းလာတဲ့အပေါ်မှာ ရုရှားက ပူးပေါင်းဆောင်ရွက်လိုတဲ့ ဆန္ဒ ပျက်သုဉ်းသွားနိုင်ခြေရှိတယ်ဆိုတဲ့ အချက်ပါပဲ”**

ပူတင်က ယူကရိန်းမှာ ရုရှားတပ်ဖွဲ့ဝင်တွေ၊ လေထီးတပ်သားတွေနဲ့ အထူးတပ်ဖွဲ့ဝင်အင်အားစုတွေကို ယူကရိန်းပိုင်နက်မြေပေါ်ချထားပြီး အဲဒီနေရာကို လွှမ်းမိုးမယ့် ဇုန်တစ်ခုအဖြစ် ပုံစံသွင်းဖွဲ့စည်းဖို့ဆန္ဒရှိနေပါတယ်။ ရုရှားနဲ့ရင်းနှီးမှုရှိတဲ့ ယူကရိန်းဟာ ရုရှားအတွက် အမျိုးသားလုံခြုံရေးအရ အရေးကြီးတဲ့ အခြေအနေတစ်ရပ်ဖြစ်ပြီး အမေရိကန်ပြည်ထောင်စုကနေ ရောက်ရှိလာမယ့် တင့်ကားပစ်ဒုံးကျည်တွေ ဘယ်လောက်များများ ဒီအခြေအနေကို ပြောင်းလဲသွားစေမှာမဟုတ်ဘူးလို့ ယုံကြည်ထားပါတယ်။

ထရန့်အစိုးရအဖွဲ့က စိုးရိမ်ပူပန်နေတဲ့ ဒုတိယအချက်ကတော့ ပူတင်ဟာ ကျူးကျော်ရန်စမှုတွေကို ဘယ်လိုပုံစံမျိုးနဲ့တုံ့ပြန်မှာလဲဆိုတဲ့ အချက်ဖြစ်ပါတယ်။ အမျိုးသားလုံခြုံရေးကောင်စီ အာဏာပိုင်ဟောင်း ချားလ်စ်ကပ်ချန်က ဝါရှင်တန်ပို့စ်သတင်းစာထဲမှာ အကယ်၍ ရုရှားနိုင်ငံသား နည်းနည်းလောက် ပိုပြီး စစ်ပွဲအတွင်း သေကျေပျက်စီးလာမယ်ဆိုရင် ရုရှားသမ္မတဗလာဒီမာပူတင်ဟာ ဒွန်ဘတ်စ်(ယူကရိန်းအရှေ့ပိုင်း) ကို လက်လွှတ်လိုက်တော့မှာပဲဖြစ်တယ်လို့ ငြင်းခုံခဲ့ပါတယ်။

တချို့သော အမေရိကန်ဥပဒေပြုလွှတ်တော်အမတ်တွေဟာ ဘာကြောင့် ရုရှားဟာ သူတို့ထင်ထားသလိုမျိုး တစ်ထပ်တည်း ပြုမူလာလိမ့်မယ်လို့ ဒီလောက်ယုံကြည်မှုရှိနေသလဲ ဆိုတာကို တော်တော်လေးနားလည်ရ ခက်ပါတယ်။ ယူကရိန်းက စစ်ရေးအရအောင်ပွဲမရရှိအောင်တားဆီးဖို့ ရုရှားဟာ ပင့်ပက္ခအတွင်းမှာ ၎င်းရဲ့ပါဝင်ပတ်သက်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုကို အရှိန်အဟုန်မြှင့်တင်ရာမှာ ကြမ်းတမ်းရက်စက်တဲ့သူဖြစ်တယ်ဆိုတာကို သုံးနှစ်ခွဲလောက်ကြာမြင့်ခဲ့တဲ့စစ်ပွဲက ပြသခဲ့ပါတယ်။ မော်စကိုအနေနဲ့ ငြိမ်းချမ်းစွာအခြေချနေထိုင်ရေးအတွက် ခယတောင်းဆိုခြင်းအားဖြင့် ရုရှားနိုင်ငံသားတွေ ပိုပြီး သေကျေပျက်စီးလာမှုအပေါ်မှာ တုံ့ပြန်လာခဲ့မယ်လို့ မျှော်လင့်ရမယ်ဆိုရင် ၂၀၁၄ ခုနှစ်မှာ ယူကရိန်းကို ရုရှားကျူးကျော်ခဲ့ချိန်က သမ္မတပူတင်ဘယ်လိုပြုမူခဲ့တယ်ဆိုတဲ့ အချက်ကို လုံးဝလျစ်လျူရှုလိုက်ဖို့ပဲ ရှိတော့မှာ ဖြစ်ပါတယ်။

စစ်ပွဲရဲ့အစောပိုင်းမှာ ဒိုနက်စ်နဲ့ လူဟန့်စ်မှာရှိတဲ့ ခွဲထွက်ရေးယူနစ်တွေဟာ ကိယက်ဗ်ကိုထောက်ခံတဲ့ အင်အားစုတွေကို စစ်မြေပြင်မှာရှုံးနိမ့်ခဲ့ချိန်မှာ ရုရှားဟာ ၎င်းတို့ကိုကယ်တင်သူအဖြစ် ရောက်ရှိလာခဲ့ပါတယ်။ ၂၀၁၄ ခုနှစ် နွေရာသီမှာ ယူကရိန်းကိုထောက်ခံတဲ့ တပ်ဖွဲ့ဝင်တွေဟာ ယူကရိန်းက ယခင်က လက်လွှတ်ဆုံးရှုံးခဲ့တဲ့ မြို့တွေကို ပြန်လည်ရယူခဲ့ပြီး ရုရှားတင့်ကားတွေ၊ အမြောက်တပ်တွေ၊ လက်နက်ကြီးတွေနဲ့ တပ်ဖွဲ့ဝင်တွေဟာ မဟာဗျူဟာကျတဲ့ ဧရိယာတွေမှာ ယူကရိန်းရဲ့ နယ်မြေချဲ့ထွင်လာမှုတွေ လုံးဝမရှိတော့ဘူးဆိုတာကို ခိုင်မာသေချာအောင် နယ်စပ်ကိုဖြတ်ကျော်ပြီး ယူကရိန်းဆီသို့ ဝင်ရောက်ခဲ့ပါတယ်။

Ilovaisk မြို့အတွင်းမှာ ဖြစ်ပွားတဲ့ သွေးရေကျတဲ့စစ်ပွဲက ယူကရိန်းရဲ့ လမ်းကို ဖြည်းဖြည်းချင်းဖယ်ရှားလိုက်ချိန်မှာ ရုရှားတပ်ဖွဲ့ဝင်တွေနဲ့ လက်နက်တွေဟာ ရှေ့တန်းစစ်မျက်နှာပြင်ကို အလျင်အမြန်ရောက်ရှိစေခဲ့ပြီး ဒီစစ်ပွဲဟာ စစ်ပွဲအတွင်းမှာ ယူကရိန်းတပ်ဖွဲ့ဝင်တွေ အသေအပျောက်အများဆုံးနေ့ရက်တစ်ခုဖြစ်စေခဲ့ပါတယ်။

လပေါင်းများစွာ ကြာမြင့်ခဲ့ပြီးနောက် မဟာဗျူဟာကျတဲ့ Delbat-seve မြို့ကနေ ခွဲထွက်ရေးသမားတွေက ပြန်လည်တပ်ဆုတ်ရမယ့် အန္တရာယ်နဲ့ ရင်ဆိုင်လာရချိန်မှာ ရုရှားတင့်ကားတွေဟာ အလျင်အမြန်ဖြန့်ကြက်လာခဲ့ပြီး တပ်ဖွဲ့ဝင်ဦးရေ မလုံလောက်တော့တဲ့၊ ဖရိုဖရဲဖြစ်နေတဲ့၊ ယုံကြည်မှုကင်းမဲ့နေပြီး ပင်ပန်းနွမ်းနယ်နေတဲ့ ယူကရိန်းတပ်ဖွဲ့ဝင်အင်အားစုတွေကို ပြန်လည်ဆုတ်ခွာ ထွက်ပြေးသွားအောင် အတင်းအကျပ်မောင်းထုတ်နိုင်ခဲ့ပါတယ်။

အကယ်၍သာ အမေရိကန်ပြည်ထောင်စုဟာ ယူကရိန်းသို့ ကာကွယ်ရေးလက်နက်ပစ္စည်းတွေကို သင်္ဘောနဲ့ တင်ပို့ခဲ့မယ်ဆိုရင် သမ္မတပူတင်အနေနဲ့ သက်သက်ညှာညှာ တုံ့ပြန်မယ်လို့ မှန်းဆနိုင်ဖွယ်ရာမရှိတဲ့ အခြေအနေမျိုးဖြစ်ပါတယ်။ အမေရိကန်ပါဝင်ပတ်သက်မှုရဲ့ အဆိုးဆုံး အကျိုးဆက်တစ်ခုကတော့ ယူကရိန်းဘက်က ငြိမ်းချမ်းရေး ထိန်းသိမ်းဖို့ ကမ်းလှမ်းလာတဲ့အပေါ်မှာ ရုရှားက ပူးပေါင်းဆောင်ရွက်လိုတဲ့ ဆန္ဒ ပျက်သုဉ်းသွားနိုင်ခြေရှိတယ်ဆိုတဲ့အချက်ပါပဲ။ **ရိုက်တာ**

# မြန်မာနိုင်ငံ သွားနှင့် ခံတွင်းဆိုင်ရာဆေးကောင်စီ ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှ အဆက်*

၃၁။ အထွေထွေ ဆေးကုသခွင့် လိုင်စင်ရရှိသူ သို့မဟုတ် အထူးဆေးကုသခွင့်လိုင်စင်ရရှိသူသည် မိမိ၏ ဆေးကုသခွင့် လိုင်စင်ကို သက်တမ်းတိုးမြှင့်လိုပါက သက်ဆိုင်ရာ ဆေးကုသခွင့်လိုင်စင်သက်တမ်း မကုန်ဆုံးမီ အနည်းဆုံးရက်ပေါင်း ၆၀ ကြိုတင်၍ ကောင်စီသို့ လျှောက်ထားရမည်။ ကောင်စီသည် လျှောက်ထားချက်ကို ရရှိသည့်အခါ အလုပ်အမှုဆောင်အဖွဲ့သို့ စိစစ်ရန် လွှဲပြောင်းပေးရမည်။

၃၂။ အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မ ၃၁ အရ ဆေးကုသခွင့်လိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားသည့် လျှောက်လွှာကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး သက်တမ်းတိုးမြှင့်ပေးခြင်း သို့မဟုတ် သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၃၃။ ကောင်စီသည် ဆေးကုသခွင့်လိုင်စင်ရ သွားနှင့် ခံတွင်းဆိုင်ရာ ဆရာဝန် တစ်ဦးဦးနှင့်ပတ်သက်၍ အောက်ပါအချက် တစ်ရပ်ရပ်ပေါ်ပေါက်ကြောင်း စစ်ဆေးတွေ့ရှိပါက ဆေးကုသခွင့်လိုင်စင်ကို ပယ်ဖျက်ခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း ပြုနိုင်သည် -

(က) သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန် မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခံရခြင်း၊

(ခ) ဥပဒေအရသတ်မှတ်ထားသော ဆေးအဖွဲ့၏ စစ်ဆေးချက်အရ ကိုယ်စိတ်နှစ်ပါးအနက် တစ်ပါးပါးသည် ထာဝစဉ်ချို့ယွင်းသွားခြင်းကြောင့် သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်တစ်ဦး၏ ဆေးကုသမှုလုပ်ငန်းတာဝန်ကို ဆက်လက်ထမ်းဆောင်နိုင်စွမ်း မရှိခြင်း၊

(ဂ) သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်တစ်ဦး၏ ကုသမှုဆိုင်ရာ တာဝန်ဝတ္တရားများကို အရမ်း သို့မဟုတ် ပေါ့လျော့စွာပြုလုပ်ခြင်း၊

(ဃ) သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်တစ်ဦး၏ ကြီးလေးသောကျင့်ဝတ်သိက္ခာပျက်ပြားခြင်း၊

(င) သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်တစ်ဦး၏ အရည်အသွေးနှင့်အညီ ဆောင်ရွက်နိုင်စွမ်း မရှိခြင်း၊

(စ) ကောင်စီက သတ်မှတ်ထားသောကာလအတွင်း လုံလောက်သော အကြောင်းပြချက်မရှိဘဲ ဆေးကုသခွင့်လိုင်စင် သက်တမ်းတိုးမြှင့်ရန် ပျက်ကွက်ခြင်း။

## အခန်း(၁၂)
## သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်နှင့် ဆေးကုသခွင့်လိုင်စင်ရ သွားနှင့်ခံတွင်းဆရာဝန်၏ တာဝန်နှင့် ရပိုင်ခွင့်များ

၃၄။ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်နှင့် ဆေးကုသခွင့် လိုင်စင်ရ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်တို့သည် -

(က) ဤဥပဒေနှင့် ဤဥပဒေအရထုတ်ပြန်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်။

(ခ) ကောင်စီက သတ်မှတ်သည့် သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်၏ ကျင့်ဝတ်သိက္ခာများကို လိုက်နာစောင့်ထိန်းရမည်။

(ဂ) မှတ်ပုံတင်လက်မှတ်ရရှိပြီးနောက်တွင် ချီးမြှင့်ခံရသော သွားနှင့်ခံတွင်းဆိုင်ရာဆေးပညာဘွဲ့၊ ဒီပလိုမာစသည့် ထပ်ဆင့်သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာအရည်အချင်းကို သွားနှင့် ခံတွင်းဆိုင်ရာဆရာဝန်မှတ်ပုံတင်စာရင်းတွင် ဖြည့်စွက်ပေးရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ တင်ပြခွင့်ရှိသည်။

(ဃ) ကောင်စီ၏ လုပ်ငန်းတာဝန်များ တိုးတက်အောင်မြင်စေရေးအတွက် ကောင်စီသို့ အကြံပြုခွင့်ရှိသည်။

(င) မိမိ၏နစ်နာချက်များကို ကောင်စီသို့ တင်ပြခွင့်ရှိသည့်အပြင် ကောင်စီ၏ အကြံဉာဏ်ကိုလည်း ရယူနိုင်ခွင့်ရှိသည်။

၃၅။ ဆေးကုသခွင့်လိုင်စင်ရ သွားနှင့် ခံတွင်းဆိုင်ရာ ဆရာဝန်သည် မိမိရရှိသော ဆေးကုသခွင့် လိုင်စင်အမျိုးအစားအရ သွားနှင့် ခံတွင်းဆေးကုသခြင်းကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ခွင့်ရှိသည်။

၃၆။ ဆေးကုသခွင့်လိုင်စင်ရ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်သည် အများဆန္ဒမဲဖြင့် ရွေးချယ်တင်မြှောက်ရမည့် ကောင်စီဝင် ၁၃ ဦးအတွက် လည်းကောင်း၊ သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကိုယ်စားပြုကောင်စီဝင် တစ်ဦးစီ ရွေးချယ်တင်မြှောက်ရာတွင်လည်းကောင်း၊ မိမိနှင့်သက်ဆိုင်ရာဒေသများကို ကိုယ်စားပြု၍ ရွေးချယ်တင်မြှောက်ရာတွင်-

(က) ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။

(ခ) သတ်မှတ်ထားသည့် အရည်အချင်းပြည့်မီလျှင် ကောင်စီဝင်အဖြစ် ဖြစ်စေ အလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ် ဖြစ်စေ ရွေးချယ်တင်မြှောက်ခံပိုင်ခွင့်ရှိသည်။

## အခန်း (၁၃)
## အယူခံခြင်း

၃၇။ (က) အလုပ်အမှုဆောင်အဖွဲ့ ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သောနေ့မှ ရက်ပေါင်း (၆၀)အတွင်း ကောင်စီသို့ အယူခံဝင်နိုင်သည်။

(ခ) ကောင်စီသည် ပုဒ်မခွဲ(က)အရ အယူခံမှုကိုစိစစ်ပြီး အလုပ်အမှုဆောင်အဖွဲ့၏အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ(ခ)အရ ချမှတ်သော ကောင်စီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း(၁၄)
## တားမြစ်ချက်

၃၈။ မည်သူမျှ ဆေးကုသခွင့်လိုင်စင်မရှိဘဲ သွားနှင့် ခံတွင်းဆိုင်ရာဆေးပညာဖြင့် ဆေးကုသခြင်း မပြုရ။

၃၉။ မည်သည့်ဆေးကုသခွင့်လိုင်စင်ရ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်မျှ ဆေးကုသသည့် လုပ်ငန်းဆောင်ရွက်ရာတွင် သက်ဆိုင်ရာဆေးကုသသည့် လုပ်ငန်းအလိုက် ကျွမ်းကျင်မှုရှိကြောင်း၊ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းက ထုတ်ပေးသည့် လိုင်စင်၊ မှတ်ပုံတင်လက်မှတ်၊ အသိအမှတ်ပြုလက်မှတ်၊ ခွင့်ပြုချက်၊ သင်တန်းဆင်းလက်မှတ် သို့မဟုတ် အထောက်အထား ရရှိသူမှအပ အခြားသူကို တာဝန်ပေးဆောင်ရွက်စေခြင်း မပြုရ။

၄၀။ မည်သည့် သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်မျှ မိမိရရှိသောဘွဲ့၊ အဆင့်၊ ကျွမ်းကျင်မှုဆိုင်ရာ ပညာတို့နှင့် မလျော်ညီသော အခေါ်အဝေါ်၊ စကားရပ်များကို မိမိအမည်နှင့်ယှဉ်တွဲဖော်ပြခြင်း မပြုရ။

၄၁။ မည်သည့် သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်မျှ မှတ်ပုံတင်လက်မှတ်ရရှိပြီးမှ ချီးမြှင့်ခြင်းခံရသော ဒီပလိုမာစသည့် ထပ်ဆင့်သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာအရည်အချင်းကို သွားနှင့် ခံတွင်းဆိုင်ရာ ဆရာဝန်မှတ်ပုံတင်စာရင်းတွင် ဖြည့်စွက်ပြီးကြောင်း ကောင်စီ၏အတည်ပြုချက်မရရှိဘဲ မိမိအမည်နှင့် ယှဉ်တွဲဖော်ပြခြင်း မပြုရ။

## အခန်း(၁၅)
## ပြစ်ဒဏ်များ

၄၂။ မည်သူမျှ ပုဒ်မ ၃၈ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် အနည်းဆုံး တစ်နှစ်မှ အများဆုံး ငါးနှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ် ငါးသိန်းကိုလည်း ချမှတ်ရမည်။

၄၃။ မည်သည့်ဆေးကုသခွင့် လိုင်စင်ရ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်မျှ ပုဒ်မ ၃၉ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ငါးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄၄။ မည်သည့်သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်မျှ ပုဒ်မ ၄၀ ပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခံရလျှင် ထိုသူကို ငွေဒဏ် ငါးသိန်းချမှတ်နိုင်သည်။

၄၅။ မည်သည့်သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်မျှ ပုဒ်မ ၄၁ ပါတားမြစ်ချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခံရလျှင် ထိုသူကို ငွေဒဏ် ငါးသိန်းချမှတ်နိုင်သည်။

## အခန်း(၁၆)
## အထွေထွေ

၄၆။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် အခြားတည်ဆဲ ဥပဒေတစ်ရပ်ရပ်အရ သွားနှင့် ခံတွင်းဆိုင်ရာဆေးပညာဖြင့် ဆေးကုသခွင့်ရှိသူများနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၄၇။ ဆေးကုသခွင့်လိုင်စင်ရသူ သွားနှင့် ခံတွင်းဆိုင်ရာဆရာဝန်က ကိုယ်တိုင်လက်မှတ်ရေးထိုးခြင်းမရှိသော ဆေးလက်မှတ်သည် တရားဝင်ဖြစ်သည်ဟု မမှတ်ယူရ။

၄၈။ မြန်မာနိုင်ငံ သွားနှင့် ခံတွင်းဆိုင်ရာ ဆေးကောင်စီဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၁၅/ ၂၀၁၁)အရ ထုတ်ပေးထားသော မှတ်ပုံတင်လက်မှတ်နှင့် ဆေးကုသခွင့်လိုင်စင်တို့သည် ယင်းတို့၏ သက်တမ်းကုန်ဆုံးသည့်နေ့အထိ အတည်ဖြစ်သည်ဟု မှတ်ယူရမည်။

၄၉။ မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီဥပဒေ (နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၁၅/ ၂၀၁၁) အရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ အမိန့်နှင့်ညွှန်ကြားချက်များသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၅၀။ ကောင်စီသည် မြန်မာနိုင်ငံ သွားနှင့် ခံတွင်းဆိုင်ရာ ဆေးကောင်စီဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၁၅/ ၂၀၁၁) အရ ဖွဲ့စည်းထားသော ကောင်စီပိုင်ရန်ပုံငွေများကိုလည်းကောင်း၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကိုလည်းကောင်း၊ ဆောင်ရွက်ဆဲလုပ်ငန်းများကိုလည်းကောင်း၊ ဆောင်ရွက်ပြီးလုပ်ငန်းများကို လည်းကောင်း၊ ရပိုင်ခွင့်နှင့် ပေးရန်တာဝန်များကိုလည်းကောင်း အသီးသီး ဆက်ခံရမည်။

၅၁။ မြန်မာနိုင်ငံသွားနှင့် ခံတွင်းဆိုင်ရာ ဆေးကောင်စီဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၁၅/ ၂၀၁၁)အရ ဖွဲ့စည်းထားသော မြန်မာနိုင်ငံသွားနှင့် ခံတွင်းဆိုင်ရာ ဆေးကောင်စီသည် ဤဥပဒေအရ ကောင်စီမဖွဲ့စည်းမီ ယင်း၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆက်လက် ဆောင်ရွက်ရမည်။

၅၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်-

(က) ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေကို ထုတ်ပြန်ပေးရမည်၊

(ခ) ကောင်စီသည် လိုအပ်သောအမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

၅၃။ မြန်မာနိုင်ငံသွားနှင့် ခံတွင်းဆိုင်ရာ ဆေးကောင်စီဥပဒေ (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၁၅/ ၂၀၁၁) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

# ဆိုလာမီးသုံးစွဲရာမှ မီးလောင်မှုများဖြစ်နေသောကြောင့် ကွင်းဆင်းပညာပေး




**ကလေး ဒီဇင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မြို့ပေါ်ရပ်ကွက်ရှိ နေအိမ်များတွင် ဆိုလာမီးသုံးစွဲရာမှ မီးလောင်မှုများ မကြာခဏဖြစ်ပေါ်နေသောကြောင့် အသုံးပြုသူ ဒေသခံများအား ဆိုလာမီးသုံးစွဲမှုနှင့်ပတ်သက်၍ အထူးဂရုပြုရန် တစ်အိမ်တက်ဆင်း စစ်ဆေး၍ အသိပညာပေးမှုများကို ကွင်းဆင်းလုပ်ဆောင်လျက်ရှိကြောင်း ကလေးမြို့နယ် မီးသတ်တပ်ဖွဲ့ထံမှ သိရသည်။

ကလေးမြို့တွင် နိုဝင်ဘာလဒုတိယပတ်အတွင်းက ဆိုလာမီးအသုံးပြုရာမှ စတင်ကာ အင်ဒိုင်းကုန်းရပ်ကွက်နှင့် ဒိုးဝန်းချောင်းရပ်ကွက်ရှိ လူနေအိမ်နှစ်အိမ် နှစ်ကြိမ်ဆက်တိုက် မီးလောင်မှုဖြစ်ပွားခဲ့၍ ဒေသခံပြည်သူများ ဆိုလာမီးသုံးစွဲရာတွင် ဂရုတစိုက် အသုံးပြုတတ်စေရန်ရည်ရွယ်ကာ ယခုကဲ့သို့ အသိပညာပေးအစီအစဉ်များ ဆောင်ရွက်နေခြင်းဖြစ်သည်။

"အခုရက်ပိုင်း ဆိုလာမီးသုံးစွဲကြတဲ့ တာဟန်းနဲ့ စမ်းမြို့ရပ်ကွက်တွေမှာ စစ်ဆေးမှု လုပ်နေပါတယ်၊ တွေ့ခဲ့တဲ့ အိမ်မှာ ဘယ်လိုသုံးစွဲမလဲဆိုပြီး အသိပညာတွေပေးတယ်၊ ညွှန်ကြားချက်တွေ ပေးပါတယ်၊ ဆိုလာမီးသုံးစွဲသူ ဒေသခံတချို့ဟာဆိုရင် ဆိုလာနဲ့ ဘက်ထရီအား ကိုက်ညီမှုမရှိတာကို ထိန်းညှိပေးတဲ့ ကြားဖြတ်၊ ကြားခံစက် တပ်ဆင်ထားမှု မရှိတာတွေ၊ ဘက်ထရီကို ခံနိုင်ရည်ထက်ပိုပြီး နှစ်ကာလရှည်ကြာအောင် အသုံးပြုပြီးတော့ လဲလှယ်မှုမရှိတာတွေကြောင့် မီးလောင်မှုတွေ ဖြစ်ပွားရခြင်း ဖြစ်တယ်လို့ သုံးသပ်ရပါတယ်" ဟု မြို့နယ်မီးသတ်ဦးစီးမှူး ဦးအောင်ကိုဌေး က ပြောသည်။

ကလေးခရိုင်နှင့် မြို့နယ် မီးသတ်ဦးစီးဌာနများအနေဖြင့် မိမိတို့ ဒေသအတွင်း မီးလောင်မီးလန့်မှုမရှိစေရေးအတွက် မြို့ပေါ်ရပ်ကွက်များရှိ ဌာနဆိုင်ရာ ရုံးများ၊ ကျောင်းများ၊ စက်သုံးဆီအရောင်းဆိုင်များ၊ ဈေးများ စသည့် အများပြည်သူဆိုင်ရာ နေရာများတွင် တာဝန်ရှိဝန်ထမ်းများနှင့် ဒေသခံပြည်သူများ၏ မီးသုံးစွဲမှုများကို လိုက်လံစစ်ဆေးခြင်း၊ သတိပေးခြင်း၊ မီးဘေးအန္တရာယ်ကင်းရှင်းရေး ဟောပြောပွဲများ ပြုလုပ်ခြင်း၊ မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်နည်းများကို လက်တွေ့သရုပ်ပြ လေ့ကျင့်ပေးခြင်းများ ဆောင်ရွက်နေသည့်အပြင် ရပ်ကွက်နေပြည်သူများ မီးသုံးစွဲမှုနှင့်ပတ်သက်၍ သတိရှိစေရန် မြို့တွင်းသို့ တစ်ပတ် တစ်ကြိမ် မီးသတ်ယာဉ်ဖြင့် လှည့်လည် ဆော်ဩပေးလျက်ရှိကြောင်း သိရသည်။

**ချင်းတွင်းသား**

---

# ဝါသီးနှံစံပြကွက် သရုပ်ပြပွဲ ကျင်းပ

**ကံမ ဒီဇင်ဘာ ၁**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ် စိုက်ပျိုးဦးစီးဌာနမှ တောင်သူလယ်သမားဦးကြီးများအား စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးရေးနည်းပညာများ ဖြန့်ဝေပေးခြင်း၊ ဝါသီးနှံစံပြကွက်ကွင်း သရုပ်ပြပွဲကို မြို့မရွှေ့တန်းနယ်မြေရှိ ချည်မျှင်ရှည်ဝါ မျိုးသန့်မျိုးပွား ၅ ဒသမ ၀၀ ဧက စံပြကွက်တွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ဦးစီးမှူး ဦးဇော်မင်းနိုင်က စိုက်ခင်းအတွင်း တောင်သူများအား လက်တွေ့ကွင်းဆင်းသရုပ်ပြသခဲ့ကြောင်း သိရသည်။

**မြင့်နိုင်(ပြည်)**

# ဖုန်းဘီလ်နှင့်စပ်လျဉ်း၍ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ သုံးစွဲသူများထံ အသိပေးချက်ကို တယ်လီနောကြိုဆို

ရန်ကုန် ဒီဇင်ဘာ ၁

တယ်လီဖုန်းဘီလ်များ ဖြတ်တောက်မှုနှင့်စပ်လျဉ်း၍ သုံးစွဲသူများသို့ အသိပေးချက်တစ်ရပ်ကို ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက နိုဝင်ဘာ ၂၃ ရက်က ထုတ်ပြန်ခဲ့ရာ အဆိုပါ အသိပေးချက်ကို တယ်လီနောမြန်မာက ကြိုဆိုကြောင်းနှင့် တယ်လီနောမြန်မာသည် သုံးစွဲသူများအနေဖြင့် ကုမ္ပဏီက ပေးအပ်လျက်ရှိသော ဝန်ဆောင်မှုများကို အကျိုးအရှိဆုံး အသုံးပြုနိုင်ကြစေရေးအတွက် အသိပညာပေးမှုများကို တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း ထုတ်ပြန်ခဲ့သည်။

ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ သုံးစွဲသူများသို့ အသိပေးချက်တွင် (၁)တယ်လီဖုန်းဘီလ် ဖြတ်တောက်မှုများ တိကျမှန်ကန်ရန်နှင့် ရှင်းလင်းမှုရှိစေရေးအတွက် လိုက်နာဆောင်ရွက်ရမည့် အချက်များကို အော်ပရေတာများထံသို့ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလိုင်စင်များ သတ်မှတ်ချထားပေးစဉ်ကတည်းက သတ်မှတ်ထားပြီးဖြစ်ကြောင်း၊ (၂) သုံးစွဲသူများအနေဖြင့် မိမိတို့၏ တယ်လီဖုန်းဘီလ်များ ဖြတ်တောက်မှုနှင့်စပ်လျဉ်း၍ သိရှိလိုပါက သက်ဆိုင်ရာ အော်ပရေတာများထံ မိမိတို့အသုံးပြုသည့် တယ်လီဖုန်းဘီလ်စာရင်းကိုလည်းကောင်း၊ ရှင်းလင်းမှုမရှိသည်များကိုလည်းကောင်း ဖြေရှင်းပေးရန် တောင်းဆိုနိုင်ကြောင်း ဖော်ပြထားသည်။

နံပါတ်(၃)အချက်တွင် အကယ်၍ တယ်လီဖုန်းအော်ပရေတာများ၏ ရှင်းလင်းဖြေကြားမှုများကို ကျေနပ်မှုမရှိပါက မိမိတို့၏ ဖုန်းဘီလ်ဖြတ်တောက်မှုများ၊ တိကျမှန်ကန်မှုနှင့် ရှင်းလင်းမှုမရှိဟု ယူဆသည့် တယ်လီဖုန်းသုံးစွဲမှု အချက်အလက်များ(ဥပမာ-ခေါ်ဆိုအသုံးပြုသည့် အချိန်၊ အသုံးပြုသည့်ဝန်ဆောင်မှု စသည်ဖြင့်) ဖော်ပြ၍ တယ်လီဖုန်းအော်ပရေတာများက မိမိတို့၏ အကြောင်းကြားမှုအပေါ် ရှင်းလင်းဆောင်ရွက်ပေးခဲ့မှု အခြေအနေများနှင့်အတူ ညွှန်ကြားရေးမှူးချုပ်၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရုံးအမှတ်(၂)၊ နေပြည်တော်၊ အီးမေးလ်-complaint@ptd.gov.mm သို့ ပေးပို့တိုင်ကြားနိုင်ပါကြောင်းနှင့် ဌာနက လိုအပ်သလိုစိစစ်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာထားသည်။

တယ်လီနောမြန်မာ၏ ဈေးကွက်ဖော်ဆောင်ရေး အရာရှိချုပ် Joslin Myrthong က "အခုလို သုံးစွဲသူတွေကို အသိပေးဖိတ်ခေါ်မှုမျိုးကို တယ်လီနောအနေနဲ့ ကြိုဆိုပါတယ်၊ သုံးစွဲသူတွေရဲ့ မေးမြန်းမှုတွေကို ဖြေရှင်းရာမှာ တယ်လီနောအနေနဲ့လည်း အထူး ပူးပေါင်းဆောင်ရွက်သွားမယ်ဆိုတာကို အလေးအနက် ပြောကြားလိုပါတယ်၊ ကျွန်တော်တို့ရဲ့ ဝန်ဆောင်မှုတွေကိုလည်း သုံးစွဲသူတွေရဲ့ အကြံဉာဏ်တွေကို အခြေခံပြီး ပိုမိုကောင်းသည်ထက်ကောင်းအောင် လုပ်ဆောင်နေပါတယ်၊ သုံးစွဲသူတွေအနေနဲ့ ဝန်ဆောင်မှုတွေရယူတာ၊ အကြံဉာဏ်တွေပေးတာ၊ ဖုန်းဘီလ်ကုန်ကျမှု အပါအဝင် အခြားမရှင်းလင်းတဲ့ အချက်အလက်တွေကို မေးမြန်းတာ စတာတွေကို ဆောင်ရွက်ဖို့ တယ်လီနောအနေနဲ့ အွန်လိုင်းနဲ့ လူကိုယ်တိုင်သွားရောက်နိုင်တဲ့ နည်းလမ်းများစွာကို ဆောင်ရွက်ပေးထားပါတယ်" ဟု ပြောသည်။

တယ်လီနောသုံးသူများအနေဖြင့် ဖုန်းဘီလ်ဖြတ်တောက်မှုများနှင့် ပတ်သက်၍ သိရှိလိုသည်များကို တယ်လီနောအမှတ်တံဆိပ် အရောင်းဆိုင်များ၊ တယ်လီနောဝက်ဘ်ဆိုက်၊ MyTelenor အပလီကေးရှင်း၊ ဖေ့စ်ဘုတ်Chat နှင့် အီးမေးလ် care@telenor.com.mm တို့မှတစ်ဆင့် သုံးစွဲသူအမည်၊ ဖုန်းနံပါတ်၊ အဆင်မပြေမှုတစ်စုံတစ်ရာ ဖြစ်ပွားခဲ့သည့် နေ့ရက်/အချိန်တို့ အပါအဝင် လိုအပ်သော အချက်အလက်အသေးစိတ်ကို ပေးပို့၍ မေးမြန်းနိုင်ကြောင်း သိရသည်။

တယ်လီနော၏ ဝန်ဆောင်မှုများကို သုံးစွဲနေသူများအနေဖြင့် တယ်လီနော၏ ဖုန်းဆက်သွယ်မှုနှင့် အင်တာနက်အသုံးပြုမှု ဝန်ဆောင်မှုများကို အကျိုးအရှိဆုံး အသုံးပြုနိုင်စေရန်အတွက် သိရှိရန်လိုအပ်သော အသိပညာပေးမှုများကိုလည်း တယ်လီနောက ဒီဂျစ်တယ်နည်းလမ်းများဖြင့်ဖြစ်စေ၊ လူကိုယ်တိုင် သွားရောက်နိုင်သည့် ချန်နယ်မျိုးစုံမှတစ်ဆင့်ဖြစ်စေ ဆောင်ရွက်လျက်ရှိသလို လူကြည့်များပြီး နာမည်ကြီးသူများပြားသည့် ရုပ်မြင်သံကြားနှင့် ရေဒီယို အစီအစဉ်များမှတစ်ဆင့်လည်း မိုဘိုင်းဝန်ဆောင်မှုများကို အကျိုးအရှိဆုံး အသုံးပြုနိုင်သည့် နည်းလမ်းများအကြောင်း ပညာပေးမှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း တယ်လီနောမြန်မာက သတင်းထုတ်ပြန်ခဲ့သည်။

**သူရဖြိုး**

# တောင်အာရှနှင့် အရှေ့အာဖရိက ချိတ်ဆက်သည့် ပင်လယ်အောက်ကေဘယ်လ်များ စတင်သွယ်တန်း

ရန်ကုန် ဒီဇင်ဘာ ၁

Huawei Marine ကုမ္ပဏီနှင့် Tropic Science ကုမ္ပဏီလီမိတက်တို့ ပူးပေါင်းပြီး တောင်အာရှဒေသကို အရှေ့အာဖရိကဒေသနှင့် ချိတ်ဆက်ပေးမည့် Pakistan East Africa Cable Express(PEACE) ပင်လယ်သမုဒ္ဒရာအောက် ဆယ်သွယ်ရေးကေဘယ်လ်ကြိုးများ သွယ်တန်းရန်အတွက် အချက်အလက်များ အဆုံးသတ်စစ်ဆေးခြင်းနှင့် စက်ပစ္စည်းများ ကြံ့ခိုင်မှုတိုင်းထွာခြင်း လုပ်ငန်းများကို စတင်လုပ်ကိုင်နေပြီဖြစ်ကြောင်း၊ စီမံကိန်းကို ၂၀၁၉ နှစ်ကုန်ပိုင်းအတွင်း ပြီးမြောက်ရန် ရည်မှန်းထားကြောင်း Huawei Marine မှ သတင်းထုတ်ပြန်သည်။

အဆိုပါစီမံကိန်းအရ စုစုပေါင်း ကီလိုမီတာ ၁၃၀၀၀ အရှည်ရှိ ကေဘယ်လ်ကြိုးများကို သွယ်တန်းသွားမည်ဖြစ်ပြီး အရှေ့အာဖရိကဒေသ(ဂျီဘူတီ)နှင့် ကင်ညာတို့ကို တောင်အာရှဒေသ (ပါကစ္စတန်နိုင်ငံ)နှင့် ချိတ်ဆက်ပေးသွားမည်ဖြစ်ကာ မြောက်ဘက်တွင် အီဂျစ်နိုင်ငံနှင့် တောင်ဘက်တွင် ကင်ညာနိုင်ငံမှတစ်ဆင့် တောင်အာဖရိကနိုင်ငံသို့ အသီးသီး ချိတ်ဆက်သွယ်တန်းမှုများကို ချဲ့ထွင်သွားမည်ဖြစ်ကြောင်း၊ မူလရှိပြီးသား မြေပေါ်ဆက်သွယ်ရေးကေဘယ်လ်ကြိုးများကို အသုံးပြုပြီး တရုတ်နိုင်ငံနှင့် ပါကစ္စတန်နိုင်ငံများအကြား ချိတ်ဆက်မှုအဆင်ပြေချောမွေ့စေရန်လည်း လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံနှင့် ဥရောပတိုက်အကြားတွင် အာဖရိကတိုက်ကို ဖြတ်သန်းသွယ်တန်းခြင်းအားဖြင့် အကွာအဝေးအတိုဆုံး ချိတ်ဆက်မှုလမ်းကြောင်းကို ရရှိစေမည်ဖြစ်ကြောင်း၊ အဆိုပါစီမံကိန်း၏ မြေပြင်ကွန်ရက်အနေအထားအရ မူလရှိပြီးသား ကွန်ရက်များ၏ သွယ်တန်းမှုအကွာအဝေးကို ၅၀ ရာခိုင်နှုန်းအထိ လျှော့ချပေးနိုင်မည်ဖြစ်ပြီး စီမံကိန်းပြီးဆုံးသွားပါက အာရှတိုက်၊ အာဖရိကတိုက်နှင့် ဥရောပတိုက်များအကြား အင်တာနက်ကွန်ရက်ချိတ်ဆက်မှုအတွက် ခြားနားသော လမ်းကြောင်းအသစ်တစ်ခုကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ ယခုစီမံကိန်းမှ ဖောက်လုပ်ပေးမည့် မြန်နှုန်းမြင့် နိုင်ငံတကာသတင်းအချက်အလက် လမ်းကြောင်းသည် အရှေ့အာဖရိကဒေသ၏ လူမှုရေးနှင့် စီးပွားရေးတိုးတက်မှုများကိုလည်း ရရှိစေမည်ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

# စစ်ကိုင်းတိုင်းဒေသကြီး မြို့လေးမြို့တွင် အူရီဒူး၏ 4G ကွန်ရက် စတင်ရရှိ

ရန်ကုန် ဒီဇင်ဘာ ၁

အူရီဒူးမြန်မာအနေဖြင့် ယခုနှစ် မေလအတွင်းက ထပ်မံရရှိခဲ့သည့် 1800 MHz လိုင်းနှုန်းစဉ်ဖြင့် 4G ကွန်ရက်ကို အဆင့်မြှင့်တင်ခဲ့ပြီး အဆိုပါလိုင်းနှုန်းစဉ်ဖြင့် မြို့နယ်အမြောက်အများတွင် 4G ကွန်ရက်ချဲ့ထွင်ခြင်းများကို ဆောင်ရွက်ခဲ့ရာ ယခုအခါ အူရီဒူး၏ 4G Plus အင်တာနက်ကွန်ရက်ကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြို့လေးမြို့တွင် ထပ်မံရရှိ အသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ မြို့ကြီးများဖြစ်သော စစ်ကိုင်း၊ မုံရွာ၊ တမူးနှင့် ကလေးမြို့တို့တွင် အူရီဒူး 4G Plus ကွန်ရက် ရရှိခြင်းဖြစ်ပြီး ကွန်ရက်ရရှိခြင်းကြောင့် ဒေသနေလူငယ်များ၏ ပညာရေးကို ပံ့ပိုးပေးနိုင်မည်ဖြစ်သလို ဒေသ၏ စီးပွားရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးပါသည့် အိန္ဒိယနှင့် နယ်စပ်ကုန်သွယ်ရေးကဏ္ဍကိုလည်း ပိုမိုပြည့်စုံကောင်းမွန်စေမည်ဖြစ်သည်။ အူရီဒူးမြန်မာအနေဖြင့် နိုင်ငံတစ်ဝန်းရှိ မြို့ကြီးများအပါအဝင် ဒေသအများအပြားတွင် 4G Plus ကွန်ရက်ချဲ့ထွင်ခြင်းကို ဆက်လက်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သူရဖြိုး**

# မန္တလေးတိုင်းဒေသကြီး မသန်စွမ်းမှုဆိုင်ရာဖိုရမ် နှစ်ရက်တာ ကျင်းပ



မန္တလေး ဒီဇင်ဘာ ၁

မန္တလေးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနနှင့် မသန်စွမ်းသူများအရေး ဆောင်ရွက်လျက်ရှိသော အရပ်ဘက်အဖွဲ့အစည်းများ ပူးပေါင်း၍ မသန်စွမ်းမှုဆိုင်ရာဖိုရမ်ကို နိုဝင်ဘာ ၂၉ ရက်နှင့် ၃၀ ရက်က မန္တလေး ချမ်းအေးသာစံမြို့နယ်ရှိ မက်သဒစ်ဘုရားကျောင်း ဦးဘအုန်းအောက်မေ့ဖွယ်ခန်းမ၌ ကျင်းပခဲ့သည်။

မသန်စွမ်းသူများအရေး ဆောင်ရွက်လျက်ရှိသော အရပ်ဘက် အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ မသန်စွမ်းသူများနှင့် ၎င်းတို့၏ မိသားစုဝင်များ တက်ရောက်ခဲ့သည်။

ဖိုရမ်တွင် တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှူးက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ နားမကြားသူများအဖွဲ့အစည်းတည်ထောင်သူ ဒေါ်ရတနာအောင်က ဖိုရမ်ကျင်းပခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်းချုပ် အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်ခင်မျိုးစုက အသင်းချုပ်အကြောင်းကို မိတ်ဆက်ပြောကြားသည်။

ထို့နောက် ဖိုရမ်သို့တက်ရောက်သော လူမှုဝန်ထမ်းဦးစီးဌာန တာဝန်ရှိသူများ၊ မသန်စွမ်းသူများအရေး ဆောင်ရွက်လျက်ရှိသော အရပ်ဘက်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ မသန်စွမ်းသူများနှင့် ၎င်းတို့၏ မိသားစုဝင်များက မသန်စွမ်းသူများ၏ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်နှင့် စီးပွားရေး၊ လက်လှမ်းမီရယူသုံးစွဲနိုင်ခြင်းနှင့် အတားအဆီးများ၊ ထူထောင်ခြင်းနှင့် ပြန်လည်ထူထောင်ခြင်း၊ လူ့အခွင့်အရေးနှင့် မသန်စွမ်းသူများ၏ အခွင့်အရေးများ ဥပဒေ၊ ငြိမ်းချမ်းရေးဖြစ်စဉ်များတွင် မသန်စွမ်းသူများလည်း ပါဝင်နိုင်မည့်အခွင့်အလမ်းများ၊ ဖိုရမ်သဘောထား ကြေညာချက်(မူကြမ်း)နှင့် ဦးစားပေးဆောင်ရွက်ပေးစေလိုသောအကြောင်းအရာများ စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြသည်။

မန္တလေးတိုင်းဒေသကြီး မသန်စွမ်းမှုဆိုင်ရာဖိုရမ်ကို မသန်စွမ်းအမျိုးအစား လေးမျိုးဖြစ်သည့် ကိုယ်အင်္ဂါ၊ အကြား၊ အမြင်နှင့် ဉာဏ်ရည် မသန်စွမ်းသူများ၏ ရင်ဆိုင်ကြုံတွေ့နေရသော အခက်အခဲများကို ဖော်ထုတ်ပြီး အဆိုပါ ဖော်ထုတ်ချက်ရလဒ်များကို သက်ဆိုင်ရာအစိုးရတာဝန်ရှိသူများ သိရှိစေရန်နှင့် ဖြေရှင်းပေးနိုင်မည့်နည်းလမ်းများ ထွက်ပေါ်လာစေရန်၊ မသန်စွမ်းသူများအတွက် ဦးစားပေးအစီအစဉ်များ ရေးဆွဲပေးနိုင်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# မြင်းခြံအကျဉ်းထောင်အတွင်း အခြေခံစက်ပြင်ပညာနှင့် အခြေခံလျှပ်စစ်ပညာသင်တန်းဖွင့်လှစ်

မြင်းခြံ ဒီဇင်ဘာ ၁

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ရှိ မြင်းခြံအကျဉ်းထောင်အတွင်းမှ အကျဉ်းသားများအား အခြေခံစက်ပြင်ပညာနှင့် အခြေခံလျှပ်စစ်ပညာများကို အမှတ်(၆) စက်မှုသင်တန်းကျောင်း(မြင်းခြံ)က နိုဝင်ဘာ ၂၉ ရက်က သွားရောက်သင်တန်းဖွင့်လှစ်၍ သင်ကြားပေးခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် အမှတ် (၆) စက်မှု သင်တန်းကျောင်း (မြင်းခြံ) ကျောင်းအုပ်ကြီး ဦးဟန်ညိမ်းဆွေနှင့် မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းဦးတို့က အမှာစကားပြောကြားသည်။ဖွင့်လှစ်သည့် သင်တန်းနှစ်ခုမှ အခြေခံစက်ပြင်သင်တန်းတွင် အကျဉ်းဦးစီးဌာနဝန်ထမ်း ငါးဦးနှင့်အကျဉ်းသား ၂၅ ဦး၊ အခြေခံ လျှပ်စစ်ပညာသင်တန်းတွင်လည်း အကျဉ်းဦးစီးဌာနဝန်ထမ်း ငါးဦးနှင့် အကျဉ်းသား ၂၅ ဦး စုစုပေါင်းသင်တန်းသား ၆၀ တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ၁၄ ရက် ကြာမြင့်မည်ဖြစ်ကာ ပြီးဆုံးပါက ကျွမ်းကျင်မှုအသိအမှတ်ပြုသည့် သင်တန်းဆင်းလက်မှတ်များ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**



# မျိုးဆက်သစ် ကဗျာအဆိုရှင်များ ပေါ်ထွန်းလာစေရန် ကဗျာတေးသီချင်း အဆိုပြိုင်ပွဲကျင်းပမည်

လှိုင်ကော် ဒီဇင်ဘာ ၁

မျိုးဆက်သစ် ကဗျာအဆိုရှင်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်ချက်ဖြင့် ကဗျာတေးသီချင်း အဆိုပြိုင်ပွဲတစ်ရပ်ကို ကဗျာပြည်နယ်အတွင်း၌ ဒီဇင်ဘာ ၁၀ ရက်မှ မတ် ၃၁ ရက်အထိ အဆင့်(၃)ဆင့် ခွဲခြားသတ်မှတ်၍ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကဗျာတေးသီချင်းအဆိုပြိုင်ပွဲကို ကဗျာတေးဂီတဝါသနာရှင်များ(တေးရေး၊ တေးဆိုနှင့် တီးခတ်သူများ)က စုပေါင်းဦးစီး၍ ကျင်းပသွားမည်ဖြစ်ပြီး Level – 1 တွင် ပဏာမ အသံစစ်ဆေးခြင်းကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်သူသည် မိမိကြိုက်နှစ်သက်သည့် ကဗျာတေးသီချင်း တစ်ပုဒ်ကို မိမိအသံတစ်ခုတည်းဖြင့်ဖြစ်စေ၊ မိမိကိုယ်တိုင်ယူဆောင်လာသည့် တူရိယာတစ်ခုခု တီးခတ်၍ဖြစ်စေ ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲ Level – 1 ပဏာမ အသံစစ်ဆေးခြင်းကို ဖရူဆိုမြို့နယ်၊ ဒီမောဆိုမြို့နယ်၊ လွိုင်ကော်မြို့နယ်၊ ရှားတောမြို့နယ်နှင့် ရှမ်း/တောင်ဒေသဟု ဒေသ ငါးခုခွဲပြီး ကျင်းပသွားမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်များအနေနှင့် အသက် ၃၀ နှစ်ထက်မကြီးသူ ဖြစ်ရမည်ဖြစ်ပြီး ကဗျာတေးသီချင်းများကို ကဗျာဘာသာစကားဖြင့်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်လျှောက်လွှာကို နိုဝင်ဘာလကုန်အထိ လက်ခံခဲ့ကြောင်း သိရသည်။

အဆိုပါ Level–1 ပဏာမအသံစစ်ဆေးမှုတွင် ပြိုင်ပွဲဝင် ၃၀ ကို ရွေးချယ်သွားမည်ဖြစ်ပြီး ထို ၃၀ သည် Level–2 ကို ဇန်နဝါရီ ၂၀ ရက်တွင် ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း၊ Level -2 တွင် ပြိုင်ပွဲစီစဉ်သူများက တေးဂီတအဖွဲ့နှင့် တူရိယာပစ္စည်းများ စီစဉ်ပေးမည်ဖြစ်ကြောင်း၊ ထို့နောက် နောက်ဆုံးအဆင့် Level – 3 ပြိုင်ပွဲကို မတ် ၃၁ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး ထိုအဆင့်တွင် ပထမ၊ ဒုတိယနှင့် တတိယ သုံးဦးရွေးချယ်၍ ဆုများချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲနောင်(လွိုင်ကော်)**





# လောကကြီးမှာ မပြည့်စုံခြင်းဟာ ရှက်စရာ မဟုတ်ဘူးဟု ဆိုလိုက်သည့် အကယ်ဒမီပြေတီဦး

အနုပညာလောကထဲကို အောက်ခြေသိမ်းလုပ်ပြီး ဝင်ရောက်လာခဲ့သူ အင်ဂျင်နီယာ တစ်ယောက်ထက် အနုပညာသမားဘဝကို ရွေးချယ်လိုက်ရသောကြောင့် ဘဝမှာ နှိမ့်ချခံရမှုများ ရှိခဲ့သည့်အပေါ် ယနေ့အချိန်တွင် မည်သို့မျှ ပြန်လည်၍ တုံ့ပြန်မှုမရှိခဲ့ကြောင်း၊ ကြိုးစားမှုများ၏ ရလဒ်ကြောင့် ယနေ့အချိန်တွင် ၂၀၁၀ ပြည့်နှစ်က စတင်တည်ထောင်ခဲ့သော "ပြေတီဦးဖောင်ဒေးရှင်း" က သက်သေပင် ဖြစ်ကြောင်း နိုဝင်ဘာ ၃၀ ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ပိုလ်တထောင်ဘုရားလမ်းရှိ Orchid Hotel ၌ ပြုလုပ်သော "ပြေတီဦးဖောင်ဒေးရှင်း" ၏ ပညာရေး ထောက်ပံ့ငွေပေးအပ်ပွဲတွင် ပြောကြားခဲ့သည်။

"ကျွန်တော့်ဘဝမှာ အလွန်ကို ပျော်စရာနေ့လေးတစ်နေ့ ဖြစ်ခဲ့ပါတယ်၊ ကျွန်တော့်ရဲ့မွေးနေ့တိုင်းလိုလို ဒီလိုပွဲလေးလုပ်နိုင်ခဲ့တာကြောင့်ပါ၊ ကျွန်တော် ပြောနေကျစကားလေးပါ၊ လောကကြီးမှာ မပြည့်စုံတာ ရှက်စရာမဟုတ်ပါဘူး၊ ဒါကိုရှက်စရာအဖြစ် သဘောထားမခံယူလိုက်ပါနဲ့၊ ဘဝမှာ အစစအရာရာ ပြည့်စုံနေလို့ အောင်မြင်တယ်လို့မခေါ်ပါဘူး၊ အခက်အခဲတွေကြားထဲမှာမှ ရုန်းကန်ရင်း ဘဝရဲ့ပန်းတိုင်ကို ရောက်တယ်ဆိုမှသာ အောင်မြင်တယ်လို့ခေါ်ပါတယ်၊ ကျွန်တော်တို့ အခက်အခဲနဲ့ အမြဲကြုံခဲ့ရတာပါပဲ၊ ကိုယ်လာတဲ့ဘဝကို ရှက်စရာမျိုးမတွေးပါနဲ့၊ မထားပါနဲ့၊ ဘဝကို ဘယ်တော့မှ မမေ့ပါနဲ့၊ ဘယ်အခြေအနေရောက်ရောက်ပါ၊ ကိုယ်ကြိုးစားဖြတ်သန်းခဲ့ရတာကို ပတ်ဝန်းကျင်က မိတ်ဆွေတွေကို ပြောပြပါ၊ အတုယူနိုင်စရာတစ်ခုပြသပါ၊ ကျွန်တော်ဆိုလည်း အလွန်ပြည့်စုံပြီး ဖြတ်သန်းခဲ့ရတဲ့ဘဝ မဟုတ်ပါဘူး၊ လိုအပ်ချက်တွေ အများကြီးရှိခဲ့ပါတယ်၊ ကျွန်တော်အင်ဂျင်နီယာ ကျောင်းသားတစ်ယောက်ဖြစ်ပြီး အေးအေးဆေးဆေးနဲ့ ကိုယ့်ပညာနဲ့ လုပ်ကိုင်စားသောက်နိုင်ပေမယ့် ကိုယ်ဝါသနာပါတဲ့ အနုပညာလမ်းကြောင်းကျတော့ အောက်ခြေကနေတက်လာရတယ်၊ ရှူတင်တစ်ခုမှာဆို အမြဲအောက်ခြေသိမ်း အလုပ်တွေ ကျွန်တော်လုပ်ခဲ့ရတယ်၊ ခြံထဲမှာ လိုအပ်တာတွေ အကုန်လုပ်ရတယ်၊ ကိုယ်လိုချင်တဲ့အရာကို အခုလိုပေးဆပ်ပြီး ယူခဲ့ရတာပါ"ဟု ပြောသည်။

အဆိုပါ ဖောင်ဒေးရှင်းမှာ ပညာရေးထောက်ပံ့မှုရရှိသူ ကျောင်းသား ကျောင်းသူ ၁၈၀ ရှိကာ ထိုထဲမှ ယနေ့တွင် ပညာရေး ပြီးဆုံးသွားသူများရှိပြီး ဆရာဝန် ၁၅ ဦးရှိကြောင်း၊ ၂၀၁၇- ၂၀၁၈ ပညာသင်နှစ်အတွက် ဖောင်ဒေးရှင်းမှ ထောက်ပံ့ပေးမည့် ကျောင်းသား ကျောင်းသူ အပြီးသတ် ရွေးချယ်ခဲ့ရာ ဆေးတက္ကသိုလ် ခြောက်ဦး၊ စက်မှုတက္ကသိုလ် ငါးဦး၊ ဥပဒေတစ်ဦးတို့ကို ထပ်မံရွေးချယ်ခဲ့ကြောင်း သိရသည်။

**ကိုလင်း**



## မော်ဒယ် အလင်းရောင် ခေါင်းဆောင်ပါဝင်ထားသည့် "3Girls" ရုပ်ရှင်ဇာတ်ကား ဒီဇင်ဘာလအတွင်း ရုံတင်ပြသရန် စီစဉ်

3Girls ရုပ်ရှင်ဇာတ်ကားသည့် စာရေးဆရာမ လွန်းထားထားရေးသားသော "တိတ်ဆိတ်နက်ရှိုင်းသောသက်သေ" အမည်ရသည့် ဝတ္ထုကို ပြန်လည်အသက်သွင်းထားသော ဇာတ်ကားဟုသိရသည်။ အဆိုပါ ဇာတ်ကားကို ဒါရိုက်တာ ဝိုင်းက ပုံဖော်ရိုက်ကူးထားပြီး အလင်းရောင်၊ ဖွေးဖွေး၊ အိချောပို၊ ပိုင်ဖြိုးသုတို့က အဓိကပါဝင်သရုပ်ဆောင်ထားပြီး အချစ်၊ အမုန်းနှင့် သစ္စာတရားကို အဓိက ထားရည်ညွှန်းပြီး ရိုက်ကူးထားသော ဇာတ်ကားဟု သိရသည်။ ယင်းဇာတ်ကားကြီးတွင် ရွှေရုပ်သွင်အဖြစ် ပိုင်ဖြိုးသုက ပါဝင်ထားပြီး အမှန်တရားကို မြတ်နိုးသူ ကောင်မလေးတစ်ယောက်၊ မကောင်းမှုကို လုပ်တဲ့သူမှန်သမျှကို မုန်းနေတတ်သူ၊ ခေါင်ပွင့်အဖြစ် ဖွေးဖွေး၊ သစ္စာတရားကို လေးစားတန်ဖိုးထားသူ၊ လူတွေ အမြင်တွင် သစ္စာမရှိသော မိန်းကလေးဟု မြင်တွေ့သော်လည်း သူ့အနေဖြင့် သစ္စာတရားကိုအသက်ထက် တန်ဖိုးထားသူ၊ မိုးစက်အဖြစ် အိချောပို၊ အချစ်ကို လေးလေးနက်နက် တန်ဖိုးထား ကိုးကွယ်တတ်သူ ကောင်မလေး အဖြစ်သရုပ်ဆောင်ထားကြပြီး ထိုမိန်းကလေး သုံးဦးနှင့် ချစ်သူဖြစ်ခဲ့သူ ကောင်လေးတစ်ယောက်ဖြစ်သည့် အလင်းရောင်၊ သူတို့လေးဦး၏အချစ်ဇာတ်လမ်းလေးကို ယခုနှစ် မကုန်ခင် ပိတ်ကားထက်တွင် မြင်တွေ့ရမည်ဟု သိရသည်။

အဆိုပါ ဇာတ်ကားနှင့် ပတ်သတ်ပြီး သရုပ်ဆောင်အလင်းရောင်ကလည်း မကြာခင် ရုံတင်မည့် ဇာတ်ကားအတွက် ရင်တွေခုန်နေကြောင်း 3Girls ဇာတ်ကားနှင့်ပတ်သက်ပြီး ကျန်ရှိသော အချက်အလက်များကိုလည်း 3 Girls ဖေ့စ်ဘုတ်စာမျက်နှာတွင် ဖော်ပြထားကြောင်း၊ ပရိသတ်တွေ စောင့်မျှော်နေသော 3Girls ရုပ်ရှင်ဇာတ်ကားကို ဒီဇင်ဘာလထဲတွင် ရုံတင်ပြသနိုင်ရန် ကြိုးစားနေကြောင်း၊ 3Girls ၏ Official Trailer ကိုလည်း 3Girls ဖေ့စ်ဘုတ်စာမျက်နှာတွင် နိုဝင်ဘာ ၂၃ရက်က တင်ခဲ့ရာ အဆိုပါနေ့မှစ၍ ယနေ့အထိ နမူနာကို ကြည့်ရှုသူပေါင်း ၁ ဒသမ ၁ သန်း ရှိကြောင်း သိရှိရ သည်။

**ကိုလင်း**

## နိုင်ငံအတွက် ခိုင်မာသော ဥပဒေကို တင်းတင်းကျပ်ကျပ်နှင့် အဖျားမရှူးအောင် ချမှတ်ပေးစေချင်ကြောင်း သားစိုးပြော

အနုပညာလောကထဲကို ၂၀၀၀ ပြည့်နှစ်က စတင်ကာ "သီအိုရီ" စီးရီးနှင့် ဝင်ရောက်လာခဲ့သူ အဆိုတော် သားစိုးသည် ခိုးကူးအန္တရာယ်ကို ရင်ဆိုင်နေကြရသည့် ဂီတလောကသားများနှင့်အတူ ရင်ဆိုင်ဖြေရှင်းမှုများ လုပ်ဆောင်ခဲ့ပြီး ယနေ့တိုင် ဖြေရှင်း၍ မရနိုင်သော အဆိုပါ ကိစ္စများကို ဆက်လက်ရင်ဆိုင်ရင်း၊ ဝါသနာကို မစွန့်လွှတ်နိုင်သောကြောင့် ဂီတတစ်ဖက်၊ စီးပွားရေးတစ်ဖက် မျှတစွာ လုပ်ဆောင်နေကြောင်း သိရသည်။ သူသည် မလေးရှားနိုင်ငံ ဂျိုဟိုးကျွန်းရှိ ဧရာ ၅၀၀၀ ကျော် အကျယ်အဝန်းရှိသော ကျွန်းတုပေါ်တွင် တည်ဆောက်မည့် "Forest City Country Garden Pacificview မြို့ပြနှင့် အိမ်ရာစီမံကိန်းလုပ်ငန်းတွင် မြန်မာပြည်၏ Sale & Marketing တာဝန်ကိုလည်း ယူထားကြောင်း သိရသည်။

**မေး ။ ဂီတဘက်ကို လှည့်ဖြစ်ဖို့ အချိန်ရောရှိသေးလား၊ အခုလက်ရှိ စီးပွားရေးလုပ်ငန်း လေးအကြောင်း ရှင်းပြပါဦး။**

ဖြေ ။ ဂီတဘက်ဆိုတာထက် အနုပညာဘက်ကို လှည့်ဖို့ဆို ပိုမှန်နိုင်ပါတယ်၊ ကျွန်တော် ပထမတုန်းကလည်း ခိုးကူးခွေနှိပ်စက်လို့ အလူးအလဲခံခဲ့ရပြီးပါပြီ၊ အားလုံးဝိုင်းဝန်းတိုက်ထုတ်ပေမယ့် ရှိမြဲအတိုင်းရှိနေဆဲပါပဲ၊ အခုတော့ သိလိုက်ပြီ၊ ဘာဖြစ်ဖြစ် ခိုးကူးကြောင့် အခုတော့ ကျွန်တော်အပြင် စီးပွားရေးလုပ်ဖြစ်တယ်၊ ငွေလည်းစုဖြစ်တယ်၊ ကျွန်တော့်သား နောင်ရေးအတွက် အများကြီး စဉ်းစားတတ်လာပါပြီ၊ အဲ့ဒီတွက် ခိုးကူးကို ကျေးဇူးပါပဲ၊ ကျွန်တော်က တခြား အဆိုတော်တွေလို ပွဲတွေဘာတွေ လိုက်ဆိုရတာမျိုးမရှိပါဘူး၊ ပြောရရင် ငှားတဲ့သူသိပ်မရှိ သလောက်ပါပဲ၊ ကျွန်တော်ရေရှည် ရပ်တည်ဖို့ အဆင်မပြေတာကြောင့် ကျွန်တော် အပြင်စီးပွားရေးကိုလုပ်ဖြစ်တာပါ၊ ပထမဆုံး ရွှေပိုးနန်းတော် ပိုးထည်ဆိုင်စဖွင့်တယ်၊ အဲ့ဒီကနေ ကျွန်တော်မင်္ဂလာတောင်ညွန့်နားမှာ ခြံလေးတစ်ခြံ ဝယ်ဖြစ်တယ်ပေါ့နော်၊ အနုပညာကိုချစ်တယ်ဆိုပေမယ့် ငွေကြေးအရ အဆင်မပြေပါဘူး၊ အဲ့ဒါနဲ့ ကျွန်တော့် ခြံလေးကို ပြန်ရောင်းတယ်၊ တော်တော်လေး အကျိုးအမြတ်ရလာတယ်၊ အဲ့ဒီကနေ တခြားအလုပ်လေးတွေကို ရှယ်ယာလိုက်လုပ်ရင်းနဲ့ အခုဆို တရုတ်နိုင်ငံ ကန်ထရိုက်တာ ဂါးဒန်း ဆောက်လုပ်ရေးကနေ အဓိကထား တည်ဆောက်မယ့် ကမ္ဘာ့အကြီးမားဆုံး ပရိုဂျက်တစ်ခုမှာ ဈေးကွက်ပိုင်းဆိုင်ရာ တာဝန်ယူထားပါတယ်၊ မြန်မာပြည်ဘက်ကပေါ့နော်၊ ကျွန်တော် ကိုယ်တိုင်ပါဝင်တဲ့ မြန်မာပြည်ဘက်က အေရှားဂလိုဘယ် ကုမ္ပဏီမှာတာဝန်ထမ်းဆောင်နေတာပါ၊ ကျွန်းတုပေါ်မှာ တည်ဆောက်မယ့် အိမ်ရာစီမံကိန်းကို စိတ်ဝင်စားကြတဲ့ မြန်မာပြည်ကလူတွေကိုလည်း၊ ကျွန်တော်ကိုယ်တိုင် တိုက်ရိုက်ရှင်းပြပြီး ဝယ်ယူနိုင်အောင်စီစဉ်ပေးနေပါတယ်၊ ဝယ်ယူမယ်ဆိုလည်း မြန်မာပြည်က အိမ်ခြံမြေ၊ တိုက်ခန်းဈေးတွေထက်ကို သက်သာပါတယ်၊ အကျယ်အဝန်းက အစအားလုံးကို ရှင်းပြမှာပါ၊ (၆)၊(၇)လ္လာကို ငွေကျပ်သိန်း ၁၈၀၀ ကျော်လောက်ပဲကြမှာပါ။



**မေး ။ စီးပွားရေးဘက်ကို ပိုလုပ်ဖြစ်တာဆိုတော့ ကိုယ့်တိုင်းပြည်ရဲ့ လက်ရှိစီးပွားရေး အခြေအနေပေါ် သုံးသပ်ပေးလို့ရမလား။**

ဖြေ ။ ကျွန်တော့်အမြင်ပြောရရင် ကျွန်တော်တို့ တိုင်းပြည်အနေနဲ့ စီးပွားရေးလုပ်ကွက်တွေ လုပ်မယ်ဆို အများကြီးပါ၊ မြန်မာနိုင်ငံသားတစ်ယောက်အနေနဲ့ အမေရိကမှာ သူဌေးဖြစ်ဖို့ထက် ကိုယ့်နိုင်ငံမှာ အရင်းအနှီးကောင်းကောင်းရှိရင် သူဌေးဖြစ်နိုင်ဖို့က ပိုသေချာတယ်။ ပြည်ပမှာ သူဌေးဖြစ်သွားတဲ့ မြန်မာနိုင်ငံသားဆိုတာ ရှားပါတယ်၊ ခိုင်မာတဲ့ ဥပဒေကို သေချာ မပြောင်းလဲဘဲရှိမယ်ဆို ပြည်ပ လုပ်ငန်းရှင်တွေ ပိုပြီး ဝင်လာမယ် လို့မြင်တယ်။ ကျွန်တော့်အနေနဲ့ကတော့ ဒီလုပ်ငန်းအပြင် ဒီဇင်ဘာလကုန်လောက်ဆို စားသောက်ကုန်လုပ်ငန်းတစ်ခုလုပ်ဖို့ ပြင်ဆင်ထားပါတယ်။

**မေး ။ ၁၂၃ ထုတ်လုပ်ရေးကနေ ရိုက်မယ်ဆိုတဲ့ ဇာတ်ကားတွေရဲ့ အခြေအနေလေး သိပါရစေ။**

ဖြေ ။ ကျွန်တော်လုပ်နေတဲ့ အနုပညာလုပ်ငန်း တစ်ခုရှိပါတယ်။ ၂၀၁၈ ဖေဖော်ဝါရီလ မတိုင်ခင် "ရောသမဂိုဏ်းချုပ်" ဆိုတဲ့ အခွေထွက်မယ်။ Live Show ခွေအဖြစ်ထွက်မှာပါ၊ ၂၀၁၄ တုန်းက ရွှေထွဋ်တင်ကွင်းမှာ လုပ်ခဲ့တဲ့ပွဲကို အခွေအဖြစ်ထွက်မှာပါ၊ နောက် ၂၀၁၈ ဖေဖော်ဝါရီ ၁၂ ရက်နေ့မှာ ဂျပန်နိုင်ငံ တိုကျိုမြို့မှာ လုပ်မယ့် ကျွန်တော်နဲ့ ဂျပန်လူမျိုးဂီတသမားတွေ ပေါင်းပြီးဖန်တီးတဲ့ "ရက်စ်သယူး" ဆိုတဲ့အခွေထွက်မယ်။ ၁၂၃ မီဒီယာကနေ ဝတ်မှုံရွှေရည်နဲ့ Golden City ကြော်ငြာရိုက်ကူးမှာပါ၊ "ဂျော်နီငပိနှင့်တော်ကီချက်ကြီး" ကိုတော့ ရုပ်ရှင်မရိုက်ဖြစ်တော့ပါဘူး၊ နောက်ပြီးတော့ "ဘိုးတော်ကိုး" ဆိုတဲ့ ဇာတ်ကားလည်း မရိုက်ဖြစ်တော့ပါဘူး၊ ဘာလို့လဲဆို ဈေးကွက်မှာ ရုပ်ရှင်ကားတွေက တော်တော်များနေတာမို့ပါ။ **ကိုလင်း**

## ကိုယ်ပိုင်သံစဉ် သီချင်းများနှင့် ၂၀၁၈ ဇန်နဝါရီလတွင် တွေ့ရမည့် ဇွဲပြည့်

"အပြည်ပြည်ဆိုင်ရာ အသည်းကွဲသောနေ့" စီးရီးနှင့် "ခိုလှုံရာ" စီးရီးခွေ ထွက်ထားပြီး Group Song ခွေများစွာတွင် တွေ့နေရသူ လူငယ်အဆိုရှင် ဇွဲပြည့်တစ်ယောက် နိုဝင်ဘာ ၃၀ ရက်က ကျရောက်သော ၂၉ နှစ်ပြည့် မွေးနေ့တွင် သူချစ်သော ပရိသတ်များ၏ တောင်းဆိုမှုကြောင့် သူ၏ ဖေ့စ်ဘုတ်တွင် တင်ခဲ့ကြောင်းသိရသည်။ အဆိုပါ သီချင်းတွင် သရုပ်ဆောင် ရွှေအိမ်စည်နှင့်အတူ ဇွဲပြည့်လည်း ပါဝင်သရုပ်ဆောင်ထားပြီး MTV အဖြစ် ဒါရိုက်တာ (Jp) က ရိုက်ကူးပေးထားကြောင်း သိရသည်။ "သီချင်းလေးကို လုပ်နေတာကြာပါပြီ၊ ဒီသီချင်းလေး အပါအဝင် သီချင်းခြောက်ပုဒ်လောက်ပဲ လုပ်မယ်ဆိုပြီး အစက စဉ်းစားထားတာပါ၊ မီနီအယ်လ်ဘမ် သဘောမျိုးပေ့ါ၊ နောက်မှ စိတ်ကူးပြောင်းသွားပြီး ဆိုလိုအယ်လ်ဘမ်ပဲလုပ်မယ်လို့ ဖြစ်သွားတာပါ၊ ဒီသီချင်းလေးကတော့ အမြည်းသဘောလေးနဲ့ တင်ခဲ့တာပါ၊ ကိုယ့်မွေးနေ့နဲ့လည်း တိုက်ဆိုင်နေတာကြောင့်ရော ကျွန်တော်ချစ်တဲ့ပရိသတ်တွေအတွက်ပါ မွေးနေ့အမှတ်တရလေးအဖြစ် နှုတ်ဆက်တဲ့သီချင်းလေးတင်ဖြစ်ခဲ့တာပါ"ဟု ပြောသည်။



ထပ်မံထွက်ရှိမည့် တတိယခွေအတွက် တေးသီချင်းတွေ အဆင်သင့်ရှိနေပြီး တစ်ကိုယ်တော် ခုနစ်ပုဒ် ပါဝင်ပြီး စုံတွဲလည်းပါဝင်တာမို့ တေးသီချင်းစုစုပေါင်း ၁၄ ပုဒ်အထိ ရွေးချယ်ထားကြောင်း သိရသည်။ အဆိုပါ စီးရီးကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလ သို့မဟုတ် ဖေဖော်ဝါရီလတို့တွင် ထွက်ရှိနိုင်ရန် ပြင်ဆင်ထားကြောင်း၊ ကိုယ်ပိုင်သံစဉ်သီချင်းသစ်များပါဝင်လာမည် ဖြစ်ပြီး တေးရေးများအနေဖြင့် အောင်ကိုမြင့်၊ ရှုမောင်၊ လမင်း၊ အောင်ထက်နှင့် ဝေကြီးစသည့်တို့၏ တေးသီချင်းများ ပါဝင်ကြောင်း သီချင်းအမျိုးအစားအစုံအလင်ထည့်ထားကြောင်း သိရသည်။ "ကျွန်တော် သီချင်းတွေ သိပ်မရေးတတ်သေးပါဘူး၊ အခု တတိယခွေလေးမှာပါမယ့် ကျွန်တော် ကိုယ်တိုင်ရေးထားတဲ့ သီချင်းတစ်ပုဒ်ရှိတယ်၊ ပရိသတ်ခံစားပေးစေချင်ပါတယ်၊ လိုအပ်မှုတွေရှိသွားရင် သည်းခံပေးပါ၊ ကျွန်တော် သီချင်းသစ်တွေ လုပ်တာလည်း ရှိပါတယ်၊ "စာချွန်တော်တို့ ခိုလှုံရာ၊ နှောင်ကြိုး၊ ရင်ခုန်ပေးပါလား" စတဲ့သီချင်းတွေ အများကြီးပါပဲ၊ သီချင်းသစ်တွေ ရှိပါတယ်၊ ပရိသတ်သိပ်မသိ သေးတာတွေလည်း ပါပါတယ်၊ အများဆုံးက ကျွန်တော့်ကို သီချင်းဟောင်းတွေနဲ့ ပိုသိလို့၊ ကိုယ်ပိုင်သီချင်းသစ် လေးတွေချည်း သီးသန့်ဖန်တီးဖြစ်တာပါ၊ ကျွန်တော်က ဂီတအတွေ့အကြုံပိုင်း အင်မတန်နည်းပါသေးတယ်၊ အပြင်ကနေ အစိမ်းသက်သက်ကြီး ဒီလောကထဲကို ဝင်လာတော့ လိုအပ်ချက်တွေရှိပါသေးတယ်၊ ဂီတသက်တမ်းဆိုလည်း သုံးနှစ်လောက်ပဲရှိတာဆိုတော့၊ ပရိသတ်က ဘယ်ဟာကို ပိုပြီးနှစ်သက်လဲဆိုတာမျိုး တိုင်ပင်ဖော်တိုင်ပင်ဖက် ကျွန်တော့်မှာ မရှိသလောက်နည်းပါတယ်၊ဆိုလိုချင်တာကတော့ ကျွန်တော်ဂီတနဲ့ ပတ်သက်ပြီး အရည်အချင်းရှိဖို့ လိုအပ်နေပါသေးတယ်"ဟု ပြောသည်။

၎င်းအနေဖြင့် ဂီတကိုဖန်တီးသည့်အခါ ပေါ်ပင်ပြုလုပ်ရခြင်းကို နှစ်သက်ချင်းမရှိကြောင်း၊ သူ၏ အနုပညာကို ရေရှည်အတွက်သာ စဉ်းစားထားသောကြောင့် အချိန်တိုင်း၊ နေရာတိုင်း ပရိသတ်အတွက် မရိုးနိုင်သော တေးသီချင်းများကို ရွေးချယ်ဖန်တီးသွားမည်ဟု သိရသည်။

**ကိုလင်း**

## နိုင်ငံတကာအနုပညာသတင်းပဒေသာ

### အင်စတာဂရမ်ပေါ်တွင် လူကြိုက်အများဆုံး ဓာတ်ပုံများ၌ ဆယ်လီနာဂိုမက်ဇ်နဲ့ ရော်နယ်ဒိုတို့ ဓာတ်ပုံများ ထိပ်ဆုံးကပါဝင်

ရော်နယ်ဒို၊ ဆယ်လီနာဂိုမက်ဇ်နဲ့ ဘီယွန်းစေးလ်တို့ရဲ့အင်စတာဂရမ်ပေါ်က ဓာတ်ပုံတွေဟာ ၂၀၁၇ ခုနှစ်မှာ လူကြည့်အများဆုံး ဓာတ်ပုံတွေ ဖြစ်ခဲ့ပါတယ်။ ဆိုရှယ်မီဒီယာ ပလက်ဖောင်းကနေ ၂၀၁၇ ခုနှစ်အတွက် လူကြိုက်အများဆုံး ဓာတ်ပုံဆယ်ပုံကို ဖော်ပြခဲ့ပြီး အဲဒီထဲမှာ ဒီသုံးယောက်ရဲ့ ဓာတ်ပုံဟာ တစ်ကြိမ်ထက်မနည်း ဖော်ပြခဲ့တာကို တွေ့ရပါတယ်။ အင်စတာဂရမ်ဘုရင်မလို့တင်စားနိုင်တဲ့ ဆယ်လီနာဂိုးမက်ဇ်ဟာ Follower ပေါင်း သန်း ၁၃၀ ရှိပါတယ်။ သူဟာ Like အများဆုံးရရှိတဲ့ စာရင်းထဲမှာ ငါးကြိမ်ဝင်ဖူးပါတယ်။ ဆယ်လီနာရဲ့လူကြိုက်အများဆုံးပုံတွေထဲမှာ သူ့ဘဝအတွက် အရေးအကြီးဆုံးအချိန်လို့ပြောရမယ့် ခွဲစိတ်ခန်းဝင်စဉ်က ဆေးရုံပေါ်မှာ ကျောက်ကပ်အလှူရှင်သူငယ်ချင်းနဲ့ ရိုက်ထားတဲ့ဓာတ်ပုံ၊ ရည်စားဟောင်းဖြစ်သူ သည်ဝိခ်အန်းနဲ့ ရိုက်ထားတဲ့ပုံတွေ ပါဝင်ပါတယ်။

ဘော်လုံးအကျော်အမော် တစ်ဦးဖြစ်တဲ့ ခရစ္စတီယာနို ရော်နယ်ဒိုဟာလည်း သူရဲ့အမြွှာကလေးငယ်နှစ်ဦးမွေးဖွားစဉ်က ကလေးငယ်နှစ်ဦးနဲ့အတူ ရိုက်ကူးထားတဲ့ဓာတ်ပုံနဲ့ မိသားစုလိုက်ရိုက်ထားတဲ့ ဓာတ်ပုံတွေကို လူကြိုက်များခဲ့ပြီး အင်စတာဂရမ်ပေါ်မှာ Like အများဆုံးရတဲ့ စာရင်းဝင်ခဲ့ပါတယ်။

ဆယ်လီနာနဲ့ ရော်နယ်ဒိုတို့လိုပဲ နောက်ထပ်လူကြိုက်အများဆုံး ဓာတ်ပုံတွေထဲမှာပါဝင်ခဲ့သူ ဘီယွန်စေးလ်ကတော့ အမြွှာကလေးငယ်နှစ်ဦးနဲ့အတူ ရိုက်ကူးထားတဲ့ ခရမ်းရောင်ဝတ်စုံနဲ့ပုံကိုလူကြိုက်များခဲ့ပြီး ကလေးမွေးထားပေမယ့် အလှမပျက်ဘူး။ ကိုယ်ခန္ဓာအလှကို ထိန်းသိမ်းထားနိုင်တယ်လို့ နာမည်ကြီးခဲ့ပါတယ်။

**ဟယ်လို**




### ခင်ပွန်းဟောင်းအပေါ် မပြတ်နိုင်ဖြစ်နေတဲ့ အင်ဂျလီနာဂျိုလီ

အင်ဂျလီနာဂျိုလီဟာ ခင်ပွန်းဟောင်းဖြစ်သူဘရက်ပစ်နဲ့ ပြန်အဆင်ပြေချင်ပေမယ့်လည်း ဘရက်ပစ်ကတော့ ခပ်တန်းတန်းပဲ ဆက်ဆံနေတယ်လို့ ဟောလိဝုဒ်လိုက်ဖ်ဒေ့ါကွန်းမှာဖော်ပြထားပါတယ်။ ဘရက်ပစ်နဲ့ အင်ဂျလီနာဂျိုလီတို့စုံတွဲဟာဆိုရင် ၁၂နှစ်ကြာ လက်တွဲခဲ့တဲ့စုံတွဲဖြစ်ခဲ့ပြီး သားသမီးအရင်းတွေရော မွေးစားသားသမီးတွေနဲ့ပါ ကြီးမားတဲ့ မိသားစုတစ်ခု ထူထောင်ခဲ့ပါတယ်။ ဒါပေမယ့်လည်း ၂၀၁၆ စက်တင်ဘာလမှာ ဂျိုလီဟာကွာရှင်းခွင့်တောင်းခဲ့ပါတယ်။ သူတို့နှစ်ဦးကြား ညှိနှိုင်းလို့မရတဲ့ အရာတွေကြောင့် ကွာရှင်းခွင့်တောင်းခဲ့တာလို့ ပြောပါတယ်။ နှစ်တွေအများကြီးလက်တွဲခဲ့ကြလို့ ဂျိုလီဟာ ဘရက်ပစ်အပေါ် သံယောဇဉ်ပြတ်ပုံမရသေးပါဘူး။ သူဟာ ခင်ပွန်းဟောင်းဖြစ်သူ ဘရက်ပစ်နဲ့ ပြန်အဆင်ပြေချင်ပုံပေါက်ပါတယ်။

ဂျိုလီဟာ ဘရက်ပစ်နဲ့လမ်းခွဲခဲ့ရလို့ ဝမ်းနည်းကြေကွဲနေရတယ်လို့ သတင်းအရင်းအမြစ်တစ်ခုက မဂ္ဂဇင်းမှာ ဖြေကြားခဲ့ပါတယ်။ ဘဝမှာ အကြီးအကျယ်ကြီး တစ်ခါတော့မှားမိပြီလို့ ဂျိုလီက သူ့ရဲ့သူငယ်ချင်းဖြစ်သူကို ပြောခဲ့တယ်လို့ဆိုပါတယ်။ တကယ်လို့ ဂျိုလီက ခင်ပွန်းဟောင်းအတွက် နာကျင်နေရတယ်ဆိုရင်ဒါဟာ မထူးဆန်းပါဘူး။ ဘရက်ပစ်ဟာလည်း ဂျိုလီနဲ့ပတ်သတ်လို့ အများကြီးခံစားခဲ့ရလို့ အခုအခါမှာတော့ ဘရက်ပစ်ဟာ ဂျိုလီကို မယုံတော့ဘူးလို့ သတင်းအရင်းအမြစ်က ပြောပါတယ်။ သူတို့နှစ်ဦးရဲ့ ကွာရှင်းမှုဟာ အပြီးသတ်အဆုံးမသတ်ရသေးလို့ ပရိသတ်အချို့ကတော့ ပြန်လည်သင့်မြတ်ဖို့ အခွင့်အလမ်းတွေ မျှော်လင့်နေချင်ပါသေးတယ်။ ဒါပေမယ့်လည်း ဘရက်ပစ်ကတော့ ဂျိုလီအပေါ် ယုံကြည်မှုမရှိတော့ပါဘူး။ ကွာရှင်းမှုကို အပြီးမသတ်ရသေးတဲ့ အကြောင်းဟာလည်း သူတို့နှစ်ဦးစလုံးဟာ အလွန်ကိုအလုပ်များတဲ့ လူတွေဖြစ်နေကြလို့ပါပဲ။ လာမယ့်ခရစ္စမတ်မှာတော့ ဘရက်ပစ်နဲ့ ဂျိုလီတို့ရဲ့သားသမီးတွေ ခြောက်ယောက်စလုံးဟာ မိဘနှစ်ပါးစလုံးနဲ့အတူ ခရစ္စမတ်ကို ဖြတ်ကျော်ရရင်တော့ သူတို့အတွက်ပျော်စရာအကောင်းဆုံး ခရစ္စမတ်ဖြစ်မှာ အမှန်ပါပဲ။

**ဟောလိဝုဒ်ဒေ့ါကွန်း**




ခြား

## ဒလမြို့နယ် သောင်းလုံးမကိုဋ်စေတီတော် ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပမည်



**ဒလ ဒီဇင်ဘာ ၁**

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် ကမာကဆစ်ရပ်ကွက် အလယ်ကျောင်းပရိယတ္တိစာသင်တိုက်အတွင်းရှိ နှစ်ပေါင်း ၁၀၀ ကျော်ကတည်းက တည်ထားခဲ့သော ဆန္ဒတော်ပြည့် သောင်းလုံးမကိုဋ်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်ကို ဒီဇင်ဘာ ၃ ရက် နတ်တော်လပြည့်နေ့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဗုဒ္ဓပူဇနီယပွဲတော်ကို (နတ်တော်လဆန်း ၁၄ ရက်) ဒီဇင်ဘာ ၂ ရက် ညတွင် စေတီတော်မြတ်ကြီး၌ ဆီမီး ၉၉၉၉ ထွန်းညှိပူဇော်၍ ပဋ္ဌာန်းဒေသနာတော်ရွတ်ဖတ်ပူဇော်မည်ဖြစ်ပြီး ဒီဇင်ဘာ ၃ ရက် (နတ်တော်လပြည့်နေ့ နံနက်ပိုင်းတွင် ပင့်သံဃာတော်အပါး ၂၅၀ တို့အား စာရေးတံမဲနှင့် သပိတ်လုံးများလှူဒါန်းခြင်းနှင့် အလှူရှင်များအား ကျိုကျိုတက်ချမ်းသာစေရန် ရည်ရွယ်၍ ကြေးဆင်းတု ဗုဒ္ဓရုပ်ပွားတော် ၄၅ ဆူအား မဲဖောက်ပေးမည်ဖြစ်သည်။

ဆက်လက်၍ ညနေပိုင်းတွင် ပွဲတော်လာသည့်ပရိသတ်များအား ပျော်ပွဲရွှင်ပွဲအနေဖြင့် နိဗ္ဗာန်စျေးပွဲတော် ကျွေးမွေးလှူဒါန်းမည်ဖြစ်ကြောင်းနှင့် နှစ်စဉ်ကျင်းပမြဲ ဆန္ဒတော်ပြည့် သောင်းလုံးမကိုဋ်စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနီယပွဲတော်မှာ ယခုနှစ်ဆိုလျှင် ၁၀၄ ကြိမ်မြောက် ရှိခဲ့ပြီဖြစ်ကြောင်း သိရသည်။ **သန်းဌေး(ဒလ)**

## မကျွိုင်လေးရပ် တွေ့ဆုံဆွေးနွေးပွဲအတွက် သတင်းမီဒီယာများ အကြိုညှိနှိုင်းဆွေးနွေး

**မကွေး ဒီဇင်ဘာ ၁**

မကွေးတိုင်းဒေသကြီး မကွေးမြို့၌ ကျင်းပမည့် မကျွိုင်လေးရပ် တွေ့ဆုံဆွေးနွေးပွဲအတွက် သတင်းမီဒီယာများ အကြိုညှိနှိုင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၂၉ ရက်က နန်းထိုက်သူဟိုတယ်၌ ကျင်းပသည်။

အကြိုဆွေးနွေးပွဲတွင် မြန်မာနိုင်ငံသတင်း မီဒီယာကောင်စီ (ဥက္ကဋ္ဌကိုယ်စား) ဒုတိယဥက္ကဋ္ဌ -၂ ဒေါက်တာမျိုးသန့်တင်က စတုတ္ထမကျွိုင်ဖြစ်သည့် သတင်းမီဒီယာများအနေဖြင့် ကျန်မကျွိုင် သုံးရပ်၏ အခက်အခဲများနှင့် သတင်းရယူရန် ခွင့်ပြုပေး




နိုင်မည့် အခြေအနေကို သဘောပေါက်နားလည်ရန်နှင့် သတင်းမီဒီယာ၏ လက်ရှိအခြေအနေများကို ညှိနှိုင်းဆွေးနွေးလိုသော ရည်ရွယ်ချက်ဖြင့် ဆွေးနွေးပွဲကျင်းပခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ တွဲဖက်အတွင်းရေးမှူး -၁ ဒေါ်သင်းသင်းသာက ၂၀၁၆ခုနှစ် ဒီဇင်ဘာလတွင် ပြည်ထောင်စုအဆင့် မကျွိုင်လေးရပ် တွေ့ဆုံဆွေးနွေးပွဲကို ကျင်းပခဲ့ရာ အဖြေတချို့ရရှိခဲ့ကြောင်း၊ ဆက်လက်၍ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ယခု မကွေးတိုင်းဒေသကြီးတို့တွင် ဆွေးနွေးပွဲများကို ဆက်လက်ကျင်းပခြင်းဖြစ်ကြောင်း၊ နောက်ထပ်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် မကျွိုင်လေးရပ် တွေ့ဆုံဆွေးနွေးပွဲများ ဆက်လက် ပြုလုပ်သွားရန်ရှိကြောင်း ပြောကြားသည်။

ထို့နောက် အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေး စသည့် မကျွိုင်များနှင့် ပတ်သက်၍ တက်ရောက်လာသော သတင်းမီဒီယာသမားများက ကြိုတင်ညှိနှိုင်းဆွေးနွေးကြပြီး မကျွိုင်လေးရပ် တွေ့ဆုံဆွေးနွေးပွဲတွင် ကိုယ်စားပြုဆွေးနွေးမည့် သတင်းသမားများကိုလည်း ရွေးချယ်ကြကာ သတင်းစာဆရာကြီး ဟံသာဝတီဦးအုန်းကြိုင်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီက စီစဉ်ကျင်းပသော မကျွိုင်လေးရပ် တွေ့ဆုံဆွေးနွေးပွဲအတွက် သတင်းမီဒီယာများ အကြိုညှိနှိုင်းဆွေးနွေးပွဲသို့ မကွေးတိုင်းဒေသ ကြီးအတွင်းရှိ မကွေး၊ မင်းဘူး၊ အောင်လံ၊ စကု၊ ချောက်၊ ရေနံချောင်း၊ ရေစကြို၊ နတ် မောက်၊ ငဖဲနှင့် သရက်မြို့နယ်များမှ သတင်းမီဒီယာသမားများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။ **သန်းနိုင်ဦး(ငဖဲ)**

## ကျေးရွာသစ်လှုပ်ရှားမှု စိတ်ဓာတ်များဖြင့် စံပြကျေးရွာများဖြစ်အောင် ဆောင်ရွက်ရန် ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မြန်မာဆယ်မားအူးလ်အွန်ဒုန်စီမံကိန်း၏ ၂၀၁၇ ခုနှစ် ကျေးရွာသစ်ခေါင်းဆောင်များ အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းရှိ စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်း(AERDTC)၌ နိုဝင်ဘာ တတိယပတ်အတွင်းက ကျင်းပခဲ့သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် KOICA မှ ဌာနေကိုယ်စားလှယ် Dr. Shin Eui Cheol၊ စိုက်ပျိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်း၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးအေးကိုကိုနှင့် ဦးလှမြင့်အောင်၊ စိုက်ပျိုးပညာပေးရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးမြင့်ဦး၊ AERDTC ကျောင်းအုပ်ကြီး Mr. Jeong Gab Jin၊ မြန်မာဆယ်မားအူးလ်အွန်ဒုန် စီမံကိန်း မန်နေဂျာ Dr. Kim Dong In၊ စီမံကိန်းဆောင်ရွက်နေသော တိုင်းဒေသကြီး၊ ပြည်နယ်များမှ ဦးစီးမှူးများ၊ မြို့နယ် ဦးစီးမှူးများ၊ ကျေးရွာသစ်ခေါင်းဆောင် ၁၁၀၊ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိဝန်ထမ်းများ တက်ရောက်ကြပြီး ကျေးရွာခေါင်းဆောင် ၁၀ ဦးက မိမိတို့ ကျေးရွာများ၏ ပထမနှစ်လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ဒုတိယနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော စီမံကိန်းလုပ်ငန်းများ၏ အခြေအနေနှင့် တတိယနှစ်တွင်ဆောင်ရွက်မည့် လုပ်ငန်းများကို တင်ပြကြကာ လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အားသာချက်၊ အားနည်းချက်များကို တင်ပြဆွေးနွေးခဲ့သည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် စီမံကိန်းပညာရှင်များက ကျေးရွာများ ဝင်ငွေတိုးတက်ရရှိရေးအတွက် အစုအဖွဲ့လုပ်ငန်းများ ကျယ်ပြန့်စွာဆောင်ရွက်ရေး ရှင်းလင်းပြောကြားပြီး နှစ်စဉ် ကျေးရွာများ၏ စီမံကိန်းလုပ်ဆောင်မှုများအပေါ် အကဲဖြတ်သည့် အစီအစဉ်ပါရှိကာ A အဆင့်ရရှိပါက အမေရိကန် ဒေါ်လာ ၂၀၀၀၀၊ B အဆင့်ရရှိပါက အမေရိကန်ဒေါ်လာ ၁၀၀၀၀ ထပ်မံ ဆုငွေရရှိမည်ဖြစ်သဖြင့် အဆင့်ကောင်းမွန်ရေးနှင့် လုံ့လဝီရိယရှိခြင်း၊ ကိုယ့်အားကိုယ်ကိုးခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း စသည့် ကျေးရွာသစ်လှုပ်ရှားမှု စိတ်ဓာတ်များဖြင့် စံပြကျေးရွာများ ဖြစ်အောင် ဆောင်ရွက်ကြရန် တိုက်တွန်းခဲ့သည်။

မြန်မာဆယ်မားအူးလ်အွန်ဒုန် စီမံကိန်းသည် ၂၀၁၄ မှ ၂၀၁၉ ခုနှစ်အထိ နိုင်ငံအတွင်း ကျေးရွာပေါင်း ၁၁၀ တွင် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းဖြစ်ပြီး စီမံကိန်း




၏ အစီအစဉ်အရ ကျေးရွာတစ်ရွာကို တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၂၀၀၀၀ ထောက်ပံ့ ပေး၍ ကျေးရွာနေပြည်သူများ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ လူနေမှုပတ်ဝန်းကျင် တိုးတက်ကောင်းမွန်ရေး ဆောင်ရွက်ခြင်းနှင့် ဝင်ငွေတိုးတက်ရရှိရေး လုပ်ငန်းများ လုပ်ကိုင်ခြင်းတို့ဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဇူလိုင်မိုး၊ ဓာတ်ပုံ- မေမိုးသဲ**

## ဆယ်မားအူးလ်အွန်ဒုန် စီမံကိန်းကျေးရွာသစ်၌ စုပေါင်းသန့်ရှင်းရေးလုပ်

**ကန်ကြီးထောင့် ဒီဇင်ဘာ ၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ကိုရီးယားနိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(KOICA)တို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ကျေးရွာသစ်စီမံကိန်း လှုပ်ရှားမှုအနေဖြင့် ကန်ကြီးထောင့်မြို့နယ် ကျွန်းချောင်းကျေးရွာ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို နိုဝင်ဘာ ၂၅ ရက်က ဆောင်ရွက်ခဲ့ကြသည်။ ကျေးရွာနေပြည်သူများအနေဖြင့် အမှိုက်များကို စနစ်တကျစွန့်ပစ်သည့် အလေ့အထကောင်းရှိစေရေးနှင့် ကျေးရွာအတွင်း သန့်ရှင်းသာယာလှပစေရေးအတွက် ကျွန်းချောင်းကျေးရွာ ဆယ်မားအူးလ်အွန်ဒုန်ကော်မတီနှင့် ပြည်သူများပူးပေါင်းပြီး ကျေးရွာအတွင်းရှိ လမ်းဘေးဝဲယာမှ အမှိုက်များကောက်ခြင်းနှင့် ပေါင်းမြက်များ ရှင်းလင်းခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။ **နန်းထိုက် (ပြန်/ဆက်)**

# DENKO ကံစမ်းမဲအစီအစဉ်မှ ကံထူးသူများစာရင်း

## Nissan Sunny



ကံထူးသူများ ပေါက်မဲနံပါတ်

| | | | |
|---|---|---|---|
| ၁။ | 8221243 | ၉။ | 0802543 |
| ၂။ | 7851267 | ၁၀။ | 4667620 |
| ၃။ | 5715404 | ၁၁။ | 0532148 |
| ၄။ | 8087700 | ၁၂။ | 3567352 |
| ၅။ | 6803047 | ၁၃။ | 7333205 |
| ၆။ | 7521580 | ၁၄။ | 3824597 |
| ၇။ | 1560982 | ၁၅။ | 6681901 |
| ၈။ | 0650175 | | |

## Honda Wave 100



ကံထူးသူများ ပေါက်မဲနံပါတ်

| | | | |
|---|---|---|---|
| ၁။ | 4636780 | ၁၆။ | 5633841 |
| ၂။ | 3829885 | ၁၇။ | 5891792 |
| ၃။ | 4901631 | ၁၈။ | 4752518 |
| ၄။ | 1193480 | ၁၉။ | 1787390 |
| ၅။ | 3004327 | ၂၀။ | 6616331 |
| ၆။ | 4533150 | ၂၁။ | 7549527 |
| ၇။ | 8049527 | ၂၂။ | 0244650 |
| ၈။ | 4656705 | ၂၃။ | 8384070 |
| ၉။ | 5234254 | ၂၄။ | 6771279 |
| ၁၀။ | 7216341 | ၂၅။ | 7256767 |
| ၁၁။ | 1586248 | ၂၆။ | 1049520 |
| ၁၂။ | 3588413 | ၂၇။ | 6821409 |
| ၁၃။ | 8182474 | ၂၈။ | 8287529 |
| ၁၄။ | 1169688 | ၂၉။ | 1941806 |
| ၁၅။ | 2133850 | ၃၀။ | 3930645 |

## iPhone 8 Plus (256G)



ကံထူးသူများ ပေါက်မဲနံပါတ်

| | | | |
|---|---|---|---|
| ၁။ | 5689025 | ၂၆။ | 0588161 |
| ၂။ | 3632920 | ၂၇။ | 0900403 |
| ၃။ | 2591729 | ၂၈။ | 4259130 |
| ၄။ | 2099072 | ၂၉။ | 1087055 |
| ၅။ | 5318669 | ၃၀။ | 7886363 |
| ၆။ | 7235778 | ၃၁။ | 1681798 |
| ၇။ | 8044563 | ၃၂။ | 5172327 |
| ၈။ | 1153906 | ၃၃။ | 1354957 |
| ၉။ | 1566840 | ၃၄။ | 7093649 |
| ၁၀။ | 0041615 | ၃၅။ | 7231296 |
| ၁၁။ | 4926278 | ၃၆။ | 3363540 |
| ၁၂။ | 0554313 | ၃၇။ | 2978129 |
| ၁၃။ | 1340150 | ၃၈။ | 6465711 |
| ၁၄။ | 1800200 | ၃၉။ | 6643834 |
| ၁၅။ | 0396468 | ၄၀။ | 6485313 |
| ၁၆။ | 1201072 | ၄၁။ | 2676023 |
| ၁၇။ | 6925715 | ၄၂။ | 5621104 |
| ၁၈။ | 8042055 | ၄၃။ | 4667101 |
| ၁၉။ | 5306509 | ၄၄။ | 3835227 |
| ၂၀။ | 4004678 | ၄၅။ | 1010221 |
| ၂၁။ | 0150683 | ၄၆။ | 4543371 |
| ၂၂။ | 8189153 | ၄၇။ | 4866346 |
| ၂၃။ | 4832917 | ၄၈။ | 5875977 |
| ၂၄။ | 7880917 | ၄၉။ | 3306010 |
| ၂၅။ | 2669350 | ၅၀။ | 8242027 |

အမှတ်(၁)၊ ကနောင်မင်းသားကြီးလမ်း၊ ရွှေလင်ပန်းစက်မှုဇုန်၊
လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။
Phone : 01 3617221, 09 420750481
Email : info@denkogroups.com
Facebook : Denkomyanmar
Website : www.denkomyanmar.com

## ပြည်တွင်းအခွန်များဦးစီးဌာန
# အောင်ဘာလေသိန်းဆုဌာနခွဲ

(၉) ကြိမ်မြောက် ထီပေါက်စဉ် ၂၀၁၇ ခုနှစ် ၊ ဒီဇင်ဘာ လ (၁) ရက်နေ့

*အခမဲ့ထုတ်ဝေသည်*

### အထူးဆုကြီး ကျပ်သိန်း (၁၀၀၀၀) ဆု

ဘ - ၉၂၅၆၆၇

### ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၅၀၀၀)ဆုများ

| | |
|---|---|
| င - ၅၂၃၉၀၁ | ဖ - ၆၂၂၈၆၉ |

### ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၃၀၀၀)ဆုများ

| | |
|---|---|
| ကက - ၃၂၈၅၅၃ | ရ - ၆၉၀၀၈၂ |
| ဘ - ၈၁၈၄၅၅ | |

### ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၁၀၀၀)ဆုများ

| | | |
|---|---|---|
| ပ - ၁၄၈၄၈၅ | ခ - ၃၀၁၁၄၃ | သ - ၇၇၈၆၇၀ |
| ကခ- ၁၈၂၀၆၂ | ဂ - ၄၇၆၇၆၄ | အ - ၉၂၂၅၄၄ |

### ဆုတစ်ဆုစျင်း ကျပ်သိန်း(၅၀၀)ဆုများ

| | |
|---|---|
| ပ | ၁၁၉၃၂၄ |
| ဂ | ၂၀၇၃၉၆ |
| ဈ | ၂၃၁၇၃၃ |
| ကက | ၂၆၉၁၂၃ |
| ကဃ | ၂၈၂၀၅၄ |
| ကဆ | ၅၁၆၉၇၉ |
| ဗ | ၅၉၃၄၈၈ |
| ဓ | ၈၁၄၁၂၃ |
| ကဂ | ၈၁၆၆၈၈ |
| ရ | ၈၇၀၆၈၂ |

### ဆုတစ်ဆုစျင်း ကျပ်သိန်း(၃၀၀)ဆုများ

| | |
|---|---|
| ဆ | ၂၀၆၇၅၅ |
| ယ | ၂၃၉၇၈၀ |
| ဈ | ၂၈၉၁၀၇ |
| ကဈ | ၂၉၅၀၅၇ |
| ကစ | ၃၂၂၃၁၈ |
| အ | ၃၆၅၄၅၂ |
| ဖ | ၄၅၈၇၆၂ |
| ကစ | ၄၉၇၁၂၈ |
| ကင | ၅၀၄၄၈၀ |
| ထ | ၇၁၄၂၇၉ |
| ခ | ၉၈၈၉၇၉ |

### ဆုတစ်ဆုစျင်း ကျပ်သိန်း(၁၀၀)ဆုများ

| | |
|---|---|
| ကဆ | ၁၈၈၈၂၆ |
| လ | ၂၉၅၆၈၅ |
| ကရ | ၃၅၉၁၉၅ |
| ဠ | ၃၉၁၄၂၂ |
| ကဆ | ၆၄၅၂၅၃ |
| သ | ၇၁၉၀၇၇ |
| ကည | ၇၄၉၀၄၂ |
| ဖ | ၇၅၃၂၅၅ |
| မ | ၇၅၇၂၅၄ |
| က | ၉၀၀၆၈၄ |
| ဍ | ၉၈၁၇၂၂ |

### ဆုတစ်ဆုစျင်း ကျပ်သိန်း(၅၀)ဆုများ

| | | | |
|---|---|---|---|
| ခ | ၁၃၅၇၉၂ | ကရ | ၈၀၈၃၂၉ |
| ယ | ၁၅၇၁၉၈ | ခ | ၈၂၈၀၉၇ |
| ကခ | ၃၃၇၉၉၁ | ဌ | ၈၅၃၆၁၁ |
| ပ | ၄၄၆၇၀၀ | ည | ၈၉၆၃၈၉ |
| ဠ | ၄၆၄၇၆၈ | ကခ | ၈၉၈၃၅၀ |
| ကပ | ၄၆၈၀၃၂ | ကဆ | ၉၁၇၆၀၇ |
| စ | ၅၃၉၇၆၆ | တ | ၉၇၁၉၂၅ |
| ကရ | ၆၄၇၄၉၂ | | |

### ဆုတစ်ဆုစျင်း ကျပ်သိန်း(၃၀)ဆုများ

| | | | |
|---|---|---|---|
| ဏ | ၁၁၃၆၉၄ | သ | ၆၆၆၅၇၉ |
| စ | ၁၃၂၃၄၈ | ဆ | ၇၂၉၄၆၉ |
| င | ၂၂၃၈၆၅ | ထ | ၇၇၃၄၃၄ |
| လ | ၂၇၉၄၂၁ | သ | ၇၈၂၆၃၈ |
| တ | ၃၀၀၃၄၆ | ကဓ | ၈၅၄၂၃၄ |
| မ | ၃၂၈၁၀၇ | ဖ | ၈၇၅၄၀၃ |
| အ | ၄၀၅၆၁၉ | တ | ၈၈၇၂၀၀ |
| ကဌ | ၄၆၅၀၁၁ | ဓ | ၉၂၀၆၉၈ |
| ထ | ၅၄၇၂၀၀ | မ | ၉၅၉၈၉၄ |
| ကဂ | ၆၂၉၉၅၅ | ယ | ၉၆၃၁၂၈ |
| ကဃ | ၆၄၉၇၃၃ | ဓ | ၉၉၇၂၃၃ |

## ဆုတစ်ဆုချင်းဆုမဲစနစ် ကျပ်(၁၀)သိန်းဆုများ

| | | | |
|---|---|---|---|
| တ - ၁၈၈၀၃၇ | ကည - ၄၉၉၁၀၆ | ရ - ၅၆၆၆၈၇ | ယ - ၇၆၅၇၇၆ |
| င - ၃၂၀၀၁၉ | ခ - ၅၀၀၀၉၅ | ကစ - ၆၀၀၉၄၃ | ဌ - ၇၈၁၀၈၈ |
| ကရ - ၃၂၃၄၈၉ | ကဃ - ၅၂၈၂၈၁ | သ - ၆၃၂၅၂၅ | ဌ - ၇၈၂၇၀၁ |
| န - ၄၀၄၁၅၂ | က - ၅၂၈၆၀၀ | ခ - ၇၀၆၂၅၇ | ဍ - ၈၉၂၆၃၈ |
| ကရ - ၄၀၇၅၈၉ | ဏ - ၅၂၈၇၃၈ | ကဇ - ၇၂၆၀၆၃ | ဏ - ၉၂၁၅၂၇ |
| ဘ - ၄၂၉၆၈၉ | ပ - ၅၄၂၄၄၆ | ည - ၇၅၄၈၀၇ | ဍ - ၉၈၀၃၉၇ |
| ကဇ - ၄၉၆၈၆၃ | | | |

## ဝေဝေဆာဆာပဒေသာ ဆုမဲစနစ်

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ

| | |
|---|---|
| ကပ - ၁၅၁၀၉ | ရ - ၈၃၁၄၃ |
| ကပ - ၃၀၆၇၄ | ဟ - ၈၇၄၃၇ |
| ယ - ၄၆၆၁၅ | ဂ - ၈၇၈၄၂ |
| ကပ - ၅၆၆၉၆ | န - ၉၂၁၇၀ |
| ကဌ - ၅၉၃၆၅ | န - ၉၅၁၀၇ |

အကွရာနှင့် ရှေ့ဂဏန်း(၅)လုံး အစဉ်လိုက်တူ – ကျပ်(၃)သိန်း

